ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။

e – paper ဖတ်ရှုရန်

ပညာရှိသူနှင့် ပညာမရှိသောသူ

စည်းစိမ်ဥစ္စာတို့သည် ပညာမရှိသောသူကို ဖျက်ဆီးတတ်ကုန်၏။ သံသရာ၏ ထိုမှာဘက်ကမ်း (နိဗ္ဗာန်)ကို ရှာကုန်သော ပညာရှိတို့ကိုကား မဖျက်ဆီးတတ်ကုန်၊ ပညာမရှိသောသူသည် စည်းစိမ်ဥစ္စာကို တပ်မက်သဖြင့် သူတစ်ပါးတို့ကို ဖျက်ဆီးသကဲ့သို့ မိမိကိုယ်ကို ဖျက်ဆီးတတ်၏။

တဏှာဝဂ် (ဓမ္မပဒ-၃၅၅)

၁၃၈၈ ခုနှစ်၊ တော်သလင်းလကွယ် တနင်္ဂနွေနေ့။ Sunday, 11 October 2026 ၁၂၃၂



၂၀၂၆ ခုနှစ် (၆၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့တွင် ရတနာကုန်သည်များက ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုစစ်ဆေးကြစဉ်။

(၆၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၀

၂၀၂၆ ခုနှစ် (၆၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✯

အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်းတွင် နေအိမ်မှသာဆောင်ရွက်ကြရန် သတ်မှတ်ကြေညာချက်အား မူလအတိုင်း ပုံမှန်ရုံးတက်ဆောင်ရွက်နိုင်ပါရန် ထုတ်ပြန်ခြင်း

နေပြည်တော် အောက်တိုဘာ ၁၀

၁။ အရှေ့အလယ်ပိုင်းပဋိပက္ခကြောင့် ဖြစ်ပေါ်လာခဲ့သည့် စက်သုံးဆီရှားပါးမှုကို ကြိုတင်ကာကွယ်ရန်အတွက် စက်သုံးဆီသုံးစွဲမှုကို ချွေတာလျှော့ချရန်ရည်ရွယ်၍ အစိုးရရုံးဌာနများမှ အရာထမ်း၊ အမှုထမ်းများသည် သက်ဆိုင်ရာရုံးဌာနများသို့ သွားရောက်ခြင်းမပြုဘဲ မိမိနေထိုင်ရာ နေအိမ်၊ အဆောင်များတွင်သာ ရုံးလုပ်ငန်းဆောင်ရွက်ခြင်းအား ၂၀၂၆ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့မှ စတင်ပြီး အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်းတွင် (Work from Home) ဆောင်ရွက်သွားကြရန် သတ်မှတ်ကြေညာခဲ့ပါသည်။

၂။ အထက်ပါ အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်းတွင် (Work from Home) ဆောင်ရွက်သွားကြရန် သတ်မှတ်ကြေညာချက်အား ယနေ့မှစ၍ မူလအတိုင်း ပုံမှန်ရုံးတက်ဆောင်ရွက်နိုင်ပါရန် ထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်သမ္မတရုံး

ယနေ့ ဖတ်စရာ

အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

စာမျက်နှာ » ၄

ယနေ့တီထွင်ဆန်းသစ်မှု အာဟာရပြည့်ဝ အနာဂတ်လှ

ဆောင်းပါး စာမျက်နှာ » ၆

နိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်လာကြစေရန် ရည်ရွယ်သည့်ဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးနိုင်ပါရန် ဖိတ်ခေါ်ခြင်း

စာမျက်နှာ » ၇

မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ တမံပေါင်လျှောကျမှုကြောင့် အရေးပေါ်ရေပိုလွှဲမှ ဆည်ရေများ လျှော့ချလျက်ရှိ၊ ဒေသခံပြည်သူများနှင့် ကျေးရွာစိုက်ကေများ ထိခိုက်မှုမရှိ



မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ တမံပေါင်လျှောကျမှုဖြစ်ပွားခဲ့သည့်နေရာအား တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် အောက်တိုဘာ ၁၀

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံသည် ယနေ့နံနက် ၆ နာရီ ၃၀ မိနစ်ခန့်တွင် ရေလှောင်တမံ၏ တမံပေါင်မှာ တမံအလျား ၂၅၀ ပေ၊ အနံ ၁၀ ပေခန့်မှမြေသား ၂၇ ပေခန့်အထိ လျော့ကျခဲ့သည့် အတွက် ယနေ့နံနက်ပိုင်းမှစ၍ အရေးပေါ်ရေပိုလွှဲမှ ဆည်ရေများ လျှော့ချလျက်ရှိပြီး ထိုသို့ဆောင်ရွက်မှုကြောင့် ရေလှောင်တမံပတ်ဝန်းကျင်ရှိ ဒေသခံ

စာမျက်နှာ ၅ ကော်လံ ၄ သို့ ❖



ကြေးမုံ

မြန်မာနိုင်ငံအတွက်ဂုဏ်ယူဖွယ်ရာ မြန်မာ့ယဉ်ကျေးမှုအဆင့်မြှင့်တင်

မြန်မာနိုင်ငံသည် ရေခံမြေခံကောင်းမွန်ပြီး အဖိုးတန်သဘာဝသယံဇာတနှင့် အရင်းအမြစ်များစွာ ကြွယ်ဝသည့်နိုင်ငံဖြစ်သည်။ နှစ်ထောင်ချီ၍ ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားခိုင်ကျည်ခဲ့သော နိုင်ငံလည်းဖြစ်သည်။ ဤပဲရိုး ဤပဲမဲ့ ယဉ်ကျေးမှုအမွေအနှစ်များ ပေါများကြွယ်ဝပြီး အဆင့်အတန်းမြင့်မားသော မြန်မာတို့၏ ဂုဏ်သတင်းများကြောင့် ကမ္ဘာ့အလယ်တွင် ဝင့်ထည်မော်ကြားရပ်တည်နိုင်ခဲ့သည်။ မြန်မာတို့၏ ဤပဲရိုး ဤပဲမဲ့ယဉ်ကျေးမှုအမွေအနှစ်ဂုဏ်ဤပဲများကို ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများက ကမ္ဘာ့အမွေအနှစ်စာရင်းသတ်မှတ်၍ ဂုဏ်ယူဖွယ်ရာ အသိအမှတ်ပြုခြင်းခံရသည့်နိုင်ငံဖြစ်သည်။

ဤပဲမဲ့ယဉ်ကျေးမှုအမွေအနှစ်များအနက် မြန်မာ့သနပ်ခါးနှင့်မြန်မာ့သင်္ကြန် ယဉ်ကျေးမှုတို့ကို အသိအမှတ်ပြုခံရပြီးဖြစ်သည်။ ယခု နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြင့် "မြန်မာ့ပေါ်ဆန်းတစ်ခေတ်ဆန်းရမည်" ဆောင်ပုဒ်နှင့်အညီ တောင်သူလယ်သမားဦးကြီးများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် အမေရိကန်နိုင်ငံအခြေစိုက် International Commodity Institute, The Rice Trader အဖွဲ့အစည်းက ၂၀၂၆ ခုနှစ် အောက်တိုဘာ ၇ ရက်မှ ၁၀ ရက်အထိ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင်ကျင်းပသည့် International World Rice Conference 2026 တွင် နိုင်ငံတကာမှ ဆန်အများဆုံးအစားများကို ပါဝင်ပြသပြီး ဆန်အရည်အသွေးယှဉ်ပြိုင်ပွဲတွင် မြန်မာ့ပေါ်ဆန်းဆန်ကို World's Best Rice Award 2026 ဆု ချီးမြှင့်ခဲ့သည်။

အဆိုပါဆုသည် ဒုတိယအကြိမ်မြောက် ထပ်မံဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။ ထိုသို့ နိုင်ငံတကာအဆင့်မီ ဂုဏ်သိက္ခာရှိသော ဆုတံဆိပ်ကိုရရှိခြင်းသည် "မြန်မာ့ပေါ်ဆန်း တစ်ခေတ်ဆန်းရမည်"ဆောင်ပုဒ်နှင့်အညီ မြန်မာ့ဆန်၏ အရည်အသွေး၊ အနံ့အရသာနှင့်ထူးခြားကောင်းမွန်မှုတို့ကို ကမ္ဘာက အသိအမှတ်ပြုခြင်းဖြစ်သကဲ့သို့ မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာနှင့် အမျိုးသားဂုဏ်ယူမှုတို့ကိုလည်း မြှင့်တင်ပေးနိုင်သော ထူးခြားသည့် နိုင်ငံ့ဂုဏ်ဆောင် အောင်မြင်မှုတစ်ရပ်ဖြစ်သည်။ ဤအောင်မြင်မှုသည် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ တောင်သူလယ်သမားများ၏ ကြိုးပမ်းအားထုတ်မှုနှင့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက် ပါဝင်ဆောင်ရွက်ကြသူများ၏ ခွဲ၊ လုံ့လများကို အသိအမှတ်ပြုသောအားဖြင့် နိုင်ငံတော်သမ္မတက အထူးဝမ်းမြောက်ဂုဏ်ယူကြောင်း ဂုဏ်ပြုသဝဏ်လွှာပေးပို့ခဲ့သည်။

မြန်မာနိုင်ငံတွင် ဂုဏ်ယူဖွယ်ရာဂုဏ်ဒြပ်များ များစွာရှိသည်။ ယင်းတို့ကို မြန်မာ့ဂုဏ်ကို မြှင့်တင်ဆောင်ရွက်ပေးပို့သူများက စဉ်ဆက်မပြတ် ဖော်ထုတ်ပေးလျက်ရှိသည်။ အောက်တိုဘာ ၉ ရက်နေ့တွင် ကျင်းပသည့် တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့တွင် သက်ဆိုင်ရာပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက မြန်မာမှုရိုးရာအစားအစာ "ထမနဲ"နှင့် မြန်မာမှုလက်ရာ ရက်ကန်းပညာ "လွန်းရာကျော်ကြိုးကြီးအချိတ်လုပ်ငန်း" တို့ကို ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဖြစ်စေရန် ယူနက်စကိုသို့ ပေးပို့လုပ်ဆောင်သင့်ကြောင်း ဆွေးနွေးတင်ပြခဲ့ကြသည်။ မြန်မာ့ကြိုးကြီးအချိတ်အထည်သည် မြန်မာ့ရိုးရာ ရက်ကန်းအနုပညာ၏ ထူးခြားသောအစိတ်အပိုင်းတစ်ခုဖြစ်သည်။ ဒီဇိုင်း၊ အရောင်၊ ပိုးချည်မျှင်ရွေးချယ်မှု၊ ရက်လုပ်နည်း၊ ပန်းပုံဖော်နည်းနှင့် အချိန်ကြာမြင့်စွာ လက်ဖြင့် လုပ်ကိုင်ရသည့် ကျွမ်းကျင်မှုပညာရပ်ဖြစ်သည်။

"ထမနဲ"သည် ရိုးရာအစားအစာတစ်မျိုးကို ပြုလုပ်စားသုံးခြင်းသာမက ထူးခြားချက်မှာ လူတစ်ဦးတည်းက ပြုလုပ်ခြင်းမဟုတ်ဘဲ လူအများစုပေါင်း၍ တက်ညီလက်ညီ အချက်ကျပြုလုပ်ခြင်းမှပေါ်ထွက်လာသည့် ထူးခြားသည့်အစားအစာဖြစ်သည်။ မြန်မာနိုင်ငံတွင် ၂၀၂၄ ခုနှစ်က မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကို ယူနက်စကို၏ လူသားမျိုးနွယ်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ကိုယ်စားပြုစာရင်းတွင် ပထမဆုံးစာရင်းဝင်အောင် ပြုလုပ်နိုင်ခဲ့သကဲ့သို့ ယင်းအတွေ့အကြုံကိုအခြေခံပြီး မြန်မာ့ရိုးရာအစားအစာဖြစ်သည့် ထမနဲရိုးရာခေလှေကိုလည်း စနစ်တကျသုတေသနပြုမှတ်တမ်းတင်ကာ ယူနက်စကိုသို့တင်သွင်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်သည်။ ရက်ကန်းပညာသည် အလွန်ရှေးကျသော လက်မှုပညာရပ်တစ်ခုဖြစ်ပြီး ပျုံမြို့ပြနိုင်ငံခေတ်ကတည်းက ပေါ်ထွန်းခဲ့ပြီး ယနေ့ခေတ်တိုင်မရိုးနိုင်သည့် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်ဖြစ်သည်။

သို့ဖြစ်ရာ ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားပြီး ဂုဏ်ယူမြတ်နိုးဖွယ်ရာ အမှတ်လက္ခဏာကြွယ်ဝသည့် မြန်မာနိုင်ငံအနေဖြင့် မြန်မာတို့၏ဂုဏ်ဒြပ်များကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ပြီး နိုင်ငံတကာအလယ်တွင် ဂုဏ်ယူဝင့်ကြွားဖွယ်ဖြစ်အောင် ယခုဖော်ထုတ်မြှင့်တင်ပေးလိုက်သည့် မြန်မာ့ပေါ်ဆန်းဆန် အကောင်းဆုံးဆန်ဆုရရှိခြင်းကဲ့သို့ ကမ္ဘာ့အမွေအနှစ်စာရင်းတွင် မြန်မာ့ရိုးရာ "ထမနဲ"နှင့် မြန်မာ့ရိုးရာ "လွန်းရာကျော်ကြိုးကြီးအချိတ်လုပ်ငန်း" တို့ကို ဂုဏ်ယူဖွယ်ရာ မှတ်တမ်းဝင်နိုင်အောင် မြန်မာနိုင်ငံကိုချစ်မြတ်နိုးသော၊ မြန်မာ့ရိုးရာကို တန်ဖိုးထားသော မြန်မာနိုင်ငံသားတိုင်းက ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဇော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

မြန်မာနိုင်ငံပြန်တမ်း

အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုး အား အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်ရှိမိုး ကို အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အင်အားအနည်းငယ်ရှိသော မြေငြလျှင်တစ်ခုလှုပ်ရှား

နေပြည်တော် အောက်တိုဘာ ၁၀

ယနေ့နံနက် ၆ နာရီ ၄၀ မိနစ် ၄၁ စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ တောင်ဘက် ၃၈ မိုင်ခန့်ကွာဝေးသော မြန်မာ့ပင်လယ်ပြင် (ကွမ်းခြံကုန်းမြို့၏ အရှေ့တောင်ဘက် ၁၆ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၁၆ ဒသမ ၃၀ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၂၁ ဒီဂရီ၊ အနက် ၁၂ ကီလိုမီတာ ကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၅(M) အဆင့်ရှိအင်အားအနည်းငယ် ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ဈေးကွက်ဝင် စပျစ်သီးအစိမ်းများ လူကြိုက်များပြီး ရောင်းအားကောင်း

ကျောက်ဆည် အောက်တိုဘာ ၁၀

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ မြို့မဈေးနှင့် အေးမြကြည်လင်ဈေးတို့တွင် လတ်ဆတ်သော စပျစ်သီးအစိမ်းများ အဆက်မပြတ် ဝင်ရောက်လျက်ရှိရာ စားသုံးသူပြည်သူများအကြား ကြိုက်နှစ်သက်စွာ ဝယ်ယူ စားသုံးလျက်ရှိသည်။

စပျစ်သီးအစိမ်းသည် အချို၊ အချဉ် အရသာမျှတပြီး လတ်ဆတ်သော ကြောင့် ကလေး၊ လူငယ်၊ လူကြီး မရွေး စားသုံးသူပြည်သူများ အထူး ကြိုက်နှစ်သက်စွာ နေ့စဉ်ဝယ်ယူလျက် ရှိကြောင်း၊ စပျစ်သီးအစိမ်းသည် ခန္ဓာကိုယ်အတွက် လိုအပ်သည့် ဗီတာမင်နှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်း များ ကြွယ်ဝစွာ ပါဝင်သောကြောင့် နှလုံးကျန်းမာရေးကို ကာကွယ်ပေးခြင်း၊ စပျစ်သီးတွင် ပါဝင်သည့် Potassium နှင့် Antioxidants များသည် သွေးတိုးကို ထိန်းညှိပေးပြီး မကောင်းသော ကိုလက်စထရောများကို လျော့ချပေးသဖြင့် နှလုံးရောဂါဖြစ်ပွားမှုမှ ကာကွယ်ပေးခြင်း ကျန်းမာရေးအကျိုးကျေးဇူးများရရှိကြောင်း သိရသည်။

DOCA(မန္တလေး)

၁၀ - ၁၀ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ဂျ၁၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ကြေးမုံ

စာတည်းမှူးချုပ်	- ဝင်းနိုင်	အကြီးတန်း သတင်းထောက်များ	- ခင်မိုမိုအောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ နိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
စာတည်းမှူး	- အေဝမ်းစိုး		
စာတည်းများ	- စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦ၊ နိုင်လင်းကြည်	အငယ်တန်း သတင်းထောက်များ	- အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
		သုတေသန	- ဇင်မာဝင့်
		စာပြင်	- ခင်နှင်းယုနှင့်အဖွဲ့
ဘာသာပြန်	- အောင်ကျော်ကျော်၊ စိုးသူရ	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- နီလာစိုးနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန္တလေးရုံး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ဒွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

ဒုတိယဝန်ကြီးများ ပြောင်းလဲတာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

အမိန့်အမှတ် ၇၄ / ၂၀၂၆
၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်
(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

ဒုတိယဝန်ကြီးများ ပြောင်းလဲတာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (က)၊ (ဃ)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ် (၉)တို့အရ အောက်ဖော်ပြပါ ဒုတိယဝန်ကြီးများအား ယှဉ်တွဲပါ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးတွင် ပြောင်းလဲတာဝန်ပေးလိုက်သည်-

(၁) ဦးကျော်ထင် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန	ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန
(၂) ဦးဟန်ဝင်းအောင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန	အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နေပြည်တော်ကောင်စီဝင်အဖြစ် ပြောင်းလဲတာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

အမိန့်အမှတ် - ၇၇ / ၂၀၂၆
၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်
(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

နေပြည်တော်ကောင်စီဝင်အဖြစ် ပြောင်းလဲတာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၈၅၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၂)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၂၂ နှင့် နေပြည်တော်ကောင်စီဥပဒေ ပုဒ်မ(၄)တို့အရ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်သန်း အား နေပြည်တော်ကောင်စီဝင်အဖြစ် ပြောင်းလဲတာဝန်ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင်များအဖြစ် ပြောင်းလဲတာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

အမိန့်အမှတ် ၇၅ / ၂၀၂၆
၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်
(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင်များအဖြစ် ပြောင်းလဲတာဝန်ပေးခြင်း

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေ ပုဒ်မ ၁၉ အရ အောက်ပါပုဂ္ဂိုလ်များကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင်များအဖြစ် ပြောင်းလဲတာဝန်ပေးလိုက်သည်-

(၁) ဦးညီညီ
ဒုတိယဝန်ကြီး
အားကစားရေးရာဝန်ကြီးဌာန

(၂) ဦးထွန်းထွန်းဝင်း
အဖွဲ့ဝင်
ပြည်ထောင်စုရာထူးဝန်အဖွဲ့

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

အမိန့်အမှတ် ၇၈/ ၂၀၂၆
၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်
(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (က)၊(ဃ) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၉) တို့အရ အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါဝန်ကြီးဌာနအသီးသီးတွင် ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးဝင်းမောင်သိန်း	ပညာရေးဝန်ကြီးဌာန
(၂) ဒေါက်တာ တင်ထွန်း	ကျန်းမာရေးဝန်ကြီးဌာန
(၃) ဒေါက်တာနေသွယ်ကြည်	အမျိုးသမီးရေးရာဝန်ကြီးဌာန
(၄) ဦးမျိုးအောင်	အလုပ်သမားဝန်ကြီးဌာန
(၅) ဦးမျိုးကျော်သူ	အားကစားရေးရာဝန်ကြီးဌာန

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်အဖြစ် ပြောင်းလဲတာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

အမိန့်အမှတ် ၇၆ / ၂၀၂၆
၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်
(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်အဖြစ် ပြောင်းလဲတာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၄၆၊ ပုဒ်မခွဲ (ခ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁၂) နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေ ပုဒ်မ ၅ တို့အရ အမျိုးသမီးရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန်းစန်းနွယ် အား ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်အဖြစ် ပြောင်းလဲတာဝန်ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

အမိန့်အမှတ် ၇၉ / ၂၀၂၆
၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်
(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၂ပုဒ်မခွဲ(ငါ)နှင့် (စ)၊ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ(ဂ)၊ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၈၂ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ(က)တို့အရဦးစောရန်အောင် အား စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရှမ်းပြည်နယ်တရားလွှတ်တော်တရားသူကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

အမိန့်အမှတ် ၈၀ / ၂၀၂၆
၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်
(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

ရှမ်းပြည်နယ်တရားလွှတ်တော်တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၀၈၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၂ ပုဒ်မခွဲ (ဃ)၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၄၅နှင့် တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ(ဃ)တို့အရ ဒေါ်အေးအေးလှိုင် အား ရှမ်းပြည်နယ် တရားလွှတ်တော်တရားသူကြီးအဖြစ်ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်



ဖျာပုံမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းအား ခရိုင်အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌဦးသန်းလွင် ဦးဆောင်၍ ခရိုင်/မြို့နယ် မီးသတ်ဦးစီးဌာန၊ရဲတပ်ဖွဲ့၊ စည်ပင်သာယာရေးနှင့် လျှပ်စစ်ဌာနများက အောက်တိုဘာ ၉ ရက်တွင် ပူးပေါင်းဆောင်ရွက်စဉ်။

စူပါဦး

မိတ္ထီလာမြို့ မြို့မဈေးကြီးအနီး ရန်ကုန်-မန္တလေးကားလမ်းတွင် ဖြတ်သန်းသွားလာကြသည့် ဒေသခံပြည်သူများနှင့် မြို့မဈေးကြီးအတွင်းရှိ ဈေးသည်များနှင့် ပြည်သူများအား အယ်လ်နီညိုဖြစ်စဉ်နှင့် ပတ်သက်၍ အသိပညာပေးဟောပြောခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းများကို အောက်တိုဘာ ၉ ရက်တွင် ဆောင်ရွက်စဉ်။

ချမ်းသာ(မိတ္ထီလာ)



အမျိုးသားလွတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

အမျိုးသားလွတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့်ဥပဒေ

(၂၀၂၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄ ။)

၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်

(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **အမျိုးသားလွတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၁ ပုဒ်မခွဲ(၄)၏ နောက်တွင် ပုဒ်မခွဲ(၃)နှင့် (၈) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(၃) သတ်မှတ်ထားသည့်အတိုင်း ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းတင်သွင်းရန် ပျက်ကွက်သဖြင့် အရည်အချင်းပျက်ယွင်းသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ခံရခြင်း၊

(၈) ပုဒ်မ ၄ ပုဒ်မခွဲ(၈)အရ သတ်မှတ်ထားသည့် မဲဆန္နနယ်မှ ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် သက်ဆိုင်ရာပါတီဝင်အဖြစ်မှ ပါတီစည်းမျဉ်း ဖွဲ့စည်းပုံအရ နုတ်ထွက်ခြင်း သို့မဟုတ် ပါတီဝင်အဖြစ်မှ ထုတ်ပယ်ခံရခြင်း။"

၃။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၁ ၏ နောက်တွင် ပုဒ်မ ၁၁-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၁၁-က။ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူတစ်ဦးသည်-

(က) ယင်းကိုယ်စားပြုပါတီအား နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ(က)၊ပုဒ်မခွဲငယ် (၄)၊ (၅)၊ (၆)၊ (၇) နှင့် (၁၁) တို့ပါ အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသဖြင့် ပုဒ်မခွဲ(ခ)အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရပါက လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းမှ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) ယင်းကိုယ်စားပြုပါတီ ဖျက်သိမ်းလျှင်ဖြစ်စေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၂ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ် (၁)၊ (၂)၊ (၃)၊ (၈)၊ (၉)၊ (၁၀)တို့ပါ အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသဖြင့် ပုဒ်မခွဲ(ခ)အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရလျှင်ဖြစ်စေ၊ ပုဒ်မ ၂၄ ပုဒ်မခွဲ(င)အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရလျှင် ဖြစ်စေ-

(၁) မဲအများဆုံးရသူအနိုင်ယူစနစ်မဲဆန္နနယ်မှ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပါက အခြားပါတီတစ်ခု၏ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရပ်တည်ခွင့်ပြုရန် သက်ဆိုင်ရာပါတီ၏ ပါတီဝင်ဖြစ်ကြောင်း ခိုင်လုံသော အထောက်အထားဖြင့် ပါတီဖျက်သိမ်းသည့်နေ့မှစ၍ သို့မဟုတ် ပယ်ဖျက်ခံရသည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း ကော်မရှင်သို့ လျှောက်ထားရမည်။ ယင်းသို့လျှောက်ထားခြင်းမရှိပါက လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းမှ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

ခြွင်းချက်။ တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်အဖြစ်သာ ရပ်တည်လိုကြောင်း ဆန္ဒရှိပါက ထိုသို့ရပ်တည်လိုကြောင်း ကော်မရှင်သို့ ရက်ပေါင်း ၆၀ အတွင်း တင်ပြဆောင်ရွက်နိုင်သည်။

(၂) အချိုးကျကိုယ်စားပြုစနစ် မဲဆန္နနယ်မှ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပါက လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းမှ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။"

၄။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၂၈ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၂၈။ (က) ပုဒ်မ ၄ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)တို့ပါ မဲဆန္နနယ်အတွက် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းကလည်းကောင်း၊ ပုဒ်မ ၄ ပုဒ်မခွဲ(ဂ)ပါ မဲဆန္နနယ်အတွက် နိုင်ငံရေးပါတီကလည်းကောင်း လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းလွှာကို သတ်မှတ်ထားသည့်အတိုင်း ရုပ်သိမ်းခွင့်ရှိသည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းထုတ်ပြန်ကြေညာပြီးနောက် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ်မှ သတ်မှတ်ထားသည့်အတိုင်း နုတ်ထွက်ခွင့်ရှိသည်။"

၅။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၀-က ခြေဆင်းပါ "နိုင်ငံရေးပါတီများ" ဆိုသည့် စကားရပ်ကို "နိုင်ငံရေးပါတီများမှ ဗဟိုအလုပ်အမှုဆောင်များ"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၂ ပါ "နံနက် ၆ နာရီ"ဆိုသည့်စကားရပ်ကို "နံနက် ၇ နာရီ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ညနေ ၄ နာရီ"ဆိုသည့်စကားရပ်ကို "ညနေ ၅ နာရီ"ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၇။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၈ ပုဒ်မခွဲ(ခ)ပါ "၂ ရက်ကြိုတင်၍"ဆိုသည့် စကားရပ်ကို "၃ ရက်ကြိုတင်၍" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ညနေ ၄ နာရီ မတိုင်မီ" ဆိုသည့် စကားရပ်ကို "နံနက် ၉ နာရီမတိုင်မီ" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၈။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၈ ပုဒ်မခွဲ(ဃ)ပါ "လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်" ဆိုသည့်စကားရပ်ကို "လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၉။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၈-က ၏ နောက်တွင် ပုဒ်မ ၈၈-ခ အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၈၈-ခ။ ကော်မရှင်သည်-

(က) နိုင်ငံရေးပါတီတစ်ခုသည် မိမိဆန္နအလျောက် ဖျက်သိမ်းလျှင်ဖြစ်စေ၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေအရ မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရလျှင်ဖြစ်စေ ပုဒ်မ ၄၉ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၂)အရ ယင်းပါတီရရှိသော ဆန္ဒမဲရလဒ်များကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မ ၄ ပုဒ်မခွဲ(ဂ)အရ သတ်မှတ်ထားသည့် မဲဆန္နနယ်များအတွက် ပုဒ်မခွဲ(က)ပါ ပယ်ဖျက်လိုက်သည့် ဆန္ဒမဲရလဒ်များကို နှတ်ပယ်၍ ကျန်ရှိသော ခိုင်လုံမဲများကို သတ်မှတ်ထားသည့်အတိုင်း ပြန်လည်တွက်ချက်စေပြီး ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းကို ကြေညာရမည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့်ဥပဒေ

(၂၀၂၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅ ။)

၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်

(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ(၄)၏ နောက်တွင် ပုဒ်မခွဲ(၃)နှင့် (၈)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(၃) သတ်မှတ်ထားသည့်အတိုင်း ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းတင်သွင်းရန် ပျက်ကွက်သဖြင့် အရည်အချင်းပျက်ယွင်းသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ခံရခြင်း၊

(၈) ပုဒ်မ ၄ ပုဒ်မခွဲ(ခ)အရ သတ်မှတ်ထားသည့် မဲဆန္နနယ်မှ ပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် သက်ဆိုင်ရာပါတီဝင်အဖြစ်မှ ပါတီစည်းမျဉ်း ဖွဲ့စည်းပုံအရ နုတ်ထွက်ခြင်း သို့မဟုတ် ပါတီဝင်အဖြစ်မှ ထုတ်ပယ်ခံရခြင်း။"

၃။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၁ ၏ နောက်တွင် ပုဒ်မ ၁၁-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၁၁-က။ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူတစ်ဦးသည်-

(က) ယင်းကိုယ်စားပြုပါတီအား နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ(က)၊ပုဒ်မခွဲငယ် (၄)၊ (၅)၊ (၆)၊ (၇) နှင့် (၁၁)တို့ပါ အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသဖြင့် ပုဒ်မခွဲ(ခ)အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရလျှင်ဖြစ်စေ၊ ပုဒ်မ ၂၄ ပုဒ်မခွဲ(င)အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရလျှင် ဖြစ်စေ-

(၁) မဲအများဆုံးရသူအနိုင်ယူစနစ် မဲဆန္နနယ်မှလွှတ်တော်ကိုယ်စားလှယ်ဖြစ်ပါက အခြားပါတီတစ်ခု၏ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရပ်တည်ခွင့်ပြုရန် သက်ဆိုင်ရာပါတီ၏ ပါတီဝင်ဖြစ်ကြောင်း ခိုင်လုံသော အထောက်အထားဖြင့် ပါတီဖျက်သိမ်းသည့်နေ့မှစ၍ သို့မဟုတ် ပယ်ဖျက်ခံရသည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း ကော်မရှင်သို့ လျှောက်ထားရမည်။ ယင်းသို့လျှောက်ထားခြင်းမရှိပါက လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းမှ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

ခြွင်းချက်။ တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်အဖြစ်သာ ရပ်တည်လိုကြောင်း ဆန္ဒရှိပါက ထိုသို့ရပ်တည်လိုကြောင်း ကော်မရှင်သို့ ရက်ပေါင်း ၆၀ အတွင်း တင်ပြဆောင်ရွက်နိုင်သည်။

စာမျက်နှာ ၅ သို့ ○

❍ စာမျက်နှာ ၄ မှ

(၂) အချိုးကျကိုယ်စားပြုစနစ် မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပါက လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းမှ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။"

၄။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၂၈ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၂၈။ (က) ပုဒ်မ ၄ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ဂ)တို့ပါ မဲဆန္ဒနယ်အတွက် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းကလည်းကောင်း၊ ပုဒ်မ ၄ ပုဒ်မခွဲ(ခ)ပါ မဲဆန္ဒနယ်အတွက် နိုင်ငံရေးပါတီကလည်းကောင်း လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာကို သတ်မှတ်ထားသည့်အတိုင်း ရုပ်သိမ်းခွင့်ရှိသည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းထုတ်ပြန်ကြေညာပြီး နောက် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ်မှ သတ်မှတ်ထားသည့်အတိုင်း နုတ်ထွက်ခွင့်ရှိသည်။"

၅။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၀-က ခြေဆင်းပါ "နိုင်ငံရေးပါတီများ"ဆိုသည့်စကားရပ်ကို "နိုင်ငံရေးပါတီများမှ ဗဟိုအလုပ်အမှုဆောင်များ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၂ ပါ "နံနက် ၆ နာရီ" ဆိုသည့် စကားရပ်ကို "နံနက် ၇ နာရီ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ညနေ ၄ နာရီ" ဆိုသည့် စကားရပ်ကို "ညနေ ၅ နာရီ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၇။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၈ ပုဒ်မခွဲ (ခ) ပါ "၂ ရက်ကြိုတင်၍" ဆိုသည့် စကားရပ်ကို "၃ ရက်ကြိုတင်၍" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ညနေ ၄ နာရီ မတိုင်မီ" ဆိုသည့် စကားရပ်ကို "နံနက် ၉ နာရီမတိုင်မီ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၈။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၈ ပုဒ်မခွဲ (ဃ)ပါ "လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်" ဆိုသည့်စကားရပ်ကို "လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၉။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၈-က ၏ နောက်တွင် ပုဒ်မ ၈၈-ခ အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၈၈-ခ။ ကော်မရှင်သည်-

(က) နိုင်ငံရေးပါတီတစ်ခုသည် မိမိဆန္ဒအလျောက် ဖျက်သိမ်းလျှင်ဖြစ်စေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရလျှင်ဖြစ်စေ ပုဒ်မ ၄၉ ပုဒ်မခွဲ(ခ)ပုဒ်မခွဲငယ်(၂)အရ ယင်းပါတီရရှိသော ဆန္ဒမဲရလဒ်များကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မ ၄ ပုဒ်မခွဲ (ခ) အရ သတ်မှတ်ထားသည့် မဲဆန္ဒနယ်များအတွက် ပုဒ်မခွဲ(က) ပါ ပယ်ဖျက်လိုက်သည့် ဆန္ဒမဲရလဒ်များကို နုတ်ပယ်၍ ကျန်ရှိသော ခိုင်လုံမဲများကို သတ်မှတ်ထားသည့်အတိုင်း ပြန်လည်တွက်ချက်စေပြီး ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းကို ကြေညာရမည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်



ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦး ပုလဲအတွဲများ တင်ဒါဖွင့်ဖောက်စစ်ဆေးမှုနှင့် တင်ဒါအောင်သည့် ပုလဲအရောင်းစာရင်းများ ထုတ်ပြန်နေမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။

☆ ရှေ့ဖုံးမှ

နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပုလဲအတွဲများ၊ ကျောက်မျက်အတွဲများ၊ ကျောက်စိမ်းအတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက် လေ့လာကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ရတနာကုန်သည်များက ပြပွဲတွင် ရောင်းချမည့် ပုလဲအတွဲများကို ကြည့်ရှုစစ်ဆေး၍ ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်း သို့ ထည့်သွင်းကြသည်။

မွန်းလွဲပိုင်းတွင် တင်ဒါအမှတ် (၃) မှ ပုလဲအတွဲ(၁၀၀)၏ အတွဲအမှတ်(၂၄၁)မှ အတွဲအမှတ် (၃၄၀)အထိလည်းကောင်း၊ တင်ဒါအမှတ်(၄)မှ ပုလဲအတွဲ (၁၂၀)၏ အတွဲအမှတ်(၃၄၁)မှ အတွဲအမှတ် (၄၆၀)အထိလည်းကောင်း တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကာ ယနေ့တွင် ပုလဲအတွဲပေါင်း ၁၉၆ တွဲ ရောင်းချခဲ့ရကြောင်း ကြေညာပေးခဲ့သည်။

မြန်မာ့ကျောက်မျက် ရတနာပြပွဲဗဟိုကော်မတီ နာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးသည် ပြပွဲကျင်းပရာ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ပုလဲအတွဲများ တင်ဒါဖွင့်ဖောက်စစ်ဆေးမှုနှင့် တင်ဒါအောင်သည့် ပုလဲအရောင်းစာရင်းများ ထုတ်ပြန်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ပြပွဲစတုတ္ထနေ့တွင် တင်ဒါအမှတ်(၅)မှ ပုလဲအတွဲ(၁၂၀)၏ အတွဲအမှတ်(၄၆၁) မှ အတွဲအမှတ် (၅၈၀)အထိကို လည်းကောင်း၊ တင်ဒါအမှတ်(၆)မှ ပုလဲအတွဲ (၁၂၀)၏ အတွဲအမှတ်(၅၈၁) မှ အတွဲအမှတ်(၇၀၀) အထိလည်းကောင်း၊ ပြပွဲပဋ္ဌမနေ့တွင် ကျောက်မျက်အတွဲပေါင်း ၁၆၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထို့အတူ အုပ်စု (အေ၊ ဘီ၊ စီ) သုံးအုပ်စု ခွဲခြားထားသည့် ကျောက်စိမ်းအတွဲပေါင်း ၃၀၇၃ တွဲအနက် အုပ်စု(အေ)နှင့် အုပ်စု (ဘီ)မှ ကျောက်စိမ်းအတွဲပေါင်း ၁၆၀၅ တွဲကို အောက်တိုဘာ ၁၃ ရက်မှ၁၅ရက်အထိလည်းကောင်း၊ အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲပေါင်း ၁၄၆၈ တွဲကို အောက်တိုဘာ ၁၆ ရက်မှ ၁၇ ရက်အထိလည်းကောင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက် ရောင်းချပေးသွားမည်ဖြစ်သည်။

ထို့ပြင် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ပုဂ္ဂလိက ကျောက်မျက်နှင့် လက်ဝတ်ရတနာ အရောင်းဆိုင်များကို လည်းဖွင့်လှစ်ထားရှိရာ လာရောက်လေ့လာ ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိပြီး အဆိုပါ မြန်မာ့ကျောက်မျက် ရတနာပြပွဲကို အောက်တိုဘာ ၈ ရက်မှ စတင်ကျင်းပခဲ့ရာ အောက်တိုဘာ ၁၇ ရက်အထိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

❖ မြန်အောင်မှ

ပြည်သူများနှင့် ၎င်းတို့၏ စိုက်ဧကများ ထိခိုက်မှုမရှိကြောင်း သိရှိရသည်။

အဆိုပါ မမြရေလှောင်တမံသည် ၂၀၂၆ ခုနှစ် အောက်တိုဘာလ ၇ ရက်မှစတင်၍ အလျား ၅၀ ပေခန့်၊ အနံ ၄ ပေခွဲခန့်၊ မြေသား ၈ လက်မခန့် နိမ့်ကျခဲ့သည့်အတွက် အဆိုပါနေရာအား ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြုပြင် ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်စဉ် အောက်တိုဘာ ၉ ရက် ည ၉ နာရီ ၃၀ မိနစ်ခန့်တွင် တမံပေတိုင် ၉၉၀၀ နှင့် ၁၀၀၀၀ အကြား၊ ဆည်ပေါင်ကားလမ်း၏ အလျား ၂၀၀ ပေခန့်၊ အကျယ် ၂၄ ပေခန့်မှ ရေလှောင်ကန်ဘက်ခြမ်း ၆ ပေခန့်မှာ မူလအတိုင်းတည်ရှိပြီး အပြင်ဘက်ခြမ်း ၁၈ ပေသည် ၃ ပေခွဲခန့် ထပ်မံနိမ့်ကျခဲ့ကြောင်း၊ ယနေ့နံနက် ၆ နာရီ ၃၀ မိနစ်ခန့်တွင် ၎င်းနေရာမှပင် အလျား ၂၅၀ ပေ၊ အနံ ၁၀ ပေခန့်မှထပ်မံ၍ ယခင်နိမ့်ကျခဲ့သည့် ပမာဏအပါအဝင် ၂၇ ပေခန့် ထပ်မံနိမ့်ကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ထို့ကြောင့် သိုလှောင်ထိန်းသိမ်းထားရှိသည့် မမြရေလှောင်တမံရေပြင်၏ နိမ့်မြင့်အမှတ် ၃၁၅ ပေအား နိမ့်မြင့်အမှတ် ၃၀၅ ပေသို့ သိုလှောင်ရေ ၁၀ ပေလျှော့ချနိုင်ရန် တမံ၏အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်နိုင်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများ၊ နယ်မြေခံတပ်မတော်သားများနှင့် ဒေသခံပြည်သူများ ပူးပေါင်းကာ စက်ယန္တရားများအသုံးပြု၍ အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိပြီး ၎င်းရေများသည် ရေဝါချောင်းမှတစ်ဆင့် မမြချောင်း၊ မမြချောင်းမှတစ်ဆင့် ငဝန်မြစ်အတွင်းသို့ စီးဆင်းသွားခြင်းဖြစ်၍ ပတ်ဝန်းကျင်ကျေးရွာ စိုက်ဧကများ ထိခိုက်မှုမရှိကြောင်း သိရှိရသည်။

ထို့ပြင် ရေလှောင်တမံဆင်ခြေလျှော နိမ့်ကျမှုဖြစ်ပွားသည့် နေရာအနီးနှင့် ဆည်ရေဝင်ရောက်နိုင်သည့် မြန်အောင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု (၄)စု၊ ကျေးရွာ ၁၈ ရွာ၊ အင်္ဂပူမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု (၇)စု၊ ကျေးရွာ (၇၁)ရွာ၊ စုစုပေါင်း ကျေးရွာအုပ်စု (၁၁)စုရှိ ကျေးရွာ ၈၉ ရွာမှ ပြည်သူများအား အုပ်ချုပ်ရေးအဖွဲ့များ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ဘေးကင်းစိတ်ချလုံခြုံရာနေရာများသို့ ရွှေ့ပြောင်းနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးအေးကျော်နှင့် တာဝန်ရှိသူများ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကာကွယ်ရေးလုပ်ငန်းစဉ်များဖြစ်သည့် တာတမံ တာအခြေထောက်ခြင်းလုပ်ငန်းများ လျင်မြန်စွာဆောင်ရွက်နိုင်ရေး၊ အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်စီးဆင်းရန် စက်ယန္တရားအသုံးပြု၍ တူးဖော်ဆောင်ရွက်နေမှု၊ ဆည်ရေဝင်ရောက်နိုင်သည့် ကျေးရွာများရှိ ဒေသခံပြည်သူများအား ရေလွတ်ရာ ကုန်းမြင့်ဒေသများသို့ ပြောင်းရွှေ့ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ရေလှောင်တမံဆင်ခြေလျှော မြေသားနိမ့်ကျမှုဖြစ်ပွားသည့် နေရာအနီးရှိ မျှင်ဝါးတောင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာရှိ ဒေသခံပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

၁၀၀



ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်နှင့် တာဝန်ရှိသူများ မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ တမံပေါင်လျော့ကျမှုအား ကာကွယ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

၂၀၂၆ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ် ဆောင်းပါး

ယနေ့တီထွင်ဆန်းသစ်မှ အာဟာရပြည့်ဝ အနာဂတ်လှ

အေမီ

ဒုတိယကမ္ဘာစစ်အပြီး ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရချို့တဲ့မှုတိုက်ဖျက်ရေးနှင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ၁၉၄၅ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့တွင် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ကို စတင်တည်ထောင်ခဲ့ပါသည်။

အဆိုပါ အထူးအထိမ်းအမှတ်နေ့ကို အစွဲပြု၍ နှစ်စဉ် အောက်တိုဘာလ ၁၆ ရက်နေ့ကို "ကမ္ဘာ့စားနပ်ရိက္ခာနေ့" (World Food Day) အဖြစ် သတ်မှတ်ရန်နှင့် နှစ်စဉ်ကျင်းပရန် ဟန်ဂေရီနိုင်ငံ၏ စိုက်ပျိုးရေးနှင့် စားရေရိက္ခာဝန်ကြီးဟောင်းဖြစ်သူ ဒေါက်တာပါလ်ရိုမန်နီ (Dr. Pál Romány) က ၁၉၇၉ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပပြုလုပ်ခဲ့သော အကြိမ် (၂၀) မြောက် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့သို့ အဆိုပြုတင်သွင်းခဲ့ရာ ၎င်း၏ အဆိုပြုချက်ကို ညီလာခံက သဘောတူခဲ့ကြသည်။

ပထမအကြိမ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ကို ၁၉၈၁ ခုနှစ်မှစတင်ကာ ကမ္ဘာတစ်ဝန်း၌ ကျင်းပခဲ့ပါသည်။ ကမ္ဘာ့စားနပ်ရိက္ခာနေ့ကို ကျင်းပရာတွင်လည်း ကမ္ဘာပေါ်တွင် ဖြစ်ပွားနေသော ဆာလောင်မွတ်သိပ်မှု၊ ဆင်းရဲနွမ်းပါးမှုနှင့် အာဟာရချို့တဲ့မှု ပြဿနာများကို သိရှိနားလည်ပြီး ဖြေရှင်းနိုင်မည့် နည်းလမ်းများဖော်ထုတ်နိုင်ရန်၊ စိုက်ပျိုးရေး ထုတ်လုပ်မှု တိုးတက်ကောင်းမွန်လာစေရန်၊ ရေရှည်တည်တံ့သော စိုက်ပျိုးရေးစနစ်များကို ကျင့်သုံးရန်နှင့် အစားအစာ ထုတ်လုပ်ဖြန့်ဖြူးမှု မညီမျှခြင်းများကိုဖြေရှင်းရေး တိုက်တွန်းနှိုးဆော်ရန်၊ စားရေရိက္ခာဖူလုံရေးအတွက် အစိုးရများ၊ ပုဂ္ဂလိက များနှင့် နိုင်ငံတကာအဖွဲ့အစည်းများအချင်းချင်း လက်တွဲပူးပေါင်းဆောင်ရွက်နိုင်ရေး ဖိတ်ခေါ်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့ကြပါသည်။

ယနေ့အချိန်အခါတွင် ကမ္ဘာ့စားနပ်ရိက္ခာနေ့သည် ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၁၅၀ ကျော်တွင် နှစ်စဉ်ကျင်းပလေ့ရှိသော အရေးပါဆုံးသော ကုလသမဂ္ဂအထိမ်းအမှတ်နေ့များထဲမှ တစ်ခုဖြစ်လာခဲ့ပြီး ရာသီဥတုပြောင်းလဲမှုဒဏ် ခံနိုင်ရည်ရှိသော စားရေရိက္ခာစနစ်များ ဖော်ဆောင်ရေးနှင့် "Zero Hunger" (ဆာလောင်မွတ်သိပ်မှု ကင်းစင်ရေး) ပန်းတိုင်ကို အကောင်အထည်ဖော်ရန် နှစ်စဉ် ကမ္ဘာ့ဆောင်ပုဒ် အသစ်များဖြင့် လှုံ့ဆော်ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတစ်နိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် "လူသားအရည် အသွေးဖွံ့ဖြိုးတိုးတက်မှု" သည် အဓိကအုတ်မြစ် ဖြစ်ပါသည်။ ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ပညာထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်ရန်မှာ နိုင်ငံသားအားလုံး အာဟာရပြည့်ဝစွာ စားသုံးနိုင်ရေးအပေါ်တွင် များစွာမူတည်နေပါသည်။

ထို့ကြောင့် ၂၀၂၆ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့၏ ဆောင်ပုဒ်ဖြစ်သော "ယနေ့ တီထွင်ဆန်းသစ်မှ အာဟာရပြည့်ဝ အနာဂတ်လှ" (Innovate today. Nourish tomorrow.) ဆိုသည့် ဆောင်ပုဒ်သည် လက်ရှိကာလအတွက် အလွန်ပင် အဓိပ္ပာယ်ပြည့်ဝပြီး လက်တွေ့လုပ်ဆောင်ရန် တိုက်တွန်းနှိုးဆော်ထားသည့် ဦးတည်ချက်ကောင်းတစ်ရပ်ပင် ဖြစ်ပါသည်။

ဤဆောင်ပုဒ်၏ရည်မှန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ရန်အတွက် နိုင်ငံတော်၏ အခြေခံစီးပွားရေး မောင်းနှင်အားဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍများတွင် ခေတ်မီနည်းပညာများနှင့် တီထွင်ဆန်းသစ်မှုများကို တိုးမြှင့်ဖော်ဆောင်သွားကြရန် အရေးကြီးပေသည်။



ကမ္ဘာတစ်ဝန်းတွင် လူဦးရေခန့်မှန်းခြေ ၆၄၅ သန်း (ကမ္ဘာ့လူဦးရေ၏ ၇ ဒသမ ၈ ရာခိုင်နှုန်းခန့်) သည် စားရေရိက္ခာမလုံလောက်မှုနှင့် ဆာလောင်မွတ်သိပ်မှုကို တိုက်ရိုက်ရင်ဆိုင်နေရဆဲ ဖြစ်ပါသည်။ ပုံမှန်အာဟာရပြည့်ဝသော အစားအစာများကို လုံလောက်စွာမစားသုံးနိုင်ဘဲ အစားအစာအရည် အသွေးနှင့်ပမာဏကို လျှော့ချစားသုံးနေရသူ စုစုပေါင်း ကမ္ဘာ့လူဦးရေ၏ ၂၅ ဒသမ ၈ ရာခိုင်နှုန်းခန့်ရှိပြီး လူဦးရေအားဖြင့် ၂ ဒသမ ၁ ဘီလီယံ (သန်း ၂၁၀၀) ကျော်အထိ ရှိနေပါသည်။ အာဖရိကတိုက်သည် ကမ္ဘာပေါ်တွင် စားရေရိက္ခာ အကျပ်အတည်း အဆိုးရွားဆုံး ရင်ဆိုင်နေရသည့်ဒေသဖြစ်ပြီး လူဦးရေ ၃၀၉ သန်းခန့် (အာဖရိကတိုက် လူဦးရေ၏ ၂၀ ဒသမ ၀ ရာခိုင်နှုန်း) သည် ဆာလောင်မွတ်သိပ်မှုကို ခံစားနေရပါသည်။

လူဦးရေသိပ်သည်းဆများပြားသည့် အာရှတိုက်တွင် လူဦးရေ ၂၉၂ သန်းခန့် (အာရှတိုက်လူဦးရေ၏ ၆ ဒသမ ၀ ရာခိုင်နှုန်း) သည် ဆာလောင်မွတ်သိပ်မှုဒဏ်ကို ခံစားနေရဆဲဖြစ်ပြီးဒေသအလိုက် တိုးတက်မှုများရှိသော်လည်း လူဦးရေအရေအတွက်အရ သိသာထင်ရှားဆဲဖြစ်ပါသည်။

လက်တင်အမေရိကနှင့် ကာရေဘီယံဒေသသည် လူဦးရေ ၃၂ သန်းခန့် (လက်တင်အမေရိကနှင့် ကာရေဘီယံဒေသလူဦးရေ၏ ၄ ဒသမ ၈ ရာခိုင်နှုန်း) သည် ဆာလောင်မွတ်သိပ်မှုကို ရင်ဆိုင်နေရပြီး မကြာသေးမီနှစ်များအတွင်း စားရေရိက္ခာဖူလုံရေး အခြေအနေများ တဖြည်းဖြည်း တိုးတက်ကောင်းမွန်လာသည်ကို တွေ့ရပါသည်။

ကမ္ဘာပေါ်တွင် လူပေါင်း ၂ ဒသမ ၁ ဘီလီယံ ကျော်မှာ စားရေရိက္ခာမလုံလောက်မှုဒဏ်ကို ပုံစံအမျိုးမျိုးဖြင့် ခံစားနေကြရပြီး အထူးသဖြင့် အာဖရိကနှင့် အာရှတိုက်တို့သည် လူဦးရေထူထပ်မှုနှင့် ရာသီဥတုဒဏ်ခံရမှုများကြောင့် စားရေရိက္ခာ အကျပ်အတည်းကို အကြီးမားဆုံးရင်ဆိုင်နေရသော ဒေသများဖြစ်ကြပါသည်။

အာဆီယံသည် ကမ္ဘာ့စပါးကျီကြီးများထဲတွင် ပါဝင်သော်လည်း ရာသီဥတုဖောက်ပြန်ခြင်း၊ ထောက်ပံ့ပို့ဆောင်ရေး ကွင်းဆက်ပြတ်တောက်ခြင်းနှင့် စီးပွားရေးမတည်ငြိမ်မှုများကြောင့် အချို့သောနိုင်ငံများတွင် စားရေရိက္ခာမလုံလောက်မှုနှင့် အာဟာရချို့တဲ့မှု (ဥပမာ - ကလေးငယ်များ ကိုယ်အလေးချိန်ကျခြင်း၊ အရပ်ပုခြင်း) ပြဿနာများကို အဓိကရင်ဆိုင်နေရဆဲဖြစ်ပါသည်။

> **ရာသီဥတုပြောင်းလဲမှုဒဏ်ကိုခံနိုင်ရည်ရှိပြီး အာဟာရတန်ဖိုးမြင့်မားသော ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို စနစ်ကျသောစိုက်ပျိုးရေး (Smart Agriculture) နည်းလမ်းများဖြင့် တိုးချဲ့စိုက်ပျိုးသင့်ပါသည်။ ဓာတုပစ္စည်းသုံးစွဲမှုကို လျှော့ချကာ ဘေးကင်းလုံခြုံပြီး အာဟာရပြည့်ဝသည့် စိုက်ပျိုးရေးထွက်ကုန်များ (Safe Food)ကို ထုတ်လုပ်ရန်အတွက် မျိုးစေ့မှသည် ရိတ်သိမ်းပြီးနောက်ပိုင်း နည်းပညာများအထိ တီထွင်ဆန်းသစ်မှုများကို ဆောင်ရွက်ကြရမည်**

စင်ကာပူနိုင်ငံနှင့် ဘရူနိုင်းနိုင်ငံကဲ့သို့သော နိုင်ငံများတွင် စားရေရိက္ခာနှင့် အာဟာရပြဿနာ အလွန်နည်းပါးသော်လည်း လာအို၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ မြန်မာနှင့် အင်ဒိုနီးရှားကဲ့သို့သော နိုင်ငံများမှာမူ ရာသီဥတုဒဏ်၊ သွင်းအားစု ကုန်ကျစရိတ်ကြီးမြင့်မှုနှင့် အာဟာရချို့တဲ့မှုဆိုင်ရာ စိန်ခေါ်မှုများကို ပုံစံအမျိုးမျိုးဖြင့် ဆက်လက်ရင်ဆိုင်နေကြရဆဲ ဖြစ်ပါသည်။

စိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံသားများအတွက် အခြေခံစားသုံးကုန်များကို ထောက်ပံ့ပေးနေရုံသာမက အာဟာရဓာတ်ကြွယ်ဝသည့် သီးနှံများကိုပါ တိုးမြှင့်ထုတ်လုပ်ပေးရပါသည်။ ဗီတာမင်နှင့် သတ္တုဓာတ်များကြွယ်ဝသော ဆန်စပါး၊ ပဲမျိုးစုံနှင့် ပြောင်း စသည့်သီးနှံမျိုးကောင်းမျိုးသန့်များကို ဇီဝကြွယ်ဝစေခြင်း (Bio-fortification) နည်းပညာဖြင့် သုတေသနပြု ထုတ်လုပ်စိုက်ပျိုးခြင်းဖြင့် လူထုအတွင်း အာဟာရချို့တဲ့မှုကို ထိရောက်စွာ ကာကွယ်နိုင်ပါသည်။

ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံနိုင်ရည်ရှိပြီး အာဟာရတန်ဖိုးမြင့်မားသော ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို စနစ်ကျသောစိုက်ပျိုးရေး (Smart Agriculture) နည်းလမ်းများဖြင့် တိုးချဲ့စိုက်ပျိုးသင့်ပါသည်။ ဓာတုပစ္စည်းသုံးစွဲမှုကို လျှော့ချကာ ဘေးကင်းလုံခြုံပြီး အာဟာရပြည့်ဝသည့် စိုက်ပျိုးရေးထွက်ကုန်များ (Safe Food)ကို ထုတ်လုပ်ရန်အတွက် မျိုးစေ့မှသည် ရိတ်သိမ်းပြီးနောက်ပိုင်း နည်းပညာများအထိ တီထွင်ဆန်းသစ်မှုများကို ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

လူသားတို့၏ ဦးနှောက်နှင့် ကိုယ်ခန္ဓာဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးမြင့် တိရစ္ဆာန်ထွက် ပရိုတင်းဓာတ်များ မရှိမဖြစ်လိုအပ်ပါသည်။ ထို့ကြောင့် အသား၊ နို့နှင့် ဥထွက်နှုန်းကောင်းမွန်ပြီး ရောဂါဒဏ်ခံနိုင်ရည်ရှိသော တိရစ္ဆာန်မျိုးများကို မျိုးဗီဇထိန်းသိမ်းခြင်းနှင့် မျိုးကောင်းမျိုးသန့်ရရှိစေရေး သုတေသနပြုလုပ်ခြင်းတို့ဖြင့် တိုးမြှင့် မွေးမြူရမည်ဖြစ်ပါသည်။

စားသုံးသူများအတွက် ဘေးကင်းလုံခြုံသော အသား၊ နို့၊ ဥများကို လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်ရေးအတွက် တိရစ္ဆာန်အစာအာဟာရ ဖော်စပ်မှုတွင် ဆန်းသစ်သော နည်းပညာများကို အသုံးပြုခြင်း၊ ရောဂါကင်းရှင်းပြီး စံချိန်မီသည့် တိရစ္ဆာန်မွေးမြူရေးခြံစနစ်များ ကျင့်သုံးခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်ပါသည်။ ထို့ပြင် မွေးမြူရေးထွက်ကုန်များကို ရိုးရိုးအသားအဖြစ် ရောင်းချရုံသာမက ပြည်သူများ အလွယ်တကူစားသုံးနိုင်ပြီး အာဟာရမဆုံးရှုံးစေရန် တန်ဖိုးမြှင့်စားသောက်ကုန်များအဖြစ် တီထွင်ထုတ်လုပ်ရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံတွင် ရေထွက်ပစ္စည်းများသည် ပြည်သူများအတွက် အဓိကကျသော အာဟာရနှင့် ပရိုတင်းဓာတ် ရင်းမြစ်တစ်ရပ်ဖြစ်ပါသည်။ သို့ဖြစ်၍ ရေလုပ်ငန်းကဏ္ဍ ရေရှည်တည်တံ့စွာ ထုတ်လုပ်နိုင်ရေးအတွက် သဘာဝရေအရင်းအမြစ်များ ထိန်းသိမ်းသည့်အပြင် စနစ်ကျသော ငါးမွေးမြူရေးကန်များ တည်ဆောက်ပြီး ငါး၊ ပုစွန်များ မွေးမြူရာတွင်လည်း ရေအရည်အသွေးထိန်းသိမ်းခြင်း၊ အစာကျွေးရာတွင် နည်းပညာအသစ်များ အသုံးပြုခြင်းဖြင့် အရည်အသွေးကောင်းမွန်သော ထွက်ကုန်များရရှိပေမည်။

ငါးသယံဇာတမပြုန်းတီးစေရန် ရေချိုနှင့်ရေငန် ငါးသားပေါက်ဖမ်းဆီးခြင်း၊ စည်းကမ်းမဲ့ ငါးဖမ်းဆီးမှုများကို တားဆီးကာ တာဝန်ယူမှုရှိသော ရေလုပ်ငန်းစနစ်များကို တီထွင်ဖော်ဆောင်ရပါမည်။ ဖမ်းဆီးရရှိလာသော ရေထွက်ပစ္စည်းများကို အာဟာရဓာတ်မဆုံးရှုံးဘဲ စားသုံးသူလက်ဝယ်သို့ လတ်ဆတ်စွာ ရောက်ရှိနိုင်ရေးအတွက် ခေတ်မီအအေးခန်းစနစ်များနှင့် သန့်ရှင်းသော ထုပ်ပိုးမှုနည်းပညာများကို အသုံးချရန် လိုအပ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် **"ယနေ့တီထွင်ဆန်းသစ်မှ အာဟာရပြည့်ဝ အနာဂတ်လှ"** ဆိုသည့် ဆောင်ပုဒ်သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍများတွင် တာဝန်ထမ်းဆောင်နေကြသူများ၊ ပညာရှင်များနှင့် တောင်သူလယ်သမား ညီအစ်ကိုမောင်နှမများအားလုံး လက်တွဲညီညီဖြင့် ရှေ့သို့ချီတက်ကြရန် နှိုးဆော်နေခြင်းပင် ဖြစ်ပါသည်။

ခေတ်မီနည်းပညာများကို တီထွင်ဆန်းသစ်အသုံးချခြင်းဖြင့် စားရေရိက္ခာဖူလုံမှုကို ရရှိစေရုံသာမက နောင်လာမည့် အနာဂတ်မျိုးဆက်သစ်များအတွက် ကျန်းမာကြံ့ခိုင်ပြီး အာဟာရပြည့်ဝသည့်ဘဝများကို ဖန်တီးပေးနိုင်မည် ဖြစ်ပါကြောင်း ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်အဖြစ် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

နိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်လာကြစေရန် ရည်ရွယ်သည့်ဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးနိုင်ပါရန် ဖိတ်ခေါ်ခြင်း

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် လျှပ်စစ်ဓာတ်အားစနစ်တည်ငြိမ်ရေး၊ ဓာတ်အားတိုးတက်ရရှိရေး၊ ရေနံနှင့်ရေနံထွက်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ စွမ်းအင်လေလွင့်ဆုံးရှုံးမှု လျော့ပါးရေး အပါအဝင် နိုင်ငံတော်၏ စွမ်းအင်ဖူလုံရေးနှင့်လုံခြုံရေးအတွက် ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်တွင် စွမ်းအင်အရင်းအမြစ်မျိုးစုံ တည်ရှိနေသည့် အတွက် ယင်းတို့ကို အချိုးညီစွာပေါင်းစပ်၍ အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ပါက မျှော်မှန်းထားသည့်အချိန်ကာလအတွင်း နိုင်ငံတော် နှင့် ပြည်သူတို့အတွက် စွမ်းအင်လိုအပ်ချက်များကို ဖူလုံစွာ ဖြည့်ဆည်း ပေးနိုင်မည်ဟု ယုံကြည်ပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာ စီမံကိန်းများ၊ လုပ်ငန်းများသည် ငွေကြေးအရင်းအနှီးကြီးမားပြီး အတတ်ပညာနှင့်လူစွမ်းအားအရင်း အမြစ်လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်မှသာလျှင် အောင်မြင်နိုင်မည် ဖြစ်ရာ နိုင်ငံတော်အနေဖြင့် ပြည်တွင်း/ပြည်ပအဖွဲ့အစည်း အသီးသီး အား ဖိတ်ခေါ်၍ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ယင်းသို့ဆောင်ရွက်ရာတွင် နိုင်ငံသားလုပ်ငန်းရှင်များ၏ ရင်းနှီး မြှုပ်နှံမှုကို အထူးအလေးထား၍ အားပေးလျက်ရှိသည်နှင့်အညီ နိုင်ငံသား လုပ်ငန်းရှင်များကို ရေရှည်တွင် နိုင်ငံတကာစွမ်းအင်ကုမ္ပဏီကြီးများ၊ အဖွဲ့အစည်းကြီးများအဆင့်သို့ တက်လှမ်းနိုင်စေရေးအတွက် ရည်မှော်လျက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် ရင်းနှီးမြှုပ်နှံနိုင်မည့်အခွင့် အလမ်းများ၊ နိုင်ငံတော်အစိုးရအနေဖြင့် အားပေးကူညီမည့် အစီအစဉ် များကို Power Point Presentation များ၊ ရုပ်ပုံကားချပ်များ၊ 3D Model များဖြင့် တာဝန်ရှိသူများက ရှင်းလင်း၍ ချပြဆွေးနွေးသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ပထမပတ်တွင် နေပြည်တော် ၌ ကျင်းပမည့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ ချပြဆွေးနွေးပွဲသို့ နိုင်ငံသားလုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ဆွေးနွေးနိုင်ပါရန် ဖိတ်ခေါ်အပ်ပါ ကြောင်းနှင့် ဆွေးနွေးပွဲသို့ တက်ရောက်လိုသူများအနေဖြင့် ၃၀-၁၀-၂၀၂၆ ရက်နေ့ (၁၆:၃၀)နာရီ နောက်ဆုံးထား၍ အောက်ဖော်ပြပါ ဖုန်းနံပါတ်သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါကြောင်း အသိပေး ဖိတ်ခေါ်အပ်ပါသည်-

ဆက်သွယ်ရန် -ဦးမင်းသူအောင်၊ ဒုတိယညွှန်ကြားရေးမှူး၊
ပြည်တွင်းပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ၊
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
၀၉ ၄၄၄ ၅၈၈ ၈၈၈၊ Email: messenger@e-moee.gov.mm

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

မျိုးကောင်းမျိုးသန့်၊ သွင်းအားစုဓာတ်မြေဩဇာနှင့် စက်သုံးဆီများ အချိန်မီရရှိရေး သက်ဆိုင်ရာဌာနများနှင့် စုပေါင်းဆောင်ရွက်ပေးမည်

နေပြည်တော် အောက်တိုဘာ ၁၀

တောင်သူများအနေဖြင့် စနစ်ကျသော စုပေါင်းစိုက်ပျိုးမှုဖြင့် ပန်းတိုင်အထွက်နှုန်းရရှိရေး ဦးတည် ဆောင်ရွက်ကြရန်၊ သမဝါယမအသင်းအစုအဖွဲ့ပုံစံ စုပေါင်းဆောင်ရွက်ကြရန် လိုအပ်သည့်မျိုးကောင်းမျိုးသန့်၊ သွင်းအားစုဓာတ်မြေဩဇာနှင့် စက်သုံးဆီများ အချိန်မီရရှိရေး သက်ဆိုင်ရာဌာနများနှင့် စုပေါင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြည်ထောင်စု ဝန်ကြီး ဦးမျိုးဇော်သိမ်းက ပြောကြားသည်။

ပြောကြား

ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ခန့ဖြူမြို့နယ် အင်္ဂလာကျေးရွာ စာသင်ကျောင်း၌ ဧရာရွှေစင်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး လုပ်ငန်း သမဝါယမအသင်းများမှ အသင်းအမှုဆောင် များ၊ အသင်းသားတောင်သူများ၊ ကျေးရွာနေပြည်သူများ နှင့်တွေ့ဆုံစဉ် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက



ထိုသို့ ပြောကြားခဲ့သည်။

ထို့နောက် ညောင်တုန်းမြို့နယ် စက္ကော့တောင် ကျေးရွာအုပ်စု အုန်းပင်စုကျေးရွာရှိ ဧရာအောင် စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းသား တောင်သူများ၊ ဒေသခံတောင်သူများနှင့် တွေ့ဆုံပြီး မိရိုးဖလာစိုက်ပျိုးရေးမှ စနစ်တကျစိုက်ပျိုးရေး၊ စက်မှု လယ်ယာစိုက်ပျိုးရေးသို့ ကူးပြောင်းဆောင်ရွက်ရန်၊ သမဝါယမစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေးအတွက် သက်ဆိုင်သူအားလုံး စုပေါင်းဆောင်ရွက်ကြရန်၊ လာမည့်စိုက်ပျိုးရာသီတွင် စုပါအယ်လ်နီညိုဆိုင်ရာ ရာသီဥတုပြောင်းလဲနိုင်မှုကို ကြိုတင်မြော်တွေးပြီး သီးနှံစိုက်ပျိုးထုတ်လုပ်မှုများ မထိခိုက်အောင် အသင်းသားတောင်သူများအား အသိပညာပေးခြင်း၊ ကူညီပံ့ပိုးခြင်းများ ဆောင်ရွက်ပေးရန်နှင့် ကျေးရွာ ပြည်သူများအနေဖြင့်လည်း ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များအား အလေးထားလိုက်နာဆောင် ရွက်ကြရန် ဆွေးနွေးမှာကြားပြီး အသင်းသား တောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ခန့ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မရမ်းချောင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ထောက်ပံ့ရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာပြည်သူများကိုယ်တိုင် ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့သည့် ကျေးရွာတွင်းလမ်း ကွန်ကရစ် ခင်းခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေကို ကွင်းဆင်း ကြည့်ရှုပြီး တင်ပြမှုများအပေါ် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ယင်းမာပင်မြို့တွင် အယ်လ်နီညိုနှင့်ပတ်သက်၍ အသိပညာပေး ဟောပြော

ယင်းမာပင် အောက်တိုဘာ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့တွင် အယ်လ်နီညိုနှင့် ပတ်သက်၍ အသိပညာပေးဟောပြောပွဲကို မြို့နယ်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန သာယာအေးခန်းမ၌ အောက်တိုဘာ ၈ ရက်က ကျင်းပ သည်။

ဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တမြို့နယ် အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ကျန်းမာရေးမှူးက ကျန်းမာရေးအတွက် လိုအပ် သော ဆေးဝါးများ၊ အပူဒဏ်အန္တရာယ်ကျရောက်ပါက သက်ကြီးရွယ်အို များ၊ကလေးသူငယ်များ၊မသန်စွမ်းသူများအား ကျန်းမာရေးစောင့်ရှောက် မှုပေးနိုင်ရေး နည်းလမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ရဲတပ်ဖွဲ့ စခန်းမှူး ဒုတိယရဲမှူးက အပူရှောင် စခန်းများတွင် လုံခြုံရေးဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်း ဆွေးနွေးသည်။ ဟောပြောပွဲသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့ စခန်းမှူး ဒုတိယ ရဲမှူး၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မြဝတီမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ရေပူ၌ လူငယ်စကားဝိုင်း ကျင်းပ

မြဝတီ အောက်တိုဘာ ၁၀

ပြန်ကြားရေးနှင့် ပြည်သူ ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံ ပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ် စကားဝိုင်းကို အောက်တိုဘာ ၈ ရက် နံနက်ပိုင်း က ကရင်ပြည်နယ် မြဝတီမြို့ အခြေခံပညာ အထက်တန်း ကျောင်း (ခွဲ)ရေပူ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပညာရေးမှူး ဦးမိုးကျော်က အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန



လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်မာမာရီက လူငယ်စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။

ထို့နောက် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) ရေပူ၏ ကျောင်းအုပ်ဆရာမကြီး ဒေါ်မေ ရတနာဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး လူငယ် စကားဝိုင်းကို မြဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာ ရှိက ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်၍ အခြေခံပညာ အထက်တန်းကျောင်း (ခွဲ) ရေပူမှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ လူငယ်နှင့် စာပေ၊ လူမှုကွန်ရက်အလွဲသုံးမှု သတိပြု၊ လူငယ်နှင့်စာရိတ္တ စသည့်ခေါင်းစဉ် များဖြင့် ဆွေးနွေးခဲ့ကြောင်း သိရ သည်။

ဆောင်းနှင်းဖြူ(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး ဒေးဒဲရဲမြို့နယ်၌ ဧရူးများ မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပေါ်စေရေးအတွက် အောက်တိုဘာ ၉ ရက်က ဒေးဒဲရဲ မြို့နယ် မြို့မဈေးကြီးအတွင်း၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမြသိန်းမောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ် လျှပ်စစ်တို့ပူးပေါင်း၍ မီးဘေးလုံခြုံရေးစစ်ဆေးစဉ်။ မင်းထက်သာ



မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေး ပုသိမ်မြို့ပေါ်ရှိ စက်သုံး ဆီဆိုင်များ၌ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးအောင်ဆွေဝင်း ဦးဆောင်၍ ခရိုင်မီးသတ်ဦးစီးမှူး၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင် များက စက်သုံးဆီဆိုင်များရှိ မီးဘေးကြိုတင်ကာကွယ်ရေး ပစ္စည်း ကိရိယာများကို အောက်တိုဘာ ၉ ရက်တွင် စစ်ဆေးဆောင်ရွက်စဉ်။ ကိုကိုဇော်

ပြည်ပရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ကူညီစောင့်ရှောက်ရေး ဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၁၀

ပြည်ပသို့ သွားရောက်လုပ်ကိုင်ရာတွင် တရားမဝင်လမ်းကြောင်းမှ ရွှေ့ပြောင်းသွားလာမှု လျော့ကျစေပြီး တရားဝင် ရွှေ့ပြောင်းသွားလာမှုဖြစ်စေရန်အတွက် စနစ်တကျစီမံခန့်ခွဲခြင်းကို အလေးထားဆောင်ရွက်ရန်နှင့် ပြည်ပတွင်ရောက်ရှိနေသည့် လုပ်သားများကို အချိန်နှင့်တစ်ပြေးညီ ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က ပြောကြားခဲ့သည်။



ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ် Grand Ballroom ၌ ကျင်းပသည့် အလုပ်သမားဝန်ကြီးဌာနမှ ပြည်ပရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများကို ကူညီစောင့်ရှောက်ရေး ဆွေးနွေးပွဲတွင် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က ထိုသို့ပြောကြားခဲ့သည်။

ထို့ပြင် နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ရာတွင် ပြည်တွင်း၊ ပြည်ပ၌ အလုပ်လုပ်ကိုင်နေကြသည့် လုပ်သားများသည် အဓိကကျသည့် အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိကြောင်း၊ ပြည်ပနိုင်ငံများတွင်ရောက်ရှိနေသည့် လုပ်သားများကို ကာကွယ်စောင့်ရှောက်ပေးရန်နှင့် မိသားစုလွှဲပို့ငွေကို တရားဝင်လမ်းကြောင်းမှ ပိုမိုလွှဲပို့စေရန်အတွက် ဆက်စပ်ဝန်ကြီးဌာနများ၊ ပုဂ္ဂလိကဘဏ်များနှင့် RBL လိုင်စင်ရဘဏ်များ ပူးပေါင်းဆောင်ရွက်၍ လုံခြုံစိတ်ချရပြီး လွယ်ကူစွာလွှဲပို့စေရေး ဝိုင်းဝန်းဆောင်ရွက်ကြရန်လည်း ပြည်ထောင်စုဝန်ကြီးက ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက်ဆွေးနွေးပွဲသို့တက်ရောက်လာသူများက ပြည်ပတွင်ရောက်ရှိနေသည့် လုပ်သားများအား ကာကွယ်စောင့်ရှောက်ပေးနိုင်ရေး ကူညီဆောင်ရွက်ပေးမည့်နည်းလမ်းများ၊ မိသားစုလွှဲပို့ငွေအား တရားဝင်လမ်းကြောင်းမှ ပိုမိုလွှဲပို့စေရေး ဆောင်ရွက်ပေးနိုင်မည့်နည်းလမ်းများကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာအေဂျင်စီများ၊ သက်ဆိုင်ရာဌာနများက ပြည်ပရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ အကျိုးစီးပွားများကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန်နှင့် ဖြေလျှော့ပေးနိုင်သည်များကို ဖြေလျှော့ပေးရန် ဆွေးနွေးမှာကြားသည်။

ဆွေးနွေးပွဲသို့ပြည်ထောင်စုအတိုင်ပင်ခံကောင်စီအဖွဲ့ဝင် ဒေါက်တာရင်ရင်နွယ်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦး၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်များ၊ ပြည်တွင်း၊ ပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဘာသာရပ်ဆိုင်ရာ ပြင်ပကျွမ်းကျင်သူများ၊ ပုဂ္ဂလိကဘဏ်များနှင့် RBL လိုင်စင်ရရှိသူများ၊ မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်းနှင့် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီများမှ ကိုယ်စားလှယ်များတက်ရောက်ကြပြီး မြန်မာအလုပ်သမားများ ရောက်ရှိလုပ်ကိုင်နေသည့် နိုင်ငံများမှ မြန်မာသံအမတ်ကြီးများက Online မှ တက်ရောက်ကြသည်။

သတင်းစဉ်



ကျုံပျော်မြို့၌ ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေး

ကျုံပျော် အောက်တိုဘာ ၁၀

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် သီးထပ်စွမ်းအားမြှင့်တင်ရေးအတွက် တောင်သူများအား ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ကျုံပျော်ဘဏ်ခွဲ၌ ထုတ်ချေးလျက်ရှိသည်။

အဆိုပါချေးငွေများကို အောက်တိုဘာ ၆ ရက်မှစတင်၍ ကျေးရွာတစ်အုပ်စုမှ တောင်သူ ၁၁၂ ဦး၏ ၆၅၅ ဧကအတွက် ချေးငွေကျပ် ၁၆၃၇ ဒသမ ၅၀ သိန်း စတင်ထုတ်ချေးပေးခဲ့ပြီး အောက်တိုဘာ ၉ ရက်အထိ ကျေးရွာအုပ်စု ခြောက်စုမှ တောင်သူ ၅၂၄ ဦး၏ ၃၃၈၆ ဧက အတွက် ချေးငွေကျပ် ၈၅၀၆ သိန်း ထုတ်ချေးပြီးဖြစ်သည်။

ကျုံပျော်မြို့နယ်၌ ၂၀၂၆ ခုနှစ် ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို ကျေးရွာအုပ်စု ၈၆ စုမှ တောင်သူ ၇၇၅၈ ဦးထံသို့ ချေးငွေကျပ် ၁၃၃၅၉၄ သိန်း ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာထံမှ သိရသည်။

နေဝင်းမြင့်(ပြန်/ဆက်)

အယ်လ်နီညိုဖြစ်စဉ်ကြောင့် ကြုံတွေ့လာနိုင်သည့် သဘာဝဘေးအန္တရာယ်များအား ကြိုတင်ကာကွယ်နိုင်ရေး ညှိနှိုင်းဆွေးနွေး

မကွေး အောက်တိုဘာ ၁၀

အယ်လ်နီညို ဖြစ်စဉ်ကြောင့် ကြုံတွေ့လာနိုင်သည့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် မကွေးမြို့မြို့တော်ခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကိုက အယ်လ်နီညိုဖြစ်စဉ်နှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ဆောင်ရွက်နိုင်ရန် ကဏ္ဍကြီး(၆) ရပ်ဖြစ်သည့် ရေရရှိရေးနှင့် သောက်သုံးရေဖူလုံရေး၊ စိုက်ပျိုးရေးကဏ္ဍ ကြိုတင်ပြင်ဆင်ရေး၊ မွေးမြူရေးနှင့် တိရစ္ဆာန်ကျန်းမာရေး၊ ပြည်သူ့ကျန်းမာရေးနှင့် အပူဒဏ်ကာကွယ်ရေး၊ လျှပ်စစ်နှင့် စွမ်းအင်အသုံးချမှု၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်သွားရန် တိုင်းဒေသကြီး အစိုးရအဖွဲ့ဦးဆောင်မှုဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက စနစ်တကျ အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ရန်မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက အယ်လ်နီညိုဖြစ်စဉ်နှင့် ပတ်သက်၍ ကြိုတင်ဆောင်ရွက်ထားရှိမှုများ၊ တိုင်းဒေသကြီးအတွင်း ဘေးအန္တရာယ်ကြုံတွေ့ရသည့် ဒေသများရှိ ပြည်သူများအတွက် ကူညီကယ်ဆယ် ထောက်ပံ့ရေးလုပ်ငန်းများဆောင်ရွက်မှု၊ တစ်ဖွဲ့နှင့် တစ်ဖွဲ့ အပြန်အလှန်ချိတ်ဆက်လုပ်ဆောင်နေမှုနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြမှုများ အပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

နံနက်ပိုင်းကလည်း မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် မကွေးတပ်နယ်မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပရဟိတလူမှုအဖွဲ့အစည်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာနှင့် ရေသန့်ဘူးများ ဝေငှပေးအပ်ခဲ့ကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)

မုဒုံမြို့၌ လူကုန်ကူးမှုစိစစ်ဖော်ထုတ်သည့် မှတ်တမ်းရေးသွင်းနည်း သင်တန်းဖွင့်

မုဒုံ အောက်တိုဘာ ၁၀

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်သည့် မှတ်တမ်းရေးသွင်းနည်း သင်တန်းအမှတ်စဉ် (၁/၂၀၂၆)ကို ယမန်နေ့နံနက် ၈ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သည်။



ဖွင့်ပွဲတွင် မုဒုံမြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးပြည်သိမ်းက လူကုန်ကူးမှုသည် ကမ္ဘာနှင့် အဝှမ်းဖြစ်ပွားလျက်ရှိသော ဖြေရှင်းရန်ခက်ခဲသည့် ပြဿနာတစ်ရပ်အဖြစ် အမြစ်တွယ်ကြီးထွားနေသည့် မှုခင်းများဖြစ်ကြောင်း အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းကို နည်းပြများက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေသင်ခန်းစာများကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရာမည(ပြန်/ဆက်)

စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ အသိပညာပေးဟောပြော

ရန်ကုန် အောက်တိုဘာ ၁၀

ရန်ကုန် တိုင်းဒေသကြီး မြောက်ဥက္ကလာပ မြို့နယ်တွင် မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့ပြပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေး ဌာနကဦးဆောင်၍ စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောခြင်းကို ယမန်နေ့နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း မြတ်ခရေခန်းမ၌ ကျင်းပသည်။



ဦးစွာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးညီညီဇော်က အမှာစကားပြောကြားပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့ပြပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဦးစီးအရာရှိ ဒေါ်မေသူခိုင်က စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောသည်။ ဆက်လက်၍ တာဝန်ရှိသူများက အမှိုက်အမျိုးအစား(၄)မျိုးအား လက်တွေ့ခွဲခြား စွန့်ပစ်ခြင်းနှင့် ပတ်သက်၍ အသိပညာပေး သရုပ်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတို့တွင် တစ်နိုင်ငံလုံး ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ အမျိုးသားပြတိုက် (နေပြည်တော်)သို့ လေ့လာ

နေပြည်တော် အောက်တိုဘာ ၁၀

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတို့တွင် တစ်နိုင်ငံလုံး ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ၃၆ ဦးနှင့် ကြီးကြပ်ကျောင်းအုပ်ဆရာ ဆရာမ သုံးဦးတို့ကို ပြည်တွင်း (နေပြည်တော်)နှင့် ပြည်ပ(ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံ)များကို လေ့လာရေးခရီးစဉ်အဖြစ် ပို့ဆောင်ပေးသွားမည်ဖြစ်သည်။

ပြည်ပခရီးစဉ် ပို့ဆောင်ရေးမတိုင်မီ ပြည်တွင်းခရီးစဉ်အဖြစ် ယနေ့နံနက်ပိုင်းက အမျိုးသားပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာကြသည်။

ထိုသို့လေ့လာစဉ် ပြတိုက် တာဝန်ရှိသူများက ပရိုင်းမိတ်နှင့် ကျောက်ဖြစ်ရုပ်ကြွင်းပြခန်း၊ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်ပြခန်း၊ မြန်မာ့ကျောက်ခေတ်ယဉ်ကျေးမှု၊ မြန်မာနိုင်ငံ ကျောက်ခေတ်သစ်ယဉ်ကျေးမှု၊ အညာသားယဉ်ကျေးမှုထွန်းကားရာဒေသများ၊ နံရံဆေးရေးပန်းချီများ၊ ပန်းချီပြခန်း၊ မြန်မာ့အနုသုခုမပြခန်း၊ သမိုင်းမတင်မီခေတ်ပြခန်း၊ ခေတ်အဆက်ဆက် သမိုင်းမှတ်တမ်းများ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ မြန်မာ့တူရိယာများ သမိုင်းအကျဉ်း၊ ခေတ်အဆက်ဆက် ရုပ်သေးများ၊ တိုင်းရင်းသားရိုးရာ တူရိယာများကို ရှင်းလင်းပြသကြသည်။

ယမန်နေ့ နံနက်ပိုင်းကလည်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က အဆိုပါကျောင်းသား ကျောင်းသူများကို ရုံးအမှတ် (၁၃) အစည်းအဝေးခန်းမ၌တွေ့ဆုံ၍ ဩဝါဒစကား ပြောကြားကြသည်။

အဆိုပါကျောင်းသား ကျောင်းသူများသည် အောက်တိုဘာ ၁၂ ရက်အထိ နေပြည်တော်အတွင်းရှိ အထင်ကရနေရာများကို သွားရောက်လေ့လာကြည့်ရှုကြမည်ဖြစ်ပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် တပ်မတော်စစ်သမိုင်းပြတိုက်တို့သို့လည်း သွားရောက်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

နေပြည်တော် အောက်တိုဘာ ၁၀

သမိုင်းစဉ်ကာလတစ်လျှောက်တွင် နိုင်ငံ့ဂုဏ်တင့်စေရန် အားထုတ်ကြိုးပမ်း မြှင့်တင်ပေးခဲ့ကြသည့် ရှေးမြန်မာမင်းများ၊ ခေတ်အဆက်ဆက် ပေါ်ထွက်ခဲ့ကြသည့် သူရဲကောင်းများ၊ သူကျွန်မခံ တွန်းလှန်ခဲ့ကြသည့် မျိုးချစ်ခေါင်းဆောင်ကြီးများ၊ လွတ်လပ်ရေးကြိုးပမ်းမှု ကာလနှင့် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းတွင် နိုင်ငံ့အရေးအတွက် စွန့်လွှတ်ပေးဆပ်မှုများဖြင့် အားထုတ်ကြိုးပမ်းခဲ့ကြသည့် တပ်မတော်သားများ၏ ဂုဏ်ယူဖွယ်ရာ စွမ်းဆောင်ချက်များကို မြင်တွေ့လေ့လာမှုများမှတစ်ဆင့် လူငယ်လူရွယ်များ မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာပြီး နိုင်ငံချစ်စိတ်၊ တိုင်းပြည် ချစ်စိတ်များ တိုးတက်



ဖြစ်ထွန်းလာစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု တပ်မတော်၏ စီစဉ်ဆောင်ရွက်ပေးမှုတို့ဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာနိုင်ရေး စီစဉ် ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း(ဇမ္ဗူသီရိ)မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်း မှတ်တမ်း ရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက် တာဝန်ရှိသူများက လာရောက် လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့်ဆရာ ဆရာမများအား မုန့်များပေးဝေကြသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ပြတိုက်တာဝန်ရှိသူက ပြတိုက်၏သမိုင်းနှင့် ပြခန်းများ အကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ပြတိုက်အတွင်းရှိ တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ပြင်ပပြက္ခဒိန်များတွင် ခင်းကျင်း ပြသထားသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များနှင့် တပ်မတော် လေယာဉ်များကို လေ့လာခဲ့ကြပြီး အမှတ်တရ ဓာတ်ပုံများ ရိုက်ကြသည်။ **သတင်းစဉ်**

ဇီးကုန်းမြို့နယ်၌ စာကြည့်တိုက်များ ဖွဲ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးပွဲတော် ကျင်းပ



ဇီးကုန်း အောက်တိုဘာ ၁၀

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်၌ စာကြည့်တိုက်များဖွဲ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲကို အောက်တိုဘာ ၈ ရက်နံနက်ပိုင်းက အထက ဇီးကုန်းတွင် ကျင်းပသည်။

ဦးစွာ စာကြည့်တိုက်များဖွဲ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးပွဲတော် မုခဒ္ဒိုးဖွင့်ပွဲအခမ်းအနားကို တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီး(အနောက်)တိုင်းပညာရေးမှူး၊ ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်ပညာရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းသည့် စာအုပ်စာစောင်များကို ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးက မြို့နယ်ပညာရေးမှူးထံ လည်းကောင်း၊ စာပေပြိုင်ပွဲများတွင် မျော်ဖြေတင်ဆက်သည့် ဆုရကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများကို ပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းအဆင့်၊ခရိုင်အဆင့်တာဝန်ရှိသူများက စာပေပြိုင်ပွဲများ၊ ဌာနဆိုင်ရာပြခန်းများ၊ ကျောင်းစာကြည့်တိုက်၊ စာအုပ်အရောင်းဆိုင်များနှင့် စတုဒိသာ ကျွေးမွေးခြင်းတို့ကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

အမျိုးသားပြတိုက်(ရန်ကုန်)သို့ အထက(၄) ပုဇွန်တောင်မှ ကျောင်းသား ကျောင်းသူများ သွားရောက်လေ့လာ

ရန်ကုန် အောက်တိုဘာ ၁၀

ပုဇွန်တောင်မြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းမှ ကြီးကြပ်သူဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၁၀၀ တို့သည် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက် (ရန်ကုန်)သို့ ယနေ့နံနက် ၉ နာရီခွဲက သွားရောက်လေ့လာခဲ့ကြသည်။

ထိုသို့သွားရောက်လေ့လာရာ၌ ကျောင်းသား ကျောင်းသူများသည် အမျိုးသားပြတိုက် (ရန်ကုန်)ရှိ သီဟာသနပလ္လင် ပြခန်း၊ မြန်မာအက္ခရာနှင့်လက်ရေးမူပြခန်း၊ ရတနာပုံခေတ်ပြခန်း၊ သဘာဝသမိုင်းနှင့် မြန်မာ့သမိုင်း မတင်မီခေတ်ပြခန်း၊ မြန်မာ့မြို့ပြယဉ်ကျေးမှုပြခန်း၊ မင်းခမ်းတော်ပစ္စည်းများပြခန်း၊ မြန်မာ့သုခုမအနုပညာပြခန်း၊ မြန်မာ့လက်မှုအနုပညာပြခန်း၊ မြန်မာ့ရှေးဟောင်း အဆင်တန်ဆာရတနာပြခန်း၊ မြန်မာ့ပန်းချီခန်းမဆောင်၊ ဗုဒ္ဓအနုပညာပြခန်း၊ အာဆီယံနိုင်ငံများ အကြောင်းပြခန်း၊ တိုင်းရင်းသားယဉ်ကျေးမှုပြခန်းများကို ကြည့်ရှုလေ့လာခဲ့ရာ အမျိုးသားပြတိုက် (ရန်ကုန်)မှ တာဝန်ရှိသူများက ပြခန်းများအလိုက် အသေးစိတ်လိုက်လံ ရှင်းလင်းပြသပေးခဲ့မှု အပေါ် ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာမှတ်သားခဲ့ကြသည်။



အမျိုးသားပြတိုက် (ရန်ကုန်) ကို ပြည်သူအများ လေ့လာကြည့်ရှုနိုင်ရန် တနလာနေ့နှင့် အစိုးရုံး ပိတ်ရက်များမှအပ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

စုယဉ်ချစ်(ပြန်/ဆက်)

မြန်မာနိုင်ငံ၏ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးလမ်းခရီးနှင့် ရေရှည်တည်တံ့သော စွမ်းအင်မဟာဗျူဟာ

ကောင်းပြည့်

မိမိတို့နိုင်ငံ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလမ်းခရီးတွင် လျှပ်စစ်ကဏ္ဍသည် အသက်သွေးကြောကဲ့သို့ အလွန်အမင်းအရေးပါလျက်ရှိကာ ရေရှည်တည်တံ့သော စွမ်းအင်လိုအပ်ချက်များကို ဖြေရှင်းရာတွင် ရေအားလျှပ်စစ်ကဏ္ဍသည် အသင့်တော်ဆုံးနှင့် အကောင်းဆုံးသော မဟာဗျူဟာမြောက် အဖြေတစ်ခုအဖြစ် ခိုင်မာစွာရပ်တည်လျက်ရှိပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တာဝန်ယူချိန်မှ စတင်၍ **"တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိရေး"** နှင့် **"ဖွံ့ဖြိုးတိုးတက်မှုရရှိရေး"**ဆိုသည့် ဦးစားပေးရည်မှန်းချက်နှစ်ရပ်ကို အရှိန်အဟုန်ဖြင့် ဖော်ဆောင်လျက်ရှိရာတွင် ဤစွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုသည် အဓိက မောင်းနှင်အားတစ်ခုအဖြစ် အခိုင်အမာ တည်ရှိနေပါသည်။

ဟန်ချက်ညီညီဖော်ဆောင်သွားရန် အထူးပင်လိုအပ်

နိုင်ငံတစ်ဝန်းရှိ စက်မှုနှုန်ကြီးများ၊ အသေးစား နှင့် အလတ်စားလုပ်ငန်းငယ်များအပြင် ပြည်သူတစ်ရပ်လုံး၏ နေ့စဉ်ဘဝလှုပ်ရှားမှုများအတွက် တည်ငြိမ်ပြီး လုံလောက်သော လျှပ်စစ်စွမ်းအင်ကို အပြည့်အဝဖြည့်ဆည်းပေးနိုင်ရေးသည် လက်ရှိ အချိန်တွင် မြန်မာနိုင်ငံ ရင်ဆိုင်ကျော်ဖြတ်ရမည့် အဓိကကျပြီး အရေးအကြီးဆုံး စိန်ခေါ်မှုတစ်ရပ် ဖြစ်နေပေရာ ဤမဟာဗျူဟာမြောက် လိုအပ်ချက်များကို ဉာဏ်ပညာရှိရှိဖြင့် ဟန်ချက်ညီညီ ဖော်ဆောင်သွားရန် အထူးပင် လိုအပ်ပါသည်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု၏ လူနေမှုအဆင့်အတန်း မြင့်မားစေရေးအတွက် လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေးက အလွန်အရေးကြီးပါသည်။

ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများသည် ရေရှည်စဉ်ဆက်မပြတ် ဓာတ်အားထုတ်လုပ်ရန် အရေးကြီးသဖြင့် ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်ကာ ဧရာဝတီမြစ်ကြီးပေါ်တွင်လည်း ဓာတ်အားပေးစက်ရုံများ တည်ဆောက်နိုင်ရေး လေ့လာမှု လုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နေရမည် ဖြစ်ပါသည်။ ထို့ပြင် မြစ်ဆုံစီမံကိန်းအပါအဝင် လျှပ်စစ်စီမံကိန်းများကို ဆောလျင်စွာ အကောင်အထည်ဖော်နိုင်ပါက နိုင်ငံတော်အတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားများကို အပြည့်အဝ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပြီး ပြည်သူလူထု၏ လူမှုစီးပွားဘဝအဆင့်အတန်း မြင့်မားစေမည်ဖြစ်ပါသည်။

နိုင်ငံတော်အတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားများကို ရရှိနိုင်မည့် နည်းလမ်းမျိုးစုံဖြင့် ရှာဖွေရာတွင် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းနှင့် နျူကလီးယားစွမ်းအင်သုံး လုပ်ငန်းများကိုပါထည့်သွင်းစဉ်းစားလျက်ရှိကြောင်း သိရပါသည်။ ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိရေးစီမံချက် ပြည့်မီစေရန် အတွက် ၆၆၀ မဂ္ဂါဝပ်အထိ ထွက်ရှိမည့်၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို အနည်းဆုံးဖြစ်စေမည့် အဆင့်မြင့်ပညာသုံး ကျောက်မီးသွေးဓာတ်အားပေးစက်ရုံကို ငါးနှစ်အတွင်း အဆင့်လိုက် တည်ဆောက်သွားမည့်အပြင် နျူကလီးယားစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

နိုင်ငံတော်၏ စက်မှုလက်မှုကဏ္ဍ သိသာထင်ရှားစွာ မြင့်မားလာစေရန်နှင့် မြို့ပြဒေသများ သာမက ဝေးလံခေါင်သီသော ကျေးလက်ဒေသများပါ ကျယ်ကျယ်ပြန့်ပြန့် ဖွံ့ဖြိုးတိုးတက်လာစေရန် အတွက် သန့်ရှင်းပြီး စွမ်းအားပြည့်ဝသော လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးမှာ မရှိမဖြစ် လိုအပ်ချက်တစ်ခု ဖြစ်လာပါသည်။ စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုရှိဘဲ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်ရန် မဖြစ်နိုင်ပါ။ သဘာဝပတ်ဝန်းကျင်နှင့်ကိုက်ညီပြီး ပြန်လည်ပြည့်ဖြိုးမြဖြစ်သော ရေအားလျှပ်စစ်ကဲ့သို့သော စွမ်းအင်အရင်းအမြစ်များကို စနစ်တကျဖော်ထုတ်အသုံးချသွားခြင်းအားဖြင့် နိုင်ငံ၏ စီးပွားရေးတည်ငြိမ်မှုနှင့် ရေရှည်တိုးတက်မှုကို အဓိကကျောရိုးသဖွယ် အကောင်းဆုံး ထောက်ပံ့ပေးနိုင်မည်ဖြစ်ပါသည်။

ဧရာဝတီမြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကို အကောင်းဆုံးဦးတည်လျက်ရှိ

ထိုသို့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ခေတ်မီအင်ဂျင်နီယာ နည်းပညာများ၊ အဆင့်မြင့် စံချိန်စံညွှန်းများနှင့် နိုင်ငံတကာ အတွေ့အကြုံများကို အပြည့်အဝအသုံးချနိုင်ရန်အတွက် မိတ်ဖက်နိုင်ငံများနှင့် ကျွမ်းကျင်ပညာရှင်အဖွဲ့အစည်းများက နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ရေရှည် တည်တံ့ခိုင်မြဲမည့် အောင်မြင်သောစီမံကိန်းတစ်ခု ဖြစ်လာစေရန် **ဧရာဝတီမြစ်ဆုံရေအားလျှပ်စစ် စီမံကိန်း**ကို အကောင်းဆုံးဦးတည်လျက်ရှိပါသည်။

ဤကဲ့သို့သော ကြီးမားသည့် စွမ်းအင်စီမံကိန်း ကြီးများမှ အောင်မြင်စွာထွက်ရှိလာမည့် ဓာတ်အား များသည် နိုင်ငံတော်၏ ပြည်တွင်းစွမ်းအင်လုံခြုံရေးကို ရေရှည်ခိုင်မာစေမည့် အဓိက အုတ်မြစ်တစ်ခု ဖြစ်သို့ ရောက်ရှိစေမည်ဖြစ်ပါသည်။ စက်မှုဇုန်ကြီးများတွင် လျှပ်စစ်မီးပြတ်တောက်မှုမရှိဘဲ စဉ်ဆက်မပြတ်ချောမွေ့စွာ လည်ပတ်လာနိုင်ခြင်း အားဖြင့် ကုန်ထုတ်လုပ်မှုကဏ္ဍများ အရှိန်အဟုန်ဖြင့် မြင့်တက်လာကာ နိုင်ငံတကာစျေးကွက်များနှင့် ရင်ပေါင်တန်း ယှဉ်ပြိုင်နိုင်စွမ်းများကိုပါ အပြည့်အဝ ပိုင်ဆိုင်လာစေမည် ဖြစ်ပါသည်။

ထို့ပြင် ကျေးလက်ဒေသများအထိပါ လျှပ်စစ်မီးကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးပေးနိုင်ခြင်းဖြင့် ပြည်သူတစ်ရပ်လုံး၏ နေ့စဉ်လှုပ်ရှားဘဝ အရည်အသွေးများ မြင့်မားလာကာ ပညာရေး၊ ကျန်းမာရေးနှင့် ခေတ်မီနည်းပညာသုံး စီးပွားရေးလုပ်ငန်းများကို ပိုမိုကျယ်ပြန့်စွာ တိုးချဲ့ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါသည်။

စီမံကိန်းကို ဒေသတွင်းနိုင်ငံများနှင့် ရေရှည် အကျိုးတူ ပူးပေါင်းတည်ဆောက်ခြင်းသည် နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေများကို တိုးမြှင့်ရှာဖွေ ပေးနိုင်ရုံသာမက နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ ကိုပါ ဖိတ်ခေါ်နိုင်သည့် အလားအလာကောင်းများကို ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။ အိမ်နီးချင်း မိတ်ဖက် နိုင်ငံများနှင့် နည်းပညာ၊ အရင်းအနှီးနှင့် စွေးကွက် များကို အနီးကပ်ချိတ်ဆက် ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံ၏ စီးပွားရေးအခြေခံအဆောက်အအုံများကို ခေတ်မီဆန်းသစ်လာစေရန် အကောင်းဆုံး အထောက်အကူပြုမည်ဖြစ်ပါသည်။

ရေအားလျှပ်စစ်စီမံကိန်းများကို အကောင် အထည်ဖော်ရာတွင် **စီမံကိန်းဇရိယာအတွင်းရှိ** ဒေသခံပြည်သူများ၏ အကျိုးစီးပွားနှင့် လူမှုဖူလုံရေး ကို ဦးစားပေးလုပ်ဆောင်ခြင်းသည် ရေရှည်တည်တံ့ ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အကျဆုံးသော အုတ်မြစ်တစ်ခုဖြစ်ပါသည်။ **မြစ်ဆုံ ရေအားလျှပ်စစ်စီမံကိန်းကြောင့် ဒေသခံပြည်သူများ အထူးသဖြင့်ကချင်ပြည်နယ်အတွက်ဝေါမိအဆောက် အအုံများ၊ လမ်းပန်းဆက်သွယ်ရေး၊ သန့်ရှင်းသော သောက်သုံးရေ၊ လျှပ်စစ်မီး၊ ကျန်းမာရေးနှင့် ပညာ ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ပါဝင် ကောင်းမွန်သည့် ပြန်လည်နေရာချထားရေးအစီအမံ များကို အပြည့်အဝခံစားရရှိစေမည်ဖြစ်ပါသည်။**

"အကျိုးတူပူးပေါင်းဆောင်ရွက်မှု"စနစ်များ ဖော်ထုတ်ကျင့်သုံးသွားမည်

ထို့ပြင် ဒေသခံတို့၏ ရိုးရာအသက်မွေး ဝမ်းကျောင်းလုပ်ငန်းများကို လေးစားတန်ဖိုးထား သည့်အပြင် ခေတ်မီစိုက်ပျိုးမွေးမြူရေးနှင့် အသက် ဘူမိဗေဒပညာရှင်များ၊ သဘာဝပတ်ဝန်းကျင် ကျွမ်းကျင်သူများနှင့် လွတ်လပ်သော သုတေသီများ ပါဝင်သည့်အဖွဲ့စုံတို့က သိပ္ပံနည်းကျ တိကျသေချာ စွာဖြင့် စိစစ်လေ့လာဆန်းစစ်နိုင်ရေး အခိုင်အမာ လုပ်ဆောင်ထားပြီး ဖြစ်ပါသည်။

ထို့ပြင် ဒေသတွင်း တည်ရှိသည့် မြစ်ကြီးနား တက္ကသိုလ်မှ ဘူမိဗေဒပညာရှင်များ၊ သုတေသီများ နှင့် ပညာရှင်အဖွဲ့အစည်းများအနေဖြင့်လည်း ဒေသန္တရ ဘူမိဗေဒဆိုင်ရာ အချက်အလက်များ၊ ရေမြေအနေအထားနှင့် သဘာဝပတ်ဝန်းကျင် သက်ရောက်မှု လေ့လာဆန်းစစ်ရေးလုပ်ငန်းများ တွင် တက်ကြွစွာ ပူးပေါင်းပါဝင်လျက်ရှိရာ ဒေသ အခြေပြု သိပ္ပံနည်းကျ သုတေသနလုပ်ငန်းများနှင့် စိစစ်သုံးသပ်ချက်များအတွက် အဓိကကျသော အသိပညာအထောက်အကူပြု အခန်းကဏ္ဍမှ အခိုင် အမာ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

ထို့အတူ စီမံကိန်းနှင့်ပတ်သက်သည့် သတင်း အချက်အလက်များကို သက်ဆိုင်သူအားလုံးထံသို့ ပွင့်လင်းမြင်သာစွာ ချပြခြင်းနှင့် ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများနှင့် အရပ်ဘက်အဖွဲ့အစည်းများ ပါဝင်သော လူထုတွေ့ဆုံဆွေးနွေးပွဲများ ကျင်းပခြင်း ဖြင့် ပြည်သူလူထု၏ သံသယများကို ထိရောက်စွာ ဖြေလျှော့ပေးလျက်ရှိပါသည်။ ဤကဲ့သို့ အားလုံး ပါဝင်သည့် ပွင့်လင်းမြင်သာသော ဆွေးနွေးတိုင်ပင်မှု စနစ်ကို ကျင့်သုံးခြင်းအားဖြင့် စီမံကိန်းအတွက် အကောင်းဆုံးသော သင့်မြတ်သည့် သဘောတူညီ ချက်များကို ရရှိစေနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုပါ ဆွဲဆောင်လာနိုင်မည်

ကြီးမားသော စွမ်းအင်မဟာစီမံကိန်းကြီးများကို အကောင်အထည်ဖော်ခြင်းသည် **မြန်မာနိုင်ငံ၏ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး လမ်းခရီးနှင့် ရေရှည် တည်တံ့သော စွမ်းအင်မဟာဗျူဟာ**၏ တစ်စိတ် တစ်ပိုင်းအဖြစ် နိုင်ငံတော်၏ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးရုံသာမက ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အတွက် အခြားသော နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ ကိုပါ ဆွဲဆောင်လာနိုင်မည်ဖြစ်ပါသည်။

လျှပ်စစ်စွမ်းအင် အရင်းအမြစ်များ ခိုင်မာစွာ တည်ရှိနေခြင်းသည် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံ သူများအတွက် အဓိကကျသော အခြေခံအုတ်မြစ် ဖြစ်သည့်အလျောက် စက်မှုဇုန်အသစ်များ တည်ထောင်ခြင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် နည်းပညာအခြေခံလုပ်ငန်းများ တိုးချဲ့လာခြင်းတို့ကို ဖြစ်ပေါ်စေကာ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ကျယ်ကျယ်ပြန့်ပြန့် ဝင်ရောက်လာစေရန် အထောက်အကူပြုမည်ဖြစ်ပါသည်။

ထို့ကဲ့သို့ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများနှင့် စွမ်းအင်ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှားလာခြင်း ကြောင့် နိုင်ငံတော်အတွက် ဘက်စုံမှ အကျိုးကျေးဇူး များ ဖြစ်ထွန်းလာစေပြီး နိုင်ငံတော်၏ ဘဏ္ဍာငွေနှင့် ဝင်ငွေတိုးတက်မှုကို တိုက်ရိုက်အထောက်အကူပြု စေမည်ဖြစ်ပါသည်။ စီမံကိန်းများမှ ရရှိလာမည့် အခွန်အကောက်များ၊ ဝင်ငွေခွဲဝေမှုများနှင့် စီးပွား ရေးလုပ်ငန်းများ တိုးချဲ့လာမှုတို့ကြောင့် နိုင်ငံတော်၏ ဘတ်ဂျက်ဝင်ငွေများ သိသာထင်ရှားစွာ တိုးတက်လာမည်ဖြစ်ကာ တိုင်းပြည်တည်ဆောက် ရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် ဒေသန္တရ ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ငွေကြေးအရင်းအနှီးများကို ပိုမိုတိုးမြှင့်သုံးစွဲနိုင်မည်ဖြစ်ပါသည်။

စာမျက်နှာ ၁၁ သို့ ✻

နိုင်ငံတော်၏ စက်မှုလက်မှုကဏ္ဍ သိသာထင်ရှားစွာ မြင့်မားလာစေရန်နှင့် မြို့ပြဒေသများသာမက ဝေးလံခေါင်သီသော ကျေးလက်ဒေသများပါ ကျယ်ကျယ်ပြန့်ပြန့် ဖွံ့ဖြိုးတိုးတက်လာစေရန် အတွက် သန့်ရှင်းပြီး စွမ်းအားပြည့်ဝသော လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးမှာ မရှိမဖြစ် လိုအပ်ချက်တစ်ခုဖြစ်လာပါသည်။ စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုရှိဘဲ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်ရန် မဖြစ်နိုင်ပါ။ သဘာဝပတ်ဝန်းကျင်နှင့်ကိုက်ညီပြီး ပြန်လည်ပြည့်ဖြိုးမြဖြစ်သော ရေအားလျှပ်စစ်ကဲ့သို့သော စွမ်းအင်အရင်းအမြစ်များကို စနစ်တကျဖော်ထုတ်အသုံးချသွားခြင်းအားဖြင့် နိုင်ငံ၏ စီးပွားရေးတည်ငြိမ်မှုနှင့် ရေရှည်တိုးတက်မှုကို အဓိကကျောရိုးသဖွယ် အကောင်းဆုံးထောက်ပံ့ပေးနိုင်မည်ဖြစ်ပါသည်။



တနင်္သာရီတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှု ဖြစ်ပွားခဲ့သည့်နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၀

မြန်မာနိုင်ငံအတွင်း ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် ကုန်းတွင်းမုန်တိုင်းငယ်၏အရှိန်ကြောင့် တနင်္သာရီ တိုင်းဒေသကြီးအတွင်း စက်တင်ဘာ ၂၆ ရက် ညနေ ပိုင်းမှစတင်၍ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်း ပြီး မြို့နယ်အချို့တွင် မြစ်ရေဝင်ရောက်မှုဖြစ်ပွားခဲ့ သည့်အပြင် ထားဝယ်-လောင်းလုံး-ကျောက်နီမော်-ရှင်မော်လမ်းမကြီးပေါ်ရှိ နေရာအချို့တွင် ရေကျော် ခြင်း၊ မြေပြိုကျ၍လမ်းပိတ်ခြင်းနှင့် လမ်းပေါ်ရှိ တံတားများတွင် အမှိုက်များပိတ်ဆို့ခြင်းများ ဖြစ်ပေါ် ခဲ့သည်။

အဆိုပါထားဝယ်-လောင်းလုံး-ကျောက်နီမော်-ရှင်မော် လမ်းမကြီးပေါ်ရှိ မြေပြိုကျ၍ လမ်းပိတ်ဆို့မှု များ ဖြစ်ပွားခဲ့သည့်နေရာများနှင့် သဘာဝဘေး အန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကျေးရွာ ရပ်ကွက်များတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာန ချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဌာန ဆိုင်ရာတာဝန်ရှိသူများ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူ များပါဝင်သော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် လူအင်အား၊ စက်ယန္တယားများအသုံးပြု၍ အပျက် အစီးများဖယ်ရှားခြင်း၊ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ လမ်းပေါ်ရှိမြေစိုင်ခဲများ ဖယ်ရှားခြင်းများ ဆက်လက်ဆောင်ရွက်ပေးပြီး သောက်သုံးရေများ ဖြန့်ဝေပေးသည်။

ထို့ပြင် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များက လောင်းလုံးမြို့ဝန်းကျင်ဒေသရှိ သဗျာ၊ ပညှင်း၊ ညှင်းမှော်၊ ပြင်းထိန်၊ ပိန်းရှောင်၊ စန်းလှမ်းကျေးရွာ များရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့် ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အတူ တနင်္သာရီမြို့ ချောင်းကြီးရပ်ကွက်ရှိ ရေဘေးသင့်ဒေသခံပြည်သူများအား နယ်မြေခံ ဆေးကုသရေးအဖွဲ့များနှင့် ဌာနဆိုင်ရာအဖွဲ့အစည်း များပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း များကို ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ သရက်ချောင်းမြို့နယ် ရေဘေးသင့် ဒေသခံပြည်သူများအား ယနေ့မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ ကမ်းရိုးတန်း ဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက သွားရောက် တွေ့ဆုံ၍ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး သရက်ချောင်းမြို့အတွင်း မြစ်ရေမြင့်တက် ချိန်တွင် နစ်မြုပ်ခဲ့သည့်နေရာများအား လှည့်လည် ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင် ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

တပ်ကုန်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းကြည့်ရှု

တပ်ကုန်း အောက်တိုဘာ ၁၀

ပြည်ထောင်စု နယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် အတွင်း ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီး ဌာနမှ ဆောင်ရွက်သည့် လုပ်ငန်း များကို အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းက ပြည်ထောင်စု နယ်မြေ နေပြည်တော်ကျေးလက် လမ်းဖွံ့ဖြိုးရေးဦးစီးဌာနညွှန်ကြား ရေးမှူး(မြို့ပြ) ဒေါ်အေးအေးဝင့် နှင့် ခရိုင်၊ မြို့နယ်များမှ တာဝန်ရှိ သူများသည် စက်ယန္တရားဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက် နေမှုများကို ကွင်းဆင်းစစ်ဆေး ပြီး လုပ်ငန်းများကို သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီ ပြီးစီးစေရေး သက်ဆိုင်ရာတာဝန် ရှိသူများအား ဆွေးနွေးမှာကြား ခဲ့ကြောင်း သိရသည်။ **တင်စိုးလွင်**



ရွှေဘိုမြို့၌ တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေး သင်တန်းဖွင့်

ရွှေဘို အောက်တိုဘာ ၁၀

စစ်ကိုင်း တိုင်းဒေသကြီး ရွှေဘိုခရိုင် မွေးမြူရေးနှင့် ကုသ ရေးဦးစီးဌာနက တိရစ္ဆာန် ကောင်ရေစာရင်း ကောက်ယူ ရာတွင် လုပ်ငန်းဆောင်ရွက်မှုများ စနစ်တကျရှိစေရန်၊ စာရင်း အချက်အလက်များ မှန်ကန် ပြည့်စုံစွာ ကောက်ယူနိုင်ရန်နှင့် စာရင်းကောက်ယူရေး လုပ်ငန်း များ ထိရောက်စွာဆောင်ရွက် နိုင်ရန်ရည်ရွယ်၍ တိရစ္ဆာန် ကောင်ရေစာရင်း ကောက်ယူရေး သင်တန်းကို အောက်တိုဘာ ၉ ရက်တွင် ရွှေဘိုမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်း အဝေးခန်းမ၌ ဖွင့်လှစ်သင်ကြား ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ၁၃ ဦး၊ ရပ်/ကျေးစာရေး ၇၀ တက်ရောက်သင်ကြားသည်။



သင်ကြားပို့ချ

ဦးစွာ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန ခရိုင်ဦးစီးမှူးက အမှာစကားပြောကြားပြီး မြို့နယ် ဦးစီးမှူးက တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူရာတွင် လိုက်နာ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ စာရင်းကောက်ယူမှု နည်းလမ်း များ၊ အချက်အလက်များ စုစည်းတင်ပြရေးတို့ကို သင်ကြား ပို့ချပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



လပွတ္တာမြို့နယ်အတွင်းရှိ မီးသတ်ရေလှောင်ကန်များ ရေရှားပါးမှု ဖြစ်ပေါ်ပါက အသင့်အသုံးပြုနိုင်ရေးအတွက် အောက်တိုဘာ ၈ ရက်က ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုလှိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစံရင်မော်နှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် မီးသတ်ဦးစီးမှူးတို့ပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် ရေဖြည့်တင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

ခရိုင်(ပြန်/ဆက်)

မော်လိုက်ခရိုင်အတွင်း အယ်လ်နီညိုသဘာဝဘေး ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှု

မော်လိုက် အောက်တိုဘာ ၁၀

စစ်ကိုင်း တိုင်းဒေသကြီး မော်လိုက်မြို့တွင် အယ်လ်နီညိုသဘာဝဘေး ကြုံတွေ့လာပါက ထိရောက်စွာ ကူညီထောက်ပံ့ နိုင်ရေးနှင့် ရေရှားပါးပြတ်လပ်မှု မရှိစေရေးအတွက် ကြိုတင် ပြင်ဆင်ရေးလုပ်ငန်းများအနေဖြင့် ရေတွင်း၊ ရေကန်များ၊ ရေလှောင် တွင်းများ၊ အပူရှောင်စခန်းများ ပြင်ဆင်ထားမှုကို အောက်တိုဘာ ၈ ရက် နံနက်ပိုင်းက ခရိုင်စီမံခန့်ခွဲ ရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် ခရိုင်/မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။

တာဝန်ရှိသူများသည် အပူဒဏ် အန္တရာယ်ကျရောက်ပါက ရေရှား ပါးမှုမရှိစေရေးအတွက် အဝီစိ တွင်းမှရေတင်၍ ရပ်ကွက်နေ ပြည်သူများသို့ ရေပေးဝေနေသည့် ညောင်ပင်သာ ဘုန်းကြီးကျောင်းရှိ ဂါလန် ၆၀၀၀ ဆံ့ ရေလှောင်ကန် နှင့် မြို့မ(၁) သရက်ကုန်းရပ်ကွက် ရှိ ဂါလန် ၃၆၀၀ ခန့် ရေသိုလှောင် ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေး သည်။

ထို့နောက် ကြောင်ပင်ဘုန်းကြီး ကျောင်းတွင် အပူရှောင်စခန်း ဖွင့်လှစ်ထားရှိမှုနှင့် ဘုန်းကြီး ကျောင်းအတွင်း ရေလှောင်တွင်းမှ ရေပေးဝေနေသည့် ဂါလန် ၁၆၀၀ ဆံ့ ရေသိုလှောင်ကန်တို့ကို ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



✻ စာမျက်နှာ ၁၀ မှ

နိုင်ငံတော်အစိုးရ၏ ဦးစားပေးရည်မှန်းချက် နှစ်ရပ်ဖြစ်သည့် **တိုင်းပြည်တည်ငြိမ်အေးချမ်းရေး နှင့် ဖွံ့ဖြိုးတိုးတက်ရေး**တို့ကို လက်တွေ့ဘဝတွင် အမှန်တကယ် အောင်မြင်ဖြစ်ထွန်းလာစေရန် အတွက် စီးပွားရေးနှင့် စွမ်းအင်ဆိုင်ရာ အောင်မြင် တိုးတက်မှုများမှာ အဓိက မောင်းနှင်အားပင်ဖြစ်ပါ သည်။ တည်ငြိမ်လုံလောက်သောစွမ်းအင်စနစ်၊ စဉ်ဆက်မပြတ်ဝင်ရောက်လာမည့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများနှင့် နိုင်ငံတော်ဝင်ငွေတိုးတက်မှု တို့ ဟန်ချက်ညီညီ ပေါင်းစပ်သွားခြင်းအားဖြင့် နိုင်ငံတော်၏ မျှော်မှန်းချက်ပန်းတိုင်များကို အပြည့် အဝ အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါသည်။ ထိုမှတစ်ဆင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွား ဘဝများကို အဆင့်အတန်းမြင့်မားစွာဖြင့် ရေရှည် တည်တံ့ခိုင်မြဲသောအနာဂတ်ဆီသို့ အောင်မြင်စွာ ပို့ဆောင်ပေးနိုင်မည်ဖြစ်ပါသည်။

သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များကို အထူးစာနာထောက်ထား

နိုဂုံးချုပ်အားဖြင့် ဆိုရသော် **နိုင်ငံတော်အနေဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မလွဲမသွေ လိုအပ်လျက်ရှိသော စွမ်းအင်လိုအပ်ချက်များကို ဖြည့်ဆည်းပေးရေးနှင့် နိုင်ငံ၏ အသက်သွေးကြော ဖြစ်သည့် ဧရာဝတီမြစ်ဝှမ်းဒေသ၏ သဘာဝပတ်ဝန်း ကျင်နှင့် ဂေဟစနစ်များကို အထူးစာနာထောက်ထား ကာ နောင်လာမည့် မျိုးဆက်သစ်တို့အတွက် အမွေအနှစ်တစ်ရပ်အဖြစ် အလေးထားကာကွယ် စောင့်ရှောက်ရေး**ဟူသော ရည်မှန်းချက်နှစ်ရပ်ကို တစ်သားတည်းဖြစ်စေကာ ဟန်ချက်ညီညီ ထင်ဟပ်မိ လျက် အစဉ်တစိုက်မူဝါဒချမှတ် အကောင်အထည် ဖော် ဆောင်ရွက်လျက်ရှိပါသည်။

အထူးသဖြင့် **ဧရာဝတီမြစ်ဆုံရေအားလျှပ်စစ်စီမံ ကိန်းကဲ့သို့သော မဟာစီမံကိန်းကြီးများကိုရှုမြင်သုံးသပ် ရာတွင် နိုင်ငံတော်၏ အနာဂတ်အကျိုးစီးပွား၊ ပြည်သူ တို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အကျိုးဆက်များ ကို ဘက်ပေါင်းစုံမှ စေ့စေ့စပ်စပ် ခြုံငုံသုံးသပ်လျက် စဉ်းစားတွေးခေါ်ကာ အမြော်အမြင်ကြီးမားစွာဖြင့် ဦးဆောင်အကောင်အထည်ဖော်လျက်ရှိပေသည်။**

သို့ဖြစ်ပါ၍ အားလုံးပါဝင်သည့် ပွင့်လင်းမြင်သာ သော ဆွေးနွေးတိုင်ပင်မှုများ၊ ခေတ်မီနည်းပညာသုံး ပတ်ဝန်းကျင်ကာကွယ်မှုများနှင့် တရားမျှတသော အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများကို ခိုင်မာစွာ အခြေခံလျက် နိုင်ငံနှင့်ပြည်သူ နှစ်ဦးနှစ်ဖက်လုံး အတွက် ရေရှည်အကျိုးဖြစ်ထွန်းစေမည့် **ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးလမ်းခရီးနှင့် ရေရှည်တည်တံ့ သော စွမ်းအင်မဟာဗျူဟာကို ဖော်ဆောင်နိုင်ရန် အတွက် ဧရာဝတီမြစ်ဆုံ ရေအားလျှပ်စစ်မဟာစီမံ ကိန်းကြီး**ကို ပြည်သူလူထုတစ်ရပ်လုံး၏ အကျိုး စီးပွားကို အမှန်တကယ်ရှေးရှုလျက် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားကြပါစို့ဟု လေးနက်စွာ တိုက်တွန်းအပ်ပါသည်။ ။

မုံရွာမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

မုံရွာ အောက်တိုဘာ ၁၀

စစ်ကိုင်း တိုင်းဒေသကြီး မုံရွာမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ပညာသင်ကြားနေသည့် ကျောင်းသားကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးအတွက် ခြင်များပေါက်ပွားနိုင်သည့် သစ်ပင်ချုံနွယ်များ၊ ပလတ်စတစ်အမှိုက်များနှင့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းများကို ယနေ့နံနက်ပိုင်းတွင် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်းဆောင်ရွက်ကြသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို စစ်ကိုင်း တိုင်းဒေသကြီး ဝန်ကြီးချုပ်



ဦးကိုလေးသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ အဆိုပါ ကျောင်းဝင်းအတွင်းရှိမိုးလုံလေလုံ အားကစားခန်းမနှင့် ကျောင်းအဆောက်အအုံများ ကြံခိုင်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး အားကစား အဆင့်အတန်း တိုးတက်မြင့်မားလာစေရန်အတွက် ကျောင်းတွင်း အားကစားပြိုင်ပွဲများ စဉ်ဆက်မပြတ် ကျင်းပဆောင်ရွက်သွားရေး၊ ကျောင်းဆောင် အဆောက်အအုံများ အတွင်း အပြင် အဖြဲသန့်ရှင်းသပ်ရပ်မှု ရှိစေရေး၊ ကျောင်းသုံး ပရိဘောဂ ပစ္စည်းများနှင့် သင်ထောက်ကူ ပစ္စည်းများ ပြည့်စုံလုံလောက်မှု ရှိစေရေးတို့နှင့် စပ်လျဉ်း၍ မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



လှည်းကူးပညာရေးဒီဂရီကောလိပ်၌ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အငြိမ်းစားဆရာကြီး ဆရာမကြီးများအား ပူဇော်ပွဲကျင်းပ

လှည်းကူး အောက်တိုဘာ ၁၀

ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် (၇၅)နှစ်အထက် အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ပူဇော်ပွဲအခမ်းအနားကို လှည်းကူး ပညာရေးဒီဂရီကောလိပ်၌ ပညာ့အားမာန်ခန်းမ၌ အောက်တိုဘာ ၉ ရက်က ကျင်းပသည်။

ဦးစွာ အပူဇော်ခံ ဆရာကြီး ဆရာမကြီးများအား ကန်တော့ခံပစ္စည်းများဖြင့် ရှိခိုးကန်တော့ကာ ကန်တော့ခံပစ္စည်းများကို ပေးအပ်ကြသည်။ ထို့နောက် အပူဇော်ခံ အငြိမ်းစားဆရာကြီး ဦးစိုးမင်း ဌာနမှူး(စိမ်)(ရန်ကင်းပညာရေးကောလိပ်)က ဆုံးမသြဝါဒစကား ပြောကြားခဲ့ကြောင်း သိရသည်။

အိန္ဒြေစင်လတ်(ပြန်/ဆက်)

လက်ပံတန်းမြို့နယ်၌ တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူခြင်းဆိုင်ရာ ဆင့်ပွားသင်တန်း ဖွင့်လှစ်



လက်ပံတန်း အောက်တိုဘာ ၁၀

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်တွင် ၂၀၂၆ ခုနှစ် တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းကို အောက်တိုဘာ ၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကား ပြောကြားပြီး မြို့နယ်တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီအတွင်းရေးမှူးက တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ ၁၀၂ ဦးတက်ရောက်ခဲ့ပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူးက မေးခွန်းလွှာအား စာတွေ့၊ လက်တွေ့ ရှင်းလင်းသင်ကြားပေးကာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများနှင့်အတူ လက်တွေ့သရုပ်ပြသခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မိုးညှို့မြို့နယ်၌ နွေစပါးရာသီတွင် ရေဆင်းပေါ်ဆန်းစပါးမျိုးများ တိုးချဲ့စိုက်ပျိုးရေး တောင်သူများနှင့် ဆွေးနွေး

မိုးညှို့ အောက်တိုဘာ ၁၀

ပဲခူးတိုင်းဒေသကြီး မိုးညှို့မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံး၌ မြို့နယ်အုပ်ချုပ်ရေးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး၊ မြို့နယ်စိုက်ပျိုးကြီးကြပ်မှု ကော်မတီဝင်များက သာယာကုန်းအုပ်စု၊ ဇီးပင်အုပ်စု၊ ငါးကယ်အုပ်စု၊ ညောင်ပိုင်းအုပ်စု တို့မှ နွေစပါးစိုက်တောင်သူ ၅၄ ဦးတို့နှင့်တွေ့ဆုံ၍ တောင်သူများ တစ်ဧကဝင်ငွေ တိုးတက်ပြီး လူမှုစီးပွားဘဝ မြင့်မားလာရန် အတွက် ပြည်ပဈေးကွက်ဝယ်လို



အားရှိပြီး ဈေးကောင်းရရှိနိုင်သည့် ရေဆင်းပေါ်ဆန်း(၁)နှင့် (၂) စပါးမျိုးများ နွေစပါးရာသီတွင် တိုးချဲ့စိုက်ပျိုးနိုင်ရေး ယမန်နေ့နံနက် ပိုင်းက နည်းပညာပေး တွေ့ဆုံ ဆွေးနွေးသည်။

ဆွေးနွေးရာတွင် ပြည်ပ ဈေးကွက် ဝယ်လိုအားနှင့် ဈေးကောင်းရရှိနိုင်မှု အခြေအနေ၊ တစ်ဧကအထွက်နှုန်း ကောင်းမွန်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်းအချက်ကြီး(၄)ချက်ကို ဟန်ချက်ညီညီ ဆောင်ရွက်ရမည့်အခြေအနေများနှင့် ရေဆင်းပေါ်ဆန်းစပါး မျိုးကောင်းမျိုးသန့် စပါးမျိုးများရရှိရေးအတွက် ယခုနှစ် ၂၀၂၆ - ၂၀၂၇ ခုနှစ် မိုးစပါးတွင် ရေဆင်းပေါ်ဆန်း စပါးမျိုးများ မျိုးသန့်မျိုးပွားစိုက်ပျိုးထားသော တောင်သူများနှင့် မိတ်ဆက်ပေးပြီး ထွက်ရှိလာသော ရေဆင်းပေါ်ဆန်း(၁)နှင့် (၂) စပါးမျိုးများ ဝယ်ယူစိုက်ပျိုးနိုင်ရေး တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ကိုမင်း(ပြန်/ဆက်)

ဆီဆိုင်မြို့နယ်တွင် ကျေးရွာမြေဌားဂရန်ပေးအပ်ပွဲ ကျင်းပ

ဆီဆိုင် အောက်တိုဘာ ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် နောင်ကျောကျေးရွာအုပ်စု ဟော်တောင်/ ဟော်မြောက် ကျေးရွာတွင် ဒေသခံပြည်သူများအား ကျေးရွာမြေဌားဂရန် ပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၈ ရက်က အဆိုပါကျေးရွာရှိ ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အထွေထွေအုပ်ချုပ်ရေးဦးစီးမှူးရုံး ညွှန်ကြားရေးမှူးက အမှာစကားပြောကြားပြီး ကျေးရွာမြေဌားဂရန်လက်မှတ်များကို အသီးသီးပေးအပ်ခဲ့ကြသည်။



အဆိုပါပေးအပ်ပွဲတွင် အိမ်ထောင်စု ၃၁၇ စုအား ကျေးရွာမြေဌားဂရန်လက်မှတ်များ ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

လင်းခေးမြို့နယ်၌ လူထုအသိပညာပေး ဟောပြော

လင်းခေး အောက်တိုဘာ ၁၀

လင်းခေးမြို့နယ် ဝမ်ဟတ်တိုက်နယ်အတွင်းရှိ ပြည်သူများအား အားအသိပညာပေးဟောပြောပွဲကို ဝမ်တိန်းကျေးရွာ အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၇ ရက်တွင် ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ကျေးရွာလူထုစည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူးက ကျန်းမာရေး၊ ပညာရေးကဏ္ဍများ ဖွံ့ဖြိုးရေးဆိုင်ရာ သိကောင်းစရာများ၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးက စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆိုင်ရာများ အသိပညာပေး ဟောပြောသည်။

ဆက်လက်၍ လင်းခေးမြို့နယ် ရဲတပ်ဖွဲ့မှူးက မူးယစ်ဆေးဝါး အန္တရာယ် ပူးပေါင်းတားဆီးကာကွယ်နိုင်မှုနှင့် ဝမ်ဟတ်နယ်မြေရဲစခန်းမှူးက မှုခင်းဖြစ်စဉ်များလျော့နည်းကျဆင်းရေးဆိုင်ရာ အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

စိုင်းဇော်လတ်(လင်းခေး)



နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

ရုရှားထုတ် ဒီဇယ်ဆီများ အမေရိကန်နှင့် ကမ္ဘာ့ဈေးကွက်သို့တင်ပို့ရန် သဘောတူညီမှုရရှိကြောင်း ထရမ့်ပြောကြား

ဝါရှင်တန် အောက်တိုဘာ ၁၀

အမေရိကန်နိုင်ငံသို့သာမက ကမ္ဘာ့ဈေးကွက်များသို့ပါ ရုရှားနိုင်ငံထုတ် ဒီဇယ်ဆီများ တင်ပို့ရောင်းချရေးအတွက် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် သဘောတူညီမှုရရှိခဲ့ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ယမန်နေ့တွင် ပြောကြားခဲ့သည်။

ပူတင်နှင့် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး ဒီဇယ်ဆီတန်ချိန် ၃၀၀၀၀၀ ကျော်ကို ချက်ချင်းတင်ပို့ရန်၊ နိုဝင်ဘာလတွင် တန်ချိန် ၅၀၀၀၀၀ နှင့် ထို့နောက် တန်ချိန် တစ်သန်း ထပ်မံတင်ပို့ရန် သဘောတူညီခဲ့ကြောင်း သမ္မတထရမ့်က ၎င်း၏လူမှုကွန်ရက် စာမျက်နှာတွင် ရေးသားခဲ့သည်။ ထို့ပြင် ရုရှားနိုင်ငံရှိ ဒီဇယ်ချက်လုပ်စက်ရုံများ၏ အခြေအနေပေါ်မူတည်၍ တန်ချိန် သုံးသန်းကိုလည်း အချိန်တိုအတွင်း ထပ်မံပေးပို့သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

အလားတူ အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနကလည်း ရုရှားဒီဇယ်ဆီနှင့်ပတ်သက်၍ ချမှတ်ထားသည့် ပိတ်ဆို့အရေးယူမှုများကို လာမည့်နှစ် ဧပြီလအထိ တစ်စိတ်တစ်ပိုင်း ရုပ်သိမ်းပေးမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ယခုဖြစ်ပေါ်တိုးတက်မှုသည် ထရမ့်အစိုးရအပေါ် အမေရိကန်ပြည်သူများ၏ သဘောထားကို တိုင်းတာနိုင်သည့် အရေးပါသော အညွှန်းတစ်ခုအဖြစ် ရှုမြင်ခံထားရသည့် အမေရိကန်ကြားဖြတ် ရွေးကောက်ပွဲကို လာမည့်နိုဝင်ဘာလတွင် ကျင်းပရန် ပြင်ဆင်နေချိန်၌ ပေါ်ပေါက်လာခြင်းဖြစ်သည်။

ထရမ့်က ဒီဇယ်ဆီဈေးနှုန်းများ အမေရိကန်နိုင်ငံတွင်သာမက ကမ္ဘာတစ်ဝန်း၌ပါ လျင်မြန်စွာနှင့် စံချိန်တင်ပမာဏအထိ ကျဆင်းလာမည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။ အထူးသဖြင့် လယ်သမားများ၊ မွေးမြူရေးလုပ်ငန်းရှင်များနှင့် ကုန်တင်ယာဉ်မောင်းများအပါအဝင် အမေရိကန်ပြည်သူများအတွက် ဈေးနှုန်းသက်သာစေရေးသည် ၎င်း၏ အဓိကဦးစားပေးလုပ်ငန်းဖြစ်ကြောင်းလည်း ၎င်းက ပြောကြားခဲ့သည်။



အမေရိကန်နိုင်ငံအနေဖြင့် လိုအပ်နေသည့် ဒီဇယ်ဆီများ ရရှိမည်ဖြစ်သည့်အတွက် သမ္မတပူတင်အား ကျေးဇူးတင်ရှိပါကြောင်းနှင့် အလွန်ဝမ်းမြောက်မိကြောင်း သမ္မတ ထရမ့်က အိမ်ဖြူတော်၌ သတင်းထောက်များနှင့် တွေ့ဆုံစဉ် ထပ်လောင်းပြောကြားခဲ့သည်။ **အင်နီအိတ်ချ်ကေ**



တောင်ကိုရီးယားနိုင်ငံ၏ ပထမဆုံး ဟိုက်ပါဆွန်နစ်ဒုံးကျည် စမ်းသပ်ပစ်လွှတ်မှုအောင်မြင်

ဆိုးလ် အောက်တိုဘာ ၁၀

တောင်ကိုရီးယားနိုင်ငံက ၎င်း၏ ပထမဆုံး ဟိုက်ပါဆွန်နစ်ဒုံးကျည် စမ်းသပ်ပစ်လွှတ်မှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း တောင်ကိုရီးယား သမ္မတရုံးက ယမန်နေ့တွင် ကြေညာခဲ့သည်။

ဟိုက်ပါဆွန်နစ်ဒုံးကျည်သည် ကြားဖြတ်ဟန့်တားဖျက်ဆီးရန် အလွန်ခက်ခဲသည့် လက်နက်အမျိုးအစားသစ်ဖြစ်သည်။ အဆိုပါဒုံးကျည်၏ ထိပ်ပူးသည် အမြင့်ပိုင်း၌ တွန်းကန်အားပေးစနစ်မှ ခွဲထွက်ပြီးနောက် အသံ၏အမြန်နှုန်းထက် ငါးဆသို့မဟုတ် ၎င်းထက်ပိုမိုမြန်ဆန်သည့်နှုန်းဖြင့် အနိမ့်ပိုင်းမှ ပျံသန်းနိုင်ကာ ပျံသန်းလမ်းကြောင်းကိုလည်း ပြောင်းလဲနိုင်ကြောင်း သိရသည်။

ဒုံးကျည်ကို ပင်လယ်ပြင်ရှိ ပစ်လွှတ်စင်တစ်ခုမှ စမ်းသပ်ပစ်လွှတ်ခဲ့ခြင်းဖြစ်ပြီး ခွဲထွက်လာသည့် ထိပ်ပူးသည် ဒေါင်လိုက်နှင့် အလျားလိုက် ပျံသန်းလမ်းကြောင်းများကို ပြောင်းလဲကာ သတ်မှတ်ပစ်မှတ်သို့ တိကျစွာရောက်ရှိခဲ့ကြောင်း အတည်ပြုနိုင်ခဲ့သည်။အဆိုပါစမ်းသပ်မှုကို တောင်ကိုရီးယားသမ္မတ လီဂျယ်မြောင်က ကိုယ်တိုင်ကြီးကြပ်ခဲ့သည်။

တောင်ကိုရီးယားနိုင်ငံအနေဖြင့် ကိုယ်ပိုင်စွမ်းရည်များကို အသုံးပြု၍ နိုင်ငံတော်လုံခြုံရေးကို အာမခံသွားမည်ဖြစ်ကြောင်း သမ္မတလီက ပြောကြားခဲ့သည်။ထို့ပြင် နိုင်ငံကို ကာကွယ်စောင့်ရှောက်နိုင်သည့် မဟာဗျူဟာမြောက် လက်နက်တစ်ခုဖြစ်လာစေရန် ဟိုက်ပါဆွန်နစ်ဒုံးကျည်ကို ဆက်လက်အဆင့်မြှင့်တင်သွားရန် လိုအပ်ကြောင်း ၎င်းက အလေးထားပြောကြားခဲ့သည်။

အလားတူ မြောက်ကိုရီးယားနိုင်ငံသည်လည်း မကြာသေးမီနှစ်များအတွင်း ဟိုက်ပါဆွန်နစ်ဒုံးကျည်များကို တိထွင်ထုတ်လုပ်လျက်ရှိပြီး စမ်းသပ်ပစ်လွှတ်မှုများနှင့်ပတ်သက်သည့် သတင်းများကိုလည်း ထုတ်ပြန်ခဲ့ဖူးကြောင်း သိရသည်။

အင်နီအိတ်ချ်ကေ

ပနားမားနိုင်ငံ၌ ပြင်းအား ၇ ဒသမ ၇ အဆင့်ရှိ လျင်လှုပ်ခတ်

ပနားမားစီးတီး အောက်တိုဘာ ၁၀

ပနားမားနိုင်ငံ၌ အောက်တိုဘာ ၉ ရက်က ပြင်းအား ၇ ဒသမ ၇ အဆင့်ရှိ လျင်တစ်ခုလှုပ်ခတ်ခဲ့ကြောင်း သိရသည်။

လျင်ဗဟိုချက်မှာ လော့စ်ဆန်တို့စ်ပြည်နယ် တိုနိုဆီမြို့၏ အနောက်မြောက်ဘက် ၃၉ ကီလိုမီတာ အကွာတွင် တည်ရှိကြောင်း ပနားမားတက္ကသိုလ် ဘူမိသိပ္ပံဌာန၏ ပြင်ဆင်ထုတ်ပြန်ထားသော အစီရင်ခံစာအရ သိရသည်။ အမေရိကန် ဘူမိဗေဒစစ်တမ်းဌာနက လျင်ပြင်းအားကို ကနဦးတွင် ၈ ဒသမ ၀ ဟု ထုတ်ပြန်ခဲ့သော်လည်း နောက်ပိုင်းတွင် ၇ ဒသမ ၇ အဆင့်သို့ ပြင်ဆင်သတ်မှတ်ခဲ့သည်။

လျင်လှုပ်ခတ်မှုကြောင့် ဒေသအတွင်း၌ ပြင်းထန်သောတုန်ခါမှုများ ဖြစ်ပေါ်ခဲ့ပြီး မြို့တော် ပနားမားစီးတီးတွင်လည်း သိသိသာသာ ခံစားခဲ့ရသည်။ Albrook ဘတ်စ်ကားဂိတ်၏ အမိုးများ ယိမ်းယိုင်နေခြင်းနှင့် အဆောက်အအုံအချို့ရှိ ပြတင်းပေါက်များ ပြင်းထန်စွာ တုန်ခါနေခြင်းတို့ကို လူမှုကွန်ရက်များတွင် ပျံ့နှံ့ခဲ့သော ဗီဒီယိုများ၌ တွေ့မြင်နိုင်သည်။

လျင်လှုပ်ခတ်ပြီးနောက် အမေရိကန် ဆူနာမိသတိပေးစနစ်က ပနားမား၊ ကိုလံဘီယာ၊ ကော့စတာရီကာ၊ အီကွေဒေါ်၊ ပီရူး၊ နီကာရာဂွါ၊ ဂွါတီမာလာ၊ အယ်လ်ဆာဗေဒေါ်နှင့် မက္ကဆီကိုနိုင်ငံတို့၏ ကမ်းရိုးတန်းဒေသအချို့တွင် သုံးနာရီအတွင်း အန္တရာယ်ရှိသော ဆူနာမီလှိုင်းများ ဖြစ်ပေါ်လာနိုင်ကြောင်း သတိပေးချက် ထုတ်ပြန်ခဲ့သည်။ သို့သော် နောက်ပိုင်းတွင် အဆိုပါသတိပေးချက်ကို ပြန်လည်ရုပ်သိမ်းခဲ့သည်။ထို့ပြင် ချီလီရေတပ်၏ ရေကြောင်းနှင့် သမုဒ္ဒရာဆိုင်ရာ ဝန်ဆောင်မှုဌာနရှိ ဆူနာမီသတိပေးရေးဌာနကလည်း လျင်ကြောင့် ချီလီနိုင်ငံပိုင် Easter ကျွန်းကို ထိခိုက်စေနိုင်သည့် ဆူနာမီလှိုင်းများ ဖြစ်ပေါ်လာနိုင်ကြောင်း သတိပေးခဲ့သည်။

ပနားမားတူးမြောင်း အာဏာပိုင်အဖွဲ့က လျင်လှုပ်ခတ်ပြီးနောက် တူးမြောင်း၏ လုပ်ငန်းလည်ပတ်မှုများ ပုံမှန်အတိုင်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။ အရေးပေါ်လုပ်ထုံးလုပ်နည်းများကို စတင်ဆောင်ရွက်ထားပြီး နည်းပညာအဖွဲ့များက တူးမြောင်းဆိုင်ရာ အဆောက်အအုံများတွင် ထိခိုက်ပျက်စီးမှု ရှိ၊ မရှိ စစ်ဆေးလျက်ရှိကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဆင်ဟွာ



၂၀၂၆ ခုနှစ် စာပေနိုဘယ်ဆုကို ကနေဒါနိုင်ငံသူ စာရေးဆရာမ အန်းကာဆန်ရရှိ

စတော့ဟုမ်း အောက်တိုဘာ ၁၀

ယခုနှစ်အတွက် စာပေဆိုင်ရာ နိုဘယ်ဆုကို ကနေဒါနိုင်ငံသူ စာရေးဆရာမ အန်းကာဆန်ရရှိခဲ့ကြောင်း သိရသည်။



ဂန္ထဝင်စာပေ အစဉ်အလာများနှင့် ခေတ်ပြိုင်စာပေ ပုံစံသစ်များကို ကောင်းမွန်စွာ တီထွင်ဖန်တီးမှုများကြောင့် ယခုနှစ်နိုဘယ်ဆုကို ရရှိခဲ့ခြင်းဖြစ်ကြောင်း ဆွီဒင်အကယ်ဒမီ၏ အမြဲတမ်းအတွင်းရေးမှူး အင်ဂရစ်ကာလ်ဘဲ့ဂ်ျက်က ပြောကြားခဲ့သည်။

အသက် ၇၆ နှစ်အရွယ်ရှိ စာရေးဆရာမ အန်းကာဆန်သည် ကဗျာ၊ ဂန္ထဝင်သမိုင်းနှင့် စာပေဝေဖန်ရေးတို့ကို ပေါင်းစပ်ဖန်တီးလေ့ရှိသည့် ၎င်း၏စာရေးဟန်ကြောင့် စာဖတ်ပရိသတ်၏ ချီးကျူးဂုဏ်ပြုမှုကို ရရှိထားသူဖြစ်သည်။

၎င်းသည် အွန်တာရီယို ပြည်နယ်၊ တိုရွန်တိုမြို့၌ မွေးဖွားခဲ့ပြီး တိုရွန်တိုတက္ကသိုလ်၌ ဂန္ထဝင်စာပေဘာသာရပ်ကို လေ့လာဆည်းပူးကာ ပါရဂူဘွဲ့ ရရှိခဲ့သည်။ ထို့နောက် မြောက်အမေရိကတစ်ဝန်းရှိ ပညာရေးဌာနများတွင် စာပေပို့ချခဲ့သည်။

၎င်း၏ အကျော်ကြားဆုံးလက်ရာဖြစ်သော ၁၉၉၈ ခုနှစ်ထုတ် “Autobiography of Red: A Novel in Verse” စာအုပ်သည် ဂရိဒဏ္ဍာရီလာ ဇာတ်ကောင်များပါဝင်သည့် ခေတ်သစ်အချစ်ဇာတ်လမ်းတစ်ပုဒ်ဖြစ်သည်။ ၎င်းစာအုပ်သည် စကားပြေနှင့် ကဗျာတို့ကို ပေါင်းစပ်ထားသည့် ထူးခြားသောစာရေးဟန်ကြောင့် များစွာ ချီးကျူးဂုဏ်ပြုခံရသည်။

စာရေးဆရာမ အန်းကာဆန်၏ လက်ရာများသည် နိုင်ငံတကာဆုတံဆိပ်များစွာအတွက် အကြိမ်ကြိမ်ရွေးချယ်ခံခဲ့ရဖူးကြောင်း သိရသည်။

၎င်းသည် စာပေဆိုင်ရာ နိုဘယ်ဆုကိုရရှိသည့် ဒုတိယမြောက် ကနေဒါနိုင်ငံသူ အမျိုးသမီးဖြစ်သည်။

အင်နီအိတ်ချ်ကေ

ကျိုင်းတုံမြို့နယ်၌ ငွေကျပ် သိန်း ၅၁၀ တန်ဖိုး၊ လားရှိုးမြို့၌ ငွေကျပ် ၆၇၅ သိန်းတန်ဖိုးနှင့် စမ်းချောင်းမြို့နယ်၌ ငွေကျပ် သိန်း ၂၀၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၁၀

ကျိုင်းတုံမြို့နယ်၌ ငွေကျပ် သိန်း ၅၁၀ တန်ဖိုး၊ လားရှိုးမြို့၌ ငွေကျပ် ၆၇၅ သိန်း တန်ဖိုးနှင့် စမ်းချောင်းမြို့နယ်၌ ငွေကျပ် သိန်း ၂၀၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိပြီး ဖမ်းဆီးရမိသူများကို မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



တရားခံ စိုင်းဆမ်ရဲနှံအား သိမ်းဆည်းရမိသည့် ဘိန်းစိမ်းများနှင့် အတူ တွေ့ရစဉ်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၈ ရက် ညနေ ၅ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ကျိုင်းတုံမြို့နယ် ကျိုင်းဖောင်း ရွာအနီးတွင် မိုင်းပျဉ်းမြို့နယ် ဝမ်ပုံရွာနေ စိုင်းဆမ်ရဲနှံ(၄၂)နှစ် မောင်းနှင်လာသော TOYOTA HILUX VIGO အမျိုးအစားယာဉ်အား ရပ်တန့်စစ်ဆေးရာဖွေရာ ဘိန်းစိမ်း ၅၁၀ ကီလို (တစ်ကီလိုလျှင် ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် ငင်းဒေသတန်ဖိုးငွေကျပ် သိန်း ၅၁၀) သိမ်းဆည်းရမိသဖြင့် စိုင်းဆမ်ရဲနှံအား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ထို့အတူ အောက်တိုဘာ ၈ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ လားရှိုးမြို့ ရပ်ကွက်(၁) လားရှိုး-မယ်ဟာသွား ကားလမ်းတွင် ကွတ်ခိုင်မြို့ ရပ်ကွက်(၃)နေသူ များဖြစ်သည့် အောင်ကိုကိုညီ(၃၇) နှစ် မောင်းနှင်ပြီး မဟန်နီစိုး(ခ) ဟွမ်ခမ်း(၁၉)နှစ် လိုက်ပါလာသည့် TOYOTA CROWN အမျိုးအစား မော်တော်ယာဉ်နှင့် လားရှိုးမြို့ ရပ်ကွက်(၇)နေ ကျော်နိုင်(ခ) အားစွင့်(၃၁)နှစ်မောင်းနှင်လာသော KENBO SCOPPY အမျိုးအစား ဆိုင်ကယ်တို့အား ရပ်တန့်စစ်ဆေးရာဖွေရာ ၎င်းတို့ သုံးဦး သယ်ဆောင်လာသည့် စိတ်ပြောင်း ဆေးဝါး HAPPY WATER ၁ ဒဿမ ၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ် သိန်း ၄၅၀ နှုန်းဖြင့် ငင်းဒေသ တန်ဖိုးငွေကျပ် ၆၇၅ သိန်း) သိမ်းဆည်း ရမိသဖြင့် အောင်ကိုကိုညီ၊ မဟန်နီစိုး(ခ) ဟွမ်ခမ်းနှင့် ကျော်နိုင် (ခ) အားစွင့် တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေအရ အရေးယူထား ကြောင်း သိရသည်။

အလားတူ အောက်တိုဘာ ၈ ရက် နံနက် ၁၀ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ စမ်းချောင်းမြို့နယ် စမ်းချောင်း (မြောက်)ရပ်ကွက် ဗဟို လမ်းမကြီးအတိုင်း လမ်းလျှောက် လာသူ ကြည့်မြင်တိုင်မြို့နယ် သာခု(အရှေ့) ရပ်ကွက်နေ မဃန်းသန်းထွေး(ခ) သေးသေး (၂၉)နှစ်အား စစ်ဆေးရာဖွေရာ ၎င်းလွယ်ထားသည့် လွယ်အိတ် အတွင်းမှ စိတ်ကြွဆေးပြား ၁၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် သိန်း ၂၀၀) သိမ်းဆည်း ရမိသဖြင့် မဃန်းသန်းထွေး(ခ) သေးသေးအား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၁၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက် ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက် စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "qwertyuiopasdfghjklzxcvbnm" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် လက်ပံကျေးရွာနေ ချစ်ဆွေ(ခ)ခလေးလွယ်လာအား ည ၉ နာရီ ၃၅ မိနစ်တွင် ချောင်းခွနယ်ခြေရဲစခန်း၌ တရား ဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

■

အယ်လ်နီညိုသဘာဝဘေးဆိုင်ရာ ကြိုတင်ပြင်ဆင်ရေး ဟောပြောပွဲကျင်းပ



ဇလွန် အောက်တိုဘာ ၁၀

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ် မွေးမြူရေးနှင့် ကုသရေဦးစီးဌာနမှ အယ်လ်နီညိုသဘာဝဘေးဆိုင်ရာ ကြိုတင်ပြင်ဆင်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက လမိုင်းကျေးရွာ ဥယျာဉ်ကျောင်းတိုက်၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက အယ်လ်နီညိုရာသီဥတု သဘာဝဘေးကြောင့် တိရစ္ဆာန်များတွင် ရေရှူးပါးမှု၊ အစာရှားပါးမှု၊ အပူဒဏ်ကြောင့် ကျန်းမာရေးထိခိုက်ခြင်းများ မဖြစ်ပွားစေရေး ကြိုတင်ပြင်ဆင်ထားကြရန် အသိပညာပေးပြောကြားသည်။ ထို့နောက် မြို့နယ်ဦးစီးမှူးနှင့်အဖွဲ့သည် ကျေးရွာရှိ မွေးမြူရေးခြံများအတွက် ခြံဖျန်းဆေး၊ ကွဲ၊ နွားလျှာပွတ်ဆေး၊ ဆေးကတ္တရာ၊ အနာလိမ်းဆေး၊ တိရစ္ဆာန်အားဆေးမှုန့်ထုပ်များကို မွေးမြူရေးသမားများအား ပေးအပ်ပြီး အစာ၊ ရေစုဆောင်းထားမှုများကို ကွင်းဆင်းကြည့်ရှုကာ လိုအပ်သော ကာကွယ်ဆေးထိုးနှံပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဇလွန်(ပြန်/ဆက်)**



မီးလောင်မှု မီးလန့်မှုမဖြစ်ပွားစေရေး၊ မီးဘေးလုံခြုံရေး လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးစစ်ဆေးခြင်းကို ဧရာဝတီတိုင်းဒေသကြီး ကျိုက်ပျော်မြို့ မြို့မစွေးကြီး၌ အောက်တိုဘာ ၉ ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရဲတပ်ဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့၊ မီးသတ်ဦးစီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ စွေးကော်မတီအဖွဲ့များနှင့် စွေးသီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်စဉ်။

နေဝင်းမြင့်(ပြန်/ဆက်)



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် ၆ ထပ် အဆောက်အအုံ ၁ လုံးအား စနစ်တကျထပ်မံဖြိုချဖျက်ဆီး

နေပြည်တော် အောက်တိုဘာ ၁၀

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အလေးထား ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ် နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်း မရှိစေရန် အဆိုပါ အဆောက်အအုံများအား အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်း အတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံ ၆၃ လုံးအနက် ယနေ့တွင် ၆ ထပ် အဆောက်အအုံ ၁ လုံးအား ယမ်းဖြင့် ထပ်မံဖောက်ခွဲ၍ စနစ်တကျ ဖြိုချဖျက်ဆီးနိုင်ခဲ့ပြီး ဖျက်ဆီးရန် ကျန်ရှိသည့် အဆောက်အအုံ ၆၁ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၄ လုံးနှင့် လူနေအိမ်များနှင့် မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံးဟူ၍ အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး ဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများ အနက် ၆ ထပ် အဆောက်အအုံ ၁ လုံးကို ထပ်မံ၍ ဖြိုချဖျက်ဆီးခဲ့ခြင်း ဖြစ်သည်။

နိုင်ငံတော် အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု (ONLINE SCAM) များ ပပျောက်စေရေးအတွက် နိုင်ငံတော်အစိုးရက အိမ်နီးချင်း နိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝ ပပျောက်သွားစေရေး အထူး အလေးထား နှိမ်နင်းလျက်ရှိ ကြောင်း သိရသည်။ ၁၀၀



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးမှု။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် ၆ ထပ်အဆောက်အအုံအား မဖြိုဖျက်မီတွေ့ရစဉ်။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် ၆ ထပ်အဆောက်အအုံအား ဖြိုချဖျက်ဆီးပြီးတွေ့ရစဉ်။



ပိုင်းမော်မြို့၌ ဘေးအန္တရာယ်ဖြစ်စေမည့် အစားအသောက်နှင့် ဆေးဝါးများရောင်းချမှု မရှိစေရေး ကွင်းဆင်းစစ်ဆေး

ပိုင်းမော် အောက်တိုဘာ ၁၀

ကချင်ပြည်နယ် ပိုင်းမော်မြို့၌ ကျောင်းတွင်းမုန့်ဈေးဆိုင်များနှင့် မြို့တွင်းရှိဆေးဆိုင်များတွင် ကျန်းမာရေးနှင့်မညီညွတ်သော ဆိုးဆေးမုန့်များနှင့် ဆေးဝါးများရောင်းချမှုမရှိစေရေး ကွင်းဆင်းစစ်ဆေးခြင်းကို ယမန်နေ့က ဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပိုင်းမော်မြို့အမှတ်(၁)နှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ မြို့မစည်ပင်သာယာဈေးအတွင်းရှိဈေးဆိုင်များ၊ ဆေးဆိုင်များသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက ဘေးအန္တရာယ်ဖြစ်စေမည့်အစားအသောက်များ ရောင်းချခြင်းရှိ/ မရှိ၊ ခွင့်ပြုချက်မဲ့ ဓာတုဆိုးဆေးများပါဝင်သော အစားအသောက်များ၊ စားသုံးရန်မသင့်သော တားမြစ်ထားသည့် အေးခဲ Ready Made အသားများ၊ဆေးဆိုင်များမှသက်တမ်းလွန်ဆေးဝါးများ၊ ဆေးဝါးတုများ ရောင်းချမှုမရှိစေရေး အသိပညာပေးစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

နောင်ချိုမြို့နယ်၌ အာဟာရနှင့်အသုံးအဆောင်ပစ္စည်းများ ပေးအပ်

နောင်ချို အောက်တိုဘာ ၁၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ငြိမ်းလှလှအောင်နှင့် အဖွဲ့ဝင်များသည် အောက်တိုဘာ ၇ ရက် နံနက်ပိုင်းက နောင်ချိုမြို့ စိန့်အလွိုက်ရှက်(စ်)မသန်စွမ်း မိဘမဲ့ ဂေဟာသို့ရောက်ရှိကာ ဆန်နှင့်အသုံးအဆောင်ပစ္စည်းများ လှူဒါန်းခြင်းနှင့် တက္ကသိုလ်ဝင်တန်းအောင်မြင်သူ မိဘမဲ့ကျောင်းသူတစ်ဦးအား ဂုဏ်ပြုချီးမြှင့်ခဲ့ရာ မသန်စွမ်းမိဘမဲ့ကလေးများဂေဟာမှ တာဝန်ရှိသူများနှင့် ကလေးငယ်များက လက်ခံရယူကြသည်။

ဆက်လက်၍ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကံကြီးကျေးရွာရှိ မိခင်နှင့်ကလေး အသင်းပိုင်သားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရပစ္စည်းနှင့် အလှူငွေများပေးအပ်ခြင်း၊ အသင်းပိုင်မူကြိမ့်ကလေးငယ်များအား နွားနို့၊ ကြက်ဥ၊ မုန့်များတိုက်ကျွေးခြင်း၊ စာရေးကိရိယာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)





ကြံခင်းမြို့နယ်၌ မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေး

ကြံခင်း အောက်တိုဘာ ၁၀

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်တွင် မြို့နယ်တာဝန်ရှိ ပူးပေါင်းအဖွဲ့များက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးခဲ့ အောက်တိုဘာ ၈ ရက်က မီးဘေးကာကွယ်ရေး စစ်ဆေးဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဈေးအတွင်းရှိ မီးသတ်ရေလုတ်များ ရေထွက်အားကောင်း/ မကောင်းစစ်ဆေးခြင်း၊ မီးလောင်လွယ်သော အမှိုက်များကင်းစင်ရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် စစ်ဆေးခြင်း၊ အကြံပြုခြင်းများနှင့် မီးသတ်ဆေးဘူးများထားရှိရေး စစ်ဆေးခြင်းလုပ်ငန်းများကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုနိုင်၊ စည်ပင်သာယာအမှုဆောင်အရာရှိ ဦးဌေးမြင့်အောင်၊ လျှပ်စစ်ဌာနမှ တာဝန်ရှိသူနှင့် ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့တို့က စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဧရာဦးသာ

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

စက်တင်ဘာ ၂၁ ရက်မှ ၂၂ ရက်အထိ နေပြည်တော်၌ကျင်းပခဲ့သည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် MFVP ဥက္ကဋ္ဌ ဦးကျော်သူ၊ အတွင်းရေးမှူး ဦးပြည့်သာစံတို့၏ ခေတ်မီဆန်းသစ်သော Multi-route ပို့ကုန်ထောက်ပံ့ပို့ဆောင်ရေးနှင့် အရည်အသွေးစံချိန်စံညွှန်းများမှတစ်ဆင့် မြန်မာ့သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် နိုင်ငံ့ထုတ်ကုန်တိုးတက်ရေးစာတမ်း ကောက်နုတ်ချက်

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍသည် အမျိုးသားအသားတင်ထုတ်ကုန် (GDP) ၏ ၃၈ ရာခိုင်နှုန်းခန့်ကို အဓိကထောက်ပံ့ပေးနေပြီး စုစုပေါင်း လုပ်သားအင်အား၏ ၇၀ ရာခိုင်နှုန်းခန့်ကို အလုပ်အကိုင်ဖန်တီးပေးထားသည့် စီးပွားရေးမဏ္ဍိုင်ကြီးဖြစ်သည်။ ယင်းအနက် သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် (Horticulture) ကဏ္ဍသည် စိုက်ပျိုးမြေဧရိယာအကန့်အသတ်အတွင်းမှပင် တန်ဖိုးမြှင့်ပို့ကုန် (High-value Exports) များကို ထုတ်လုပ်ပေးနိုင်သည့် မဟာဗျူဟာမြောက်ကဏ္ဍ ဖြစ်သည်။

သို့သော် လွန်ခဲ့သောကာလများအတွင်း မြန်မာ့သစ်သီးဝလံ ပို့ကုန်များသည် နယ်စပ်ထွက်ပေါက် လေလံစနစ်တစ်ခုတည်း (Single-border Auction Dependency) အပေါ် လွန်စွာမှီခိုခဲ့ရခြင်းကြောင့် လမ်းကြောင်းဝိတ်ဆို့မှုများ၊ ဈေးကွက်မတည်ငြိမ်မှုများနှင့် ရိတ်သိမ်းချိန်လွန်ဆုံးရှုံးမှု (Post-harvest Losses) များကို ရင်ဆိုင်ခဲ့ရသည်။

ယခုစာတမ်းသည် သစ်သီးဝလံအသင်းအနေဖြင့် သမားရိုးကျနယ်စပ်ကုန်သွယ်ရေးစနစ်မှ လွတ်မြောက်ကာ Multi-route Transport Corridors (ပင်လယ်ရေကြောင်းနှင့် တိုက်ရိုက်လမ်းကြောင်းများ) သို့ ကူးပြောင်းခြင်း၊ GAP / SPS စံချိန်စံညွှန်းများ မြှင့်တင်ခြင်းနှင့် ကျေးလက်ဒေသအစုအဖွဲ့များ၏ တန်ဖိုးမြှင့်ထုတ်ကုန်များကို ကမ္ဘာ့ဈေးကွက်သို့ ချိတ်ဆက်ပေးခြင်းတို့ဖြင့် နိုင်ငံတော်၏ အသားတင် ထုတ်ကုန် (National Output Growth) ကို မည်သို့ အရှိန်အဟုန်မြှင့်တင်မည်ကို အဆိုပြုခြင်းဖြစ်သည်။

အဓိကမဟာဗျူဟာ မဏ္ဍိုင် (၄) ရပ်

မဏ္ဍိုင် (၁) – နယ်စပ်လေလံစနစ်မှ Multi-route လမ်းကြောင်းများသို့ ကူးပြောင်းခြင်း

နယ်စပ်ကုန်သွယ်ရေးအား Backup ပြုလုပ်ခြင်း။ ။ တရုတ်၊ ထိုင်း၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ် နယ်စပ်များမှတင်ပို့ခြင်းအပြင် ပုံမှန်တင်ပို့နိုင်ရန် လိုအပ်သော SPS Measures များကို ကြိုတင် ဆောင်ရွက်ထားခြင်း၊ နှစ်နိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ဆိုင်ရာများအတွက် လိုအပ်သော ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးဆိုင်ရာ သဘောတူညီချက်များ ရယူထားခြင်း၊

ရေကြောင်း၊ လေကြောင်းနှင့် တိုက်ရိုက် ကုန်သွယ်ရေးတိုးချဲ့ခြင်း။ ။ စင်ကာပူ၊ မလေးရှား၊ ဗီယက်နမ်၊ အရှေ့အလယ်ပိုင်းနှင့် ဥရောပဈေးကွက်များသို့ ပင်လယ်ရေကြောင်း အေးသေးကွင်းဆက် (Direct Sea-freight & Cold-chain Logistics) မှတစ်ဆင့် တိုက်ရိုက်တင်ပို့ရေး၊

သီးနှံအလိုက် အထူးပြုပို့ကုန်စီမံကိန်းများ

စိန်တလုံးသရက် ။ “မြန်မာစိန်တလုံးသရက်” အား အမျိုးသားအဆင့်အမှတ်တံဆိပ် သတ်မှတ်၍ စိုက်ပျိုးမြေကေ ၃၀၀၀၀ အထိ စနစ်တကျအစုအဖွဲ့ပြန်လည်ဖွဲ့စည်းထားသော စိုက်ခင်းများမှတစ်ဆင့် တစ်နှစ်လျှင် အနည်းဆုံးပို့ကုန်မက်ထရစ်တန် ၆၀၀၀၀ အထိ နိုင်ငံတကာအရည်အသွေးစံနှုန်းဖြင့် တိုက်ရိုက် တင်ပို့ရန်၊ **(ဥပမာ – One Diamond Branding)**

ထောပတ်သီး။ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ် တို့တွင် စိုက်ပျိုးထားသော ထောပတ်သီးများ (ဥပမာ– Hass, Amra, Buccaneer စသည်) ကို ရေကြောင်း အအေးခန်းကွန်တိန်နာများဖြင့် နိုင်ငံတကာ ဈေးကွက်သို့ ခြောက်လထက်မနည်း ပုံမှန်တင်ပို့နိုင် ရေးဆောင်ရွက်ရန်၊ ဗီယက်နမ်ကိုယ်ပိုင်ထောပတ်မျိုး (034)၊ ထိုင်းကိုယ်ပိုင်ထောပတ်မျိုး (ဘာကေးနီယား) ကဲ့သို့ မြန်မာကိုယ်ပိုင်ထောပတ်မျိုး (အမရာ) လို မျိုးကောင်းမျိုးသန့်တစ်မျိုးကို ဒေသနှင့် လိုက်လျောညီထွေရှိပြီး နိုင်ငံတကာယှဉ်ပြိုင်နိုင်စွမ်းရှိသော မျိုးကို သုတေသနပြုလုပ်ဖော်ထုတ်၍ ပြန့်ပွားစေကာ မြန်မာထောပတ်သီးကို အမျိုးသားအဆင့် ထုတ်ကုန်တစ်ခုဖြစ်လာစေရန်၊

အခြားသီးနှံများ။ ငှက်ပျော၊ ပင်မှည့်၊ ဝဠုကန်စွန်းဥ အစရှိသဖြင့် နိုင်ငံတော်ထုတ်ကုန်လည်း ဖြစ်လာနိုင်ပြီး အာဟာရပြည့်ဝ၍ စားနပ်ရိက္ခာဖူလုံရေးကို အထောက်အကူပြုသော သီးနှံတစ်မည်သျှင်း အလိုက် ဗျူဟာများ ဖော်ထုတ်သုံးသပ်ဆောင်ရွက်ရန်။

မဏ္ဍိုင် (၂) – အရည်အသွေးနှင့် စံချိန်စံညွှန်း ပြည့်မီသော သစ်သီးဝလံများ ထုတ်လုပ်မှုတိုးမြှင့်ရေး

Good Agricultural Practices (GAP) ချဲ့ထွင်ခြင်း။ ။ နိုင်ငံတကာဈေးကွက်မှ တောင်းဆိုသော အပင်သန့်ရှင်းရေးနှင့် ပိုးမွှားကင်းစင်ရေး (SPS Certificate) များရရှိစေရန် GAP စိုက်ပျိုးမှုစနစ်ကို တောင်သူအဆင့်အထိ အရှိန်အဟုန်မြှင့် ထူထောင်ခြင်း၊

Good Manufacturing Practices (GMP) / HACCP အသိအမှတ်ပြုလက်မှတ်များ ရရှိစေခြင်း။ ။ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များ ခူးဆွတ်၊ ထိန်းသိမ်းကိုင်တွယ်၊ ထုပ်ပိုးသိုလှောင်ဖြန့်ချိရောင်းချရာတွင် နိုင်ငံတကာဈေးကွက်မှ တောင်းဆိုသော အပင်သန့်ရှင်းရေးနှင့် ပိုးမွှားကင်းစင်ရေး (SPS Certificate) များ ရရှိစေရန် ထုပ်ပိုးရုံများ၊ သိုလှောင်ရုံများအား GMP/HACCP စနစ်ကို ကုန်သည်၊ ပွဲစား၊ တောင်သူအဆင့်အထိ အရှိန်အဟုန်မြှင့် ထူထောင်ခြင်း၊

မူရင်းဒေသ ခြေရာခံနိုင်မှု။ ။ သီးနှံတစ်ခုချင်း၏ စိုက်ပျိုးသည့်ဒေသ၊ ခူးဆွတ်ချိန်နှင့် အချက်အလက်များကို Crop Data Sheet / QR Code တင်ပြနိုင်သည့် စနစ်ကျသော Traceability စနစ်အား ကျင့်သုံးခြင်း၊ တောင်သူများ အလွယ်တကူ စက်ပစ္စည်းနှင့် နည်းပညာသုံးစွဲနိုင်ရန် ရုပ်ပုံ/စာသား ယှဉ်တွဲပါဝင်သည့် လမ်းညွှန်ချက်များ (Visual Illustrations) အသုံးပြုခြင်း။

မဏ္ဍိုင် (၃) – ကျေးလက်တောင်သူအစုအဖွဲ့များ၊ ဒေသခံတောင်သူများ၏ တန်ဖိုးမြှင့်သဘာဝ ထုတ်ကုန်များမှတစ်ဆင့် နိုင်ငံ့ထုတ်ကုန်တိုးမြှင့်ရေး

တိုင်းရင်းသား ဒေသခံတောင်သူအစုအဖွဲ့များ။ တောင်တန်းဒေသများရှိ တောင်သူများက သဘာဝအတိုင်း စိုက်ပျိုးထားသော သီးနှံများ (ဥပမာ– ကယန်းဒေသထွက် ရေတံသီး၊ နနွင်း၊ မက်ခါစေ့ စသည်) ကို Htubyanbi ထူဗျန်းဘီး (ငှက်မင်းသား) ကဲ့သို့ ဒေသခံအမှတ်တံဆိပ်များဖြင့် စနစ်တကျ ပြုပြင်ထုပ်ပိုး၍ ပို့ကုန်အဖြစ် ပြောင်းလဲခြင်း၊ ချင်းပြည်နယ်မှထွက်ရှိသော ဝဠုကို Vakok (ဝကောဂက်)(အောက်ချင်းငှက်)ကဲ့သို့ ဒေသခံအမှတ်တံဆိပ်ဖြင့် စနစ်တကျပြုပြင်ထုပ်ပိုး၍ ပို့ကုန်အဖြစ် ပြောင်းလဲခြင်း၊ ၎င်းတို့နှင့်လျော်ညီသည့် စီးပွားရေးအဖွဲ့အစည်း (သမဝါယမ သို့မဟုတ် အစုအဖွဲ့ ကုမ္ပဏီများ) ဖွဲ့စည်းပေးပြီး အခွန်အခလျှော့ပေးသက်သာစေသည့် မက်လုံးများပေးခြင်း၊ စီးပွားရေးစွမ်းဆောင်ရည်မြင့်တက်လာရန် သင်ကြားပေးခြင်း၊ အမျိုးသမီးဦးဆောင်သော စိုက်ပျိုးရေးလုပ်ငန်းများ၏ အခန်းကဏ္ဍကို ပိုမိုမြှင့်တင်ပေးခြင်း၊

သီးနှံအလိုက် အစုအဖွဲ့များ ပြန်လည်အားကောင်းလာစေခြင်း။ ။ သရက်၊ ဖရဲ၊ သခွားမွေး၊ ငှက်ပျော၊ ထောပတ်၊ နာနတ် အစရှိသဖြင့် သီးနှံအစုအဖွဲ့များအဖွဲ့ ၃၀ ကျော် ဖွဲ့စည်းထားသော်လည်း ပြန်လည်ဖွဲ့စည်းရန်လိုအပ်နေပြီး ၎င်းတို့ရှင်သန်ရေးအတွက် စီးပွားရေးပုံစံ လည်ပတ်ရန် လိုအပ်နေပါသည်။ မူဝါဒများ၊ အမတော်ကြေးများ၊ အထောက်အပံ့များ လိုအပ်နေပါသည်။

ကုန်သည်အဖွဲ့များ၊ ကုန်စည်ဒိုင်များ ပြန်လည်အားကောင်းစေခြင်း။ ။ မူဆယ် သစ်သီးဝလံကုန်စည်ဒိုင်ကဲ့သို့ သစ်သီးဝလံကုန်စည်ဒိုင်များ ပြန်လည်အားကောင်းလာပြီး သစ်သီးဝလံ ကုန်စည်ဒိုင်များ ပြန်လည်ချိတ်ဆက်ရန် လိုအပ်ပါသည်။ အောင်ပန်းကုန်စည်ဒိုင်၊ တောင်ငူကုန်စည်ဒိုင်၊ တာချီလိတ်ကုန်စည်ဒိုင် အစရှိသဖြင့် သစ်သီးဝလံ ကုန်စည်ဒိုင်များ အားကောင်းလာပြီး နေ့စဉ် ဈေးကွက်ပေါက်ဈေးများ အချိန်နှင့်တစ်ပြေးညီ ပြန်ကြားပေးမည့် Digital Information Clearing-house စနစ်ထူထောင်၍ အငြင်းပွားမှုများကို ကောင်းစွာ ထိန်းသိမ်းကိုင်တွယ်ရန် လိုအပ်ပါသည်။

ရိတ်သိမ်းချိန်လွန် ဆုံးရှုံးမှုလျှော့ချခြင်း။ ။ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်သည် အလွယ်တကူ ပုပ်သိုးလွယ်သော ဆုံးရှုံးမှုများသည့် ကုန်စည်ဖြစ်သဖြင့် **အခြောက်ခံခြင်း၊ အနှစ်ထုတ်ခြင်း၊ အေးခဲခြင်း၊ အချဉ်တည်ခြင်း** အစရှိသော Processing လုပ်ငန်းလေးမျိုးအနက် တစ်မျိုးမျိုးကို မဖြစ်မနေ ဆောင်ရွက်ကြရပါသည်။ အလွယ်တကူ ပုပ်သိုးလွယ်သော သစ်သီးဝလံများကို မိုဘိုင်းအခြောက်ခံရုံများ (Solar Dome Dryers) နှင့် အနှစ်ပြုပြင်ခြင်းများ ကျင့်သုံးခြင်း၊ နည်းပညာ၊ အသေးစားချေးငွေ သို့မဟုတ် Matching Grant အစီအစဉ်များ ဖန်တီးပေးခြင်းဖြင့် စိုက်ပျိုးမြေထုပ်မံတိုးချဲ့စရာမလိုဘဲ အသားတင်ပို့ကုန်တန်ဖိုးကို မြှင့်တင်ခြင်း၊

မဏ္ဍိုင် (၄) – ဈေးကွက်သစ်ဖော်ဆောင်ရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု

China–ASEAN Business Council (CABC)၊ Asia Fruit Logistica ကဲ့သို့သော နိုင်ငံတကာစီးပွားရေးပလက်ဖောင်းများနှင့်ချိတ်ဆက်၍ Myanmar Produce များကို စီးပွားရေးတွေ့ဆုံပွဲများ (Business Matchmaking) တွင် ပုံမှန်မိတ်ဆက်ခြင်း၊ Global Ethical Sourcing နှင့် ESG ဈေးကွက်များသို့ တိုက်ရိုက်ချိတ်ဆက်ပေးခြင်း၊

(၂၀၂၆ – ၂၀၃၀) ငါးနှစ်တာ မြန်မာ့သစ်သီးဝလံ ပို့ကုန်ဖွံ့ဖြိုးရေး လမ်းပြမြေပုံ

ခုနှစ်	အဆင့် (Phase)	အဓိကပန်းတိုင်နှင့် မဟာဗျူဟာမြောက်လုပ်ဆောင်ချက်များ
၂၀၂၆	**Phase 1: အစုအဖွဲ့များ ပြန်လည် အားကောင်းစေခြင်းနှင့် အခြေခံအဆောက်အအုံ/ စံချိန်စံညွှန်းညှိနှိုင်းရေး**	စိန်တလုံးသရက် ၈က ၃၀၀၀၀ စိုက်ပျိုးထုတ်လုပ်မှုနှုန်းများတွင် GAP၊ Visual-guided Traceability စနစ်များ စတင်တည်ဆောက်ခြင်း၊ အမျိုးသားအဆင့်အမှတ်တံဆိပ်ပြုလုပ်ရန် ပြင်ဆင်ခြင်း၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်ရှိ ထောပတ်သီးစိုက်ပျိုးသူများအား Global GAP ထောက်ခံချက် ပိုမိုရရှိအောင် အဓိကပန်းတိုင်နှင့် မဟာဗျူဟာမြောက် လုပ်ဆောင်ချက်များ ကူညီပေးခြင်း၊ ထုပ်ပိုးရုံများအား GMP/HACCP လက်မှတ်ရရှိအောင်ဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့နှင့်ပူးပေါင်း၍ Public–Private Dialogue (PPD) Task Force ဖွဲ့စည်းကာ Digital Phytosanitary (SPS) စနစ် မြန်ဆန်စေရန် ပေါင်းစပ်ခြင်း၊ ထောပတ်သီးအား တရုတ် GACC နှင့် ထိုင်း SPS ရရှိရန် ဆောင်ရွက်ခြင်း
၂၀၂၇	**Phase 2: Multi-route ပို့ကုန်လမ်းကြောင်းများ စတင်ကျင့်သုံးခြင်း**	နယ်စပ်လမ်းကြောင်းတစ်ခုတည်း မှီခိုမှုကို ၃၀% အထိ လျှော့ချပြီး ရေကြောင်း/တိုက်ရိုက်လမ်းကြောင်းများတိုးချဲ့ခြင်း၊ ရန်ကုန်ဆိပ်ကမ်းမှ တစ်ဆင့် စင်ကာပူ၊ မလေးရှား၊ အရှေ့အလယ်ပိုင်းနှင့် ဥရောပသို့ Direct Sea–Freight Cold-chain လမ်းကြောင်းများ စတင်ပြေးဆွဲတင်ပို့နိုင်ရန် MFVP အသင်းနှင့် MIFFA အသင်းတို့ စတင်ပူးပေါင်းဆောင်ရွက်ခြင်း၊ စိန်တလုံးသရက် မက်ထရစ် တန် ၅၀၀ ထက်မနည်းကို ရေကြောင်းလိုင်းများဖြင့် တိုက်ရိုက်တင်ပို့ခြင်း၊ အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ (China GAP, ASEAN GAP, EU Standards) ကို ညှိနှိုင်းပေါင်းစပ်ခြင်း
၂၀၂၈	**Phase 3: ရိတ်သိမ်းချိန်လွန် နည်းပညာနှင့် တန်ဖိုးမြှင့်ကဏ္ဍ**	ရိတ်သိမ်းချိန်လွန်ဆုံးရှုံးမှုကို ၄၀% မှ ၁၅% အထိ လျှော့ချခြင်း၊ သစ်သီးဝလံဇုန်များတွင် မိုဘိုင်းအအေးခန်းစက်ရုံများ၊ Solar Dome အခြောက်ခံရုံများ တိုးချဲ့တည်ဆောက်ခြင်း၊ အဓိကပန်းတိုင်နှင့် မဟာဗျူဟာမြောက် လုပ်ဆောင်ချက်များနှင့် Processing လုပ်ငန်း လေးမျိုးအတွက် Matching Grant/Microfinance အစီအစဉ်များ ဖန်တီးပေးခြင်း၊ ဒေသထွက် သဘာဝထုတ်ကုန်များကို တန်ဖိုးမြှင့်ပြုပြင်ထားသော စားသောက်ကုန်များ၊ တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် တင်ပို့နိုင်ရေးစက်ရုံများနှင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများကို ချိတ်ဆက်ပေးခြင်း၊ စွန့်ပစ်ပစ္စည်းမှ မြို့နှင့် သဘာဝမြေဩဇာထုတ်လုပ်ရေး တစ်တွဲတည်းဆောင်ရွက်ခြင်း
၂၀၂၉	**Phase 4: ဒေသတွင်းနှင့် နိုင်ငံတကာ ဈေးကွက်သစ် ထိုးဖောက်ရေး**	"Myanmar Produce / Proud Brand of Myanmar" အမှတ်တံဆိပ် ဗျူဟာသေချာရေးဆွဲ၍ နိုင်ငံတကာ စင်တင်ဈေးကွက်များသို့ ထိုးဖောက်ခြင်း၊ Asia Fruit Logistical ThaiFexi CABC Matching Event များတွင် မြန်မာ့သစ်သီးဝလံနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များကို သီးသန့်ပြခန်းများ (National Pavilion) ဖြင့် ပြသခြင်း၊ ဒေသအခြေပြု စိုက်ပျိုးသူများ၊ တိုင်းရင်းသားများနှင့် အမျိုးသမီးဦးဆောင်သော စိုက်ပျိုးရေးလုပ်ငန်းများကို Global Ethical Sourcing ဈေးကွက်များနှင့် ချိတ်ဆက်ပေးခြင်း

စာမျက်နှာ ၁၇ သို့ ❐

❒ စာမျက်နှာ ၁၆ မှ

၂၀၃၀	Phase 5: ရေရှည်တည်တံ့ သော စိုက်ပျိုးရေး ပို့ကုန်ဖြင့် အမျိုးသား GDP တိုးတက်စေခြင်း	သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ကဏ္ဍမှ နိုင်ငံတော်ပို့ကုန်ဝင်ငွေကို လက်ရှိထက် နှစ်ဆမြှင့်တင်ခြင်း၊ မြန်မာ့သစ်သီးဝလံ ပို့ကုန်ကဏ္ဍတစ်ခုလုံးကို ရေကြောင်း၊ လေကြောင်း၊ နယ်စပ်လမ်းကြောင်း စသည့်ဘက်စုံအဓိကပန်းတိုင်နှင့် မဟာဗျူဟာမြောက်လုပ်ဆောင်ချက်များမြှင့်တင်ထားသော စနစ်အဖြစ် အပြည့်အဝလည်ပတ်ခြင်း၊ ကျေးလက်တောင်သူများ၏ အိမ်ထောင်စုဝင်ငွေကို တိုက်ရိုက်မြှင့်တင်ပေးခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍမှ နိုင်ငံတော်၏အသားတင်ထုတ်ကုန် (National Output Growth) တိုးတက်ရေးကို အပြည့်အဝ အထောက်အကူပြုခြင်း

အစိုးရနှင့်အဖွဲ့အစည်းများသို့ မူဝါဒဆိုင်ရာဆွေးနွေးချက်များ (Policy Recommendations)

၁။ **အအေးခန်း ကုန်သွယ်ရေး အခြေခံအဆောက်အအုံ။** ရန်ကုန်မြို့ရှိ ဆိပ်ကမ်းများနှင့် အဓိကသီးနှံစုဆောင်းရာ စက်မှုဇုန်များတွင် အအေးခန်းကွန်တိန်နာ (Reefer Container) များနှင့် အအေးခန်းသိုလှောင်ရုံများ ပိုမိုအသုံးပြုနိုင်ရေး လျှပ်စစ်နှင့် အခြေခံအဆောက်အအုံ ထောက်ပံ့ပေးရန်၊

၂။ **Green Channel – SPS နှင့် ပို့ကုန်ထောက်ခံချက်များ လျင်မြန်ရေး။** သစ်သီးဝလံများသည် ပုပ်သိုးလွယ်/သက်တမ်းတိုသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများက Phytosanitary / GAP ထောက်ခံချက်များကို ဒီဂျစ်တယ်စနစ်ဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အကောက်ခွန်ဌာနများနှင့် စနစ်တကျချိတ်ဆက်ပေးရန်၊ PPD Task Force ဖွဲ့စည်း၍ GACC/SPS လုပ်ငန်းစဉ်များ တစ်ရှိန်ထိုးအကောင်အထည်ဖော်ရန်၊

၃။ **Green Channel စိုက်ပျိုးထုတ်လုပ်မှု လွန်စက်ပစ္စည်းတင်သွင်းမှု သက်သာခွင့်နှင့် ဘဏ္ဍာရေးမက်လုံး။** မိုဘိုင်းအခြောက်ခံရုံ၊ အအေးခန်း စက်ပစ္စည်းများနှင့် ထုပ်ပိုးစက်ရုံသုံးကိရိယာများ (sorting Machine, color Sorter) အလွယ်တကူ ရရှိနိုင်ရန် ကုန်သွယ်ရေးနှင့် အခွန်ဆိုင်ရာ သက်သာခွင့်များ ထောက်ပံ့ပေးရန်၊ တောင်သူအစုအဖွဲ့သမဝါယမများနှင့် ကုမ္ပဏီများအတွက် အခွန်သက်သာခွင့် မက်လုံးပေးခြင်းနှင့် Matching Grant ချေးငွေစနစ်များ ဖန်တီးပေးရန်၊

၄။ **Green Channel – သယ်ယူပို့ဆောင်ရေး။** သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များ သယ်ယူပို့ဆောင်ရာတွင် ဂိတ်များတွင် Green Channel ဖွင့်ထားပေးနိုင်ပါက ရိတ်သိမ်းချိန်လွန်ဆုံးရှုံးမှု သက်သာစေနိုင်ပါမည်။

နိဂုံး

ဤစာတမ်းကို အချိန်တိုအတွင်းပြုစုရသဖြင့် ပြည့်ပြည့်စုံစုံ သုံးသပ်ချိန်မရပါသောကြောင့် ထပ်မံ အချိန်ယူ၍ (၂၀၂၆ – ၂၀၃၀) လမ်းပြမြေပုံကို အသေးစိတ် ဆက်လက်ရေးဆွဲရဦးမည် ဖြစ်ပါသည်။ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်ကဏ္ဍသည် နယ်စပ်လမ်းကြောင်းတစ်ခုတည်းအပေါ် မှီခိုသည့်အလေ့အထမှ ရေကြောင်းနှင့် တိုက်ရိုက်ပို့ကုန်လမ်းကြောင်းများသို့ ကူးပြောင်းကာ GAP၊ Traceability နှင့် တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲဆောင်ရွက်ပါက နိုင်ငံတော်အတွက် နိုင်ငံဝင်ငွေ ပိုမိုရရှိစေမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်း(MFVP)အနေဖြင့် မိမိတို့၏ ညီနောင်အသင်းအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ တောင်သူအစုအဖွဲ့များနှင့် အစိုးရဌာနများပူးပေါင်းကာ (၂၀၂၆–၂၀၃၀) လမ်းပြမြေပုံအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် "လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံထုတ်ကုန်တိုးတက်မှုသို့" ဦးတည်ရာတွင် ကဏ္ဍအလိုက် အဓိကမောင်းနှင်အားအဖြစ် ပါဝင်သွားမည်ဖြစ်ပါသည်။



ပြင်ဦးလွင်မြို့နယ်၌ အပူဒဏ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

ပြင်ဦးလွင် အောက်တိုဘာ ၁၀

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ ယမန်နေ့နံနက်ပိုင်းက အပူဒဏ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးပြီး အယ်လ်နီညိုနှင့်ပတ်သက်၍ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သည်။

မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်မှုဖြင့် ခရိုင်ပြန်/ဆက်၊ မြို့နယ်ကျန်းမာရေးဝန်ထမ်းများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်သော အင်အား ၁၀၀ ခန့်ဖြင့် ရပ်ကွက်ကြီး (၃) ရှိ နာရီစင်အနီး လမ်းဆုံနှင့် လူစည်ကားရာ နေရာများတွင် ပြည်သူများအား လက်ကမ်းစာစောင် ၁၅၀၀ ဖြန့်ဝေပေးပြီး အသံချဲ့စက်ဖြင့် အယ်လ်နီညိုနှင့်ပတ်သက်၍ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်တွင် အပူဒဏ် အန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်တိုဘာ ၁၀ ရက်တွင် အမရပူရမြို့နယ် စစ်ကိုင်း-မန္တလေး ကားလမ်းစုပေါင်းရုံးရှေ့၌ ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ၊ ဝန်ထမ်းများနှင့် တာဝန်ရှိသူများက အပူဒဏ်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးစဉ်။ လဲ့လဲ့ခိုင်(အမရပူရ)

သဘာဝဘေးသင့်ပြည်သူများနှင့် အမိမြန်မာပြည်ငြိမ်းချမ်းသာယာရေးတို့အတွက် ဆုတောင်းဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၁၀

ရန်ကုန်ခရစ်ယာန် အသင်းတော်များကောင်စီက ကြီးမှူး၍ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ခရစ်ယာန် အသင်းတော်များ၊ သာသနာအဖွဲ့အစည်း /ကျမ်းစာကျောင်းများ၊ ပရဟိတဂေဟာများ၊ သာသနာအခြေပြုလူမှုကျောင်းများ စုပေါင်းပြီး ချီးမွမ်းမိတ်သဟာယဝတ်ပြုခြင်း၊ သဘာဝဘေးသင့်ပြည်သူများ အတွက် ဆုတောင်းခြင်းနှင့် အမိမြန်မာပြည်ငြိမ်းချမ်းသာယာရေး အတွက် ဆုတောင်းခြင်းတို့ကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ရွှေတိဂုံဘုရားလမ်းထောင့်ရှိ Holy Trinity Cathedral ဘုရားကျောင်း၌ စုပေါင်းဆောင်ရွက်ကြသည်။



အဆိုပါ ဆုတောင်းပွဲတွင် အသင်းတော်မှ တာဝန်ရှိသူများက နှုတ်ခွန်းဆက်စကား ပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ ဆုတောင်းခြင်း၊ ဂုဏ်တော် ချီးမွမ်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကျင်းပ



ရန်ကုန် အောက်တိုဘာ ၁၀

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကို ရှမ်းစုကျေးရွာ အထက(ခွဲ)၌ ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူးတို့က အမှာစကားပြောကြားသည်။ ထို့နောက် စာပေဟောပြောပွဲကိုကျင်းပရာ စာရေးဆရာသန်းလွင်က လူငယ်နှင့်စာဖတ်ခြင်းအကြောင်းကို ဟောပြောဆွေးနွေးသည်။ ယင်းနောက် ကျပန်းစကားပြောပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကိုဆက်လက်ကျင်းပပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ လူငယ်စကားဝိုင်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူများက လူငယ်နှင့်စာပေ၊ လူငယ်နှင့်ပညာရေး၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့်မူးယစ်ဆေး ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **စည်သူလင်း(ပြန်/ဆက်)**

တောင်ငူမြို့ အထကခွဲ(၁)၌ လူငယ်စကားဝိုင်း ကျင်းပ

တောင်ငူ အောက်တိုဘာ ၁၀

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အထကခွဲ(၁)၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ အောက်တိုဘာ ၈ ရက်တွင် လူငယ်စကားဝိုင်းကျင်းပသည်။

ထိုသို့ကျင်းပရာတွင် အထကခွဲ(၁) ကျောင်းအုပ်ကြီးက အမှာစကားပြောကြားပြီး တောင်ငူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

လူငယ်စကားဝိုင်းတွင် လက်ထောက်ညွှန်ကြားရေးမှူးက စေ့စပ်ညှိနှိုင်းသူအဖြစ်ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူများက လူငယ်နှင့်စာဖတ်ခြင်း၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်ဆိုရှယ်မီဒီယာ၊ လူငယ်နှင့်မူးယစ်ဆေး စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။



ထို့နောက် လူငယ်စကားဝိုင်းသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ဆေးတက္ကသိုလ်(တောင်ကြီး)၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

တောင်ကြီး အောက်တိုဘာ ၁၀

ဆေးတက္ကသိုလ် (တောင်ကြီး) ပင်မဆောင်၊ နှင်းဆီဆောင်၊ စပယ်ဆောင်၊ သင်ကြားရေး (၄) ထပ်ဆောင်နှင့် ဘက်စုံခန်းမတို့တွင် ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများက ချုံနွယ်၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းနှင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းကြည့်ရှုသည်။



ထို့နောက် တောင်ကြီးမြို့ကျက်သရေဆောင် ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီး အောင်မင်္ဂလာကမ္ဘောဇအာရုံခံတန်ဆောင်းနှင့် သုံးထပ်ယာဉ်ရပ်နားဆောင် ပန္နက်တင်အခမ်းအနားသို့ တက်ရောက်ပြီး ပန္နက်တိုင်များ စိုက်ထူပေးကာ အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် တောင်ကြီးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ရေပူ-ကျောက်နီလမ်းကတ္တရာခင်းနေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

ဗျာပုံမြို့နယ်၌ ခွေးရူးရောဂါကာကွယ်ဆေး ထိုးနှံပေး

ဖျာပုံ အောက်တိုဘာ ၁၀

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် အပြောင်ကျေးရွာတွင် ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများဦးဆောင်၍ Mass dog vaccination programme အဖြစ် (၃)နှစ်ဆက်တိုက် ခွေးရူးရောဂါကာကွယ်ဆေးများ (အခမဲ့)ကွက်ပြည့် ထိုးနှံပေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီး ကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။



ဦးစွာ ဖျာပုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက ခွေးရူးရောဂါဖြစ်ပွားရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ခွေးရူးရောဂါကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ခွေးရူးရောဂါကာကွယ်ဆေး ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁-၁၀-၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လျှိုင်ကော်	ဟားမီး
92 Ron	၄၅၉၅	၄၇၅၀	၄၇၀၀	၄၆၁၀	၄၇၅၀	၄၇၆၅	၄၈၀၀	၄၆၈၀	၅၀၄၅	၅၀၇၅	၄၇၀၀	၄၈၆၀	၄၇၉၀	၄၇၅၀	၄၇၆၀	၄၉၉၀
95 Ron	၄၇၇၀	၄၉၂၅	၄၈၇၅	၄၇၈၅	၄၉၃၀	၄၉၄၀	၄၉၇၅	၄၈၅၅	၅၂၂၅	၅၂၅၀	၄၈၇၅	၅၀၅၀	၄၉၆၅	၄၉၂၅	၄၉၃၅	၅၁၆၅
HSD (500 ppm)	၄၅၈၀	၄၇၃၀	၄၆၈၅	၄၅၉၅	၄၇၃၅	၄၇၅၀	၄၇၈၀	၄၆၆၅	-	၅၀၄၅	၄၆၈၅	၅၂၂၀	၄၇၇၀	၄၇၃၀	၄၇၄၀	၄၉၆၀
HSD (50 ppm)	၅၅၇၅	၅၇၃၀	၅၆၈၅	၅၅၉၅	၅၇၃၅	၅၇၅၀	၅၇၈၅	၅၆၆၅	၆၀၃၀	၆၀၆၀	၅၆၈၅	၅၈၂၀	၅၇၇၅	၅၇၃၀	၅၇၄၅	၅၉၇၀
HSD (10 ppm)	၅၅၇၅	၅၇၃၀	၅၆၈၅	၅၅၉၅	၅၇၃၅	၅၇၅၀	၅၇၈၅	၅၆၆၅		၆၀၆၀	၅၆၈၅	၅၈၂၀	၅၇၇၅	၅၇၃၀	၅၇၄၅	၅၉၇၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၃၆၇	၄၄၈၈
95 Ron	၄၅၃၇	၄၆၆၂
HSD (500 ppm)	၄၃၇၁	၄၄၈၈
HSD (50 ppm)	၅၃၂၀	၅၄၅၇
HSD (10 ppm)	၅၃၂၀	၅၄၅၇

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ငပုတောမြို့နယ်၌ စက်သုံးဆီအရောင်းဆိုင်နှင့် ဈေးများ မီးဘေးလုံခြုံရေးစစ်ဆေး

ငပုတော အောက်တိုဘာ ၁၀

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်၌ မီးဘေးအန္တရာယ်များကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိနှင့် တာဝန်ရှိသူများက ဆုဈာန်စက်သုံးဆီအရောင်းဆိုင်၌ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းလုပ်ငန်းများကို အောက်တိုဘာ ၉ ရက်က ဆောင်ရွက်ခဲ့ရာ စက်သုံးဆီအရောင်းဆိုင်အတွင်း ရေလှောင်ကန်များတွင် မီးဘေးအရေးပေါ်အသုံးပြုရန် ရေလုံလောက်စွာ သိုလှောင်ထားရှိမှု၊ ဈေးဆိုင်များ၌ မီးသတ်ဆေးဘူးများ ထားရှိမှုနှင့် အသုံးပြုနိုင်မှုတို့ကို စစ်ဆေးခဲ့သည်။

ဆက်လက်၍ တာဝန်ရှိသူများက ငပုတောမြို့ မြို့မဈေးတွင် ဈေးသူ ဈေးသားများနှင့်တွေ့ဆုံ၍ မီးလောင်၊ မီးလန့်မှုများ မဖြစ်ပေါ်စေရေး အထူးအလေးထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

အောင်သူ(ပြန်/ဆက်)



သာပေါင်းမြို့နယ်၌ စားအုန်းဆီဖြန့်ဝေရောင်းချ

သာပေါင်း အောက်တိုဘာ ၁၀

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်တွင် စားသုံးသူရေးရာဦးစီးဌာန၏ကြီးကြပ်မှုဖြင့် အောက်တိုဘာ ၈ ရက်က နယ်မြေခံတပ်ရင်းရှိတပ်ရင်းမိသားစုဝင်များအတွက် စားအုန်းဆီများ ရောင်းချပေးခဲ့သည်။

ထိုသို့ရောင်းချရာတွင် လှေကြီးတက်ကျေးရွာ စားအုန်းဆီလက်လီအရောင်းဆိုင်တာဝန်ခံက တပ်ရင်းမိသားစုဝင်များအတွက် စားအုန်းဆီပိဿာချိန် ၁၂၀ ကို သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ရေကြည်မြို့၌ ရေနုတ်မြောင်းများ တူးဖော်ရှင်းလင်း

ရေကြည် အောက်တိုဘာ ၁၀

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ပေါ်ရပ်ကွက်များအတွင်း ရေနုတ်မြောင်းများ တူးဖော်ရှင်းလင်းခြင်းလုပ်ငန်းများကို အောက်တိုဘာ ၈ ရက်က ပြည်သူ့အားကစားကွင်း ရှေ့ ဗထူး(၆)လမ်းထိပ်မှစတင်ကာ အဖွဲ့ပိုင် ဘက်ဟိုးဖြင့် တူးဖော်ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



မြစ်ကြီးနားမြို့၌ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ လူထုအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

မြစ်ကြီးနား အောက်တိုဘာ ၁၀

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့် စပ်လျဉ်း၍ ပြည်သူများ သိရှိလိုက်နာနိုင်ရေးနှင့် ကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်အဖြစ် လူထုအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ အောင်ဆန်းလမ်းနှင့် ခရေလမ်းထောင့် လူထုအခြေပြုဗဟိုဌာနရှေ့၌ လမ်းသွား၊ လမ်းလာ ပြည်သူများအား ဖြန့်ဝေကြသည်။



လက်ကမ်းစာစောင်များဖြန့်ဝေ

ကချင်ပြည်နယ် ဝန်ကြီးချုပ်ဦးခက်ထိန်နှန်နှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများသည် လူထုအခြေပြုဗဟိုဌာနရှေ့ အောင်ဆန်းလမ်း တစ်လျှောက် လမ်းသွား၊ လမ်းလာများအား လည်းကောင်း၊ ခရေလမ်း တစ်လျှောက်နှင့် ဈေးကြီးလမ်းတစ်လျှောက် ဈေးဝယ်ရန် လာရောက်ကြသည့် ပြည်သူများအားလည်းကောင်း အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးများနှင့် စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ကချင်ပြည်နယ် အစိုးရအဖွဲ့ဝင်များ ထုတ်ဝေထားသည့် ရေဘေး၊ မီးဘေး၊ ငလျင်ဘေး၊ မြေပြိုဘေး၊ မိုးခေါင်ရေရှားမှု၊ လျှပ်စီးလက်ခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် လေပြင်းဘေးစသည်တို့အပေါ် ကြိုတင်ပြင်ဆင် သိရှိလိုက်နာရမည့် အချက်အလက်များ ပါဝင်သည့် အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးအပ်ကြသည်။

ပြည်နယ်(ပြန်/ဆက်)

မတ္တရာမြို့နယ်၌ ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

မတ္တရာ အောက်တိုဘာ ၁၀

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၂၆ ခုနှစ် ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးနိုင်ရေးအတွက် မြို့နယ်ချေးငွေအကြံပေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်မန်နေဂျာက ချေးငွေလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်ချေးငွေ အကြံပေးအဖွဲ့ဝင်များက ချေးငွေများ ထုတ်ချေးပေးနိုင်ရေးနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးကြပြီး ဆွေးနွေးချက်များအပေါ် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ညှိနှိုင်းဆောင်ရွက်ပေးသည်။

မတ္တရာမြို့နယ်၌ ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို အောက်တိုဘာလ တတိယပတ်တွင် စတင်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရွှေရာသား

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

ဖလမ်း အောက်တိုဘာ ၁၀

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေပြီး ဖလမ်းခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာရုံးများနှင့် ရုံးပတ်ဝန်းကျင် သန့်ရှင်းရေးကို ယနေ့နံနက်ပိုင်းတွင် ပူးပေါင်း ဆောင်ရွက်ကြသည်။

ချင်းပြည်နယ် ဖလမ်းမြို့ ယာယီဆေးရုံအတွက် လျာထားသည့် ခြောက်ခန်းတွဲ နှစ်ထပ် အိမ်ရာအတွင်း၊ အပြင်နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး ဆောင်ရွက်နေမှု၊ လမ်းတစ်လျှောက်ရှိ ဌာနဆိုင်ရာရုံးများနှင့် ဝန်ထမ်းအိမ်ရာ ပတ်ဝန်းကျင် သန့်ရှင်းရေး ဆောင်ရွက်နေမှု၊ မြို့နယ်လမ်းဦးစီးဌာနရုံး ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်နေမှု၊ ဖလမ်းခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မြေနေရာ သန့်ရှင်းရေးဆောင်ရွက်နေမှု၊ ဆယ်တင် ပစ္စည်းများ စနစ်တကျ ဖယ်ရှားနေရာချထားမှု၊ မြို့နယ်မြို့ပြနှင့် အိမ်ရာဖွဲ့ဖြိုးရေး ဦးစီးဌာနနှင့် ခရိုင်လမ်းဦးစီးဌာနရုံး သန့်ရှင်းရေး ဆောင်ရွက်နေမှု၊ တောင်ဇလပ်ရိပ်သာနှင့် ရိပ်သာပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် ဥယျာဉ်ခြံစိုက်ပျိုးနေမှုတို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင် လုပ်ညှိလုပ်ကြည့်ရှုစစ်ဆေးပြီး မြို့အင်္ဂါရပ်နှင့်အညီ ဖြစ်စေရေး အလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။



ထို့ပြင် ချင်းပြည်နယ် လျှပ်စစ်၊ ဓွမ်းအင်၊ စက်မှုနှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်နှင့် ချင်းပြည်နယ်အတွင်း ပြန်လည် ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေး ကော်မတီ အဖွဲ့ဝင်များသည် ချင်းပြည်နယ် ဖလမ်းမြို့ပြန်လည် ထူထောင်ရေး လုပ်ငန်းများဖြစ်သည့် ဖလမ်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနရုံး အဆောက်အအုံ၊ ဝန်ထမ်းအိမ်ရာ၊ ဖလမ်းမြို့ မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းနှင့် ဝန်ထမ်းအိမ်ရာ ပြုပြင်နေမှုကို လည်းကောင်း၊ ခရိုင် တိုင်းရင်းဆေးကုဌာနရုံး အဆောက်အအုံ၊ ခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အဆောက်အအုံများ ပြန်လည် ပြုပြင်နေမှုကို လည်းကောင်း၊ ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေးနှင့် ပစ္စည်းအရည်အသွေး၊ လုပ်ငန်းအရည်အသွေး ကောင်းမွန်စေရေး စနစ်တကျဆောင်ရွက်ရန် မှာကြားကာ ဖလမ်းခရိုင်မီးသတ်ဦးစီးဌာနမှ မီးလောင်မှုဖြစ်ပါက မီးငြိမ်းသတ်ရေးအတွက် ကြိုတင်ပြင်ဆင်ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

တောင်ငူမြို့၌ သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းများဖြစ်ရေး ကွင်းဆင်းစစ်ဆေး

တောင်ငူ အောက်တိုဘာ ၁၀

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တောင်ငူခရိုင်အတွင်း သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းများ ပေါ်ထွန်းလာစေရန် ရည်ရွယ်ချက်ဖြင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းဆု ပါဝင်ယှဉ်ပြိုင်သည့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)(မြို့မ)ကျောင်းတို့အား အောက်တိုဘာ ၈ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်ငူခရိုင် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းဆု စီစစ်ရွေးချယ်ရေးအဖွဲ့ ကွင်းဆင်းအဖွဲ့ဝင် ခုနစ်ဦးက အခြေခံစံနှုန်း လေးခု၊ အညွှန်းကိန်း ၁၇ ချက်နှင့်အညီ ဆောင်ရွက်ထားရှိမှုများကို ဒုတိယအကြိမ် မြေပြင်ကွင်းဆင်းစစ်ဆေးအကဲဖြတ်ခြင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ခရိုင်(ပြန်/ဆက်)



သပိတ်ကျင်းမြို့နယ်တွင် အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရာသီဥတုပြောင်းလဲပြီး ဖြစ်ပေါ်လာနိုင်သည့် အကျိုးသက်ရောက်မှုများကို ကြိုတင်ပြင်ဆင်ကာကွယ်နိုင်ရန် အသိပညာပေး လက်ကမ်းစာစောင်များကို အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများရှိ လူစည်ကားရာနေရာများ၌ ဖြန့်ဝေပေးခဲ့ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်၍ ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့က ကြီးကြပ်ဆောင်ရွက်စဉ်။

ဖြိုးမမ(ပြန်/ဆက်)



မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် အမှတ်(၁) မြို့မဈေးကြီး၌ အောက်တိုဘာ ၈ ရက်တွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်၍မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ တာဝန်ရှိသူများက မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

အင်အားအနည်းငယ်ရှိသော မြေလျင်တစ်ခု လှုပ်ရှား

နေပြည်တော် အောက်တိုဘာ ၁၀

ယနေ့နံနက် ၀၇ နာရီ ၅၃ မိနစ် ၂၉ စက္ကန့်အချိန်တွင် ကျိုင်းတုံမြေလျင်စခန်းမှ အနောက်မြောက်ဘက် ၅၂ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(မိုင်းခတ်မြို့၏ အနောက်မြောက်ဘက် ၂၁ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၁ ဒသမ ၉၄ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၉ ဒသမ ၂၀ ဒီဂရီ၊ အနက် ၁၄ ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၃ ဒသမ ၆(M)အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

ဘားအံမြို့ သန့်ရှင်းသာယာလှပရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ဘားအံ အောက်တိုဘာ ၁၀

ဘားအံမြို့နယ်ခလောက်ထောင်ကျေးရွာ ခလောက်ထောင်အင်းအတွင်း ငါးမျိုးများစိုက်ထည့်ပေးခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါအင်းၠ ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခလောက်ထောင်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူ၊ ဆရာဆရာမများ တက်ရောက်ပြီး ငါးမြစ်ချင်းကောင်ရေ ၅၀၀၀၀၊ ငါးခုံးမကြီးကောင်ရေ ၅၀၀၀၀ စုစုပေါင်းငါးကောင်ရေ တစ်သိန်းကို ခလောက်ထောင်အင်းအတွင်း စိုက်ထည့်ပေးကြသည်။



ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ယခုနှစ်တွင် ငါးကောင်ရေ ၁၀ သိန်းကို ငါးမျိုးစိုက်ထည့်ပေးရန် လျာထားဆောင်ရွက်လျက်ရှိပြီး ငါးမျိုးစိုက်ထည့်ပွဲ ၁၁ ကြိမ်အထိ ငါးကောင်ရေကိုးသိန်းကို မျိုးစိုက်ထည့်ပေးခဲ့ပြီးဖြစ်သည်။

ဆွေးနွေးမှာကြား

ထို့ပြင် ကရင်ပြည်နယ် ဘားအံမြို့ကို မြို့အင်္ဂါရုပ်များနှင့်အညီ Green City ၊ Clean City ဖြစ်စေရေး၊ သန့်ရှင်းသာယာလှပသောအစိမ်းရောင် ခရီးသွားမြို့တော်ဖြစ်စေရေး ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု၊ ဘားအံမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ ကော့ကျိုက်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းနှင့် တရုတ်လှကျေးရွာ အခြေခံပညာအထက်တန်း ကျောင်းတို့တွင် နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ရပ်ကွက်၊ ကျေးရွာနေ ပြည်သူများ ပူးပေါင်း၍ ယာဉ်၊ ယန္တရားများ အသုံးပြုပြီး ကျောင်းဝင်း အတွင်း၊ အပြင်ရှိ စွန့်ပစ်ပလတ်စတစ်နှင့် အမှိုက်များ ဖယ်ရှားရှင်းလင်းခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်နေမှု၊ အဆိုပါကျောင်းများရှိ စာသင်ခန်း၊ စာသင်ဆောင်၊ ပရိဘောဂ၊ သင်ထောက်ကူ၊ ရေ၊ မီး၊ မိလ္လာ ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

တောင်သူများအား နေကြာမျိုးစေ့နှင့်သွင်းအားစု ပေးအပ်

ကြံခင်း အောက်တိုဘာ ၁၀

ရောဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနသည် ယနေ့မွန်းလွဲပိုင်းက ၂၀၂၆-၂၀၂၇ ခုနှစ် ဆီထွက်သီးနှံ ဆောင်းနေကြာစိုက်ပျိုးမည့်တောင်သူများအား နေကြာမျိုးစေ့နှင့် သွင်းအားစု ဓာတ်မြေဩဇာ ပေးအပ်ပွဲအခမ်းအနား ကျင်းပသည်။

ဦးစွာ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးတင်ထွန်းက အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ဆောင်းနေကြာစိုက်ပျိုးခြင်းနှင့်ပတ်သက်၍ ပြောကြားသည်။ ထို့နောက် နေကြာမျိုးသီးသန့်စိုက်ပျိုးသည့်တောင်သူများအား ယူရီးယားဓာတ်မြေဩဇာ (MPE)တစ်ဧက တစ်အိတ်နှုန်း၊ နေကြာသီးညှပ်စိုက်ပျိုးသည့် တောင်သူများအား လေးဧကတစ်အိတ်နှုန်းနှင့် နေကြာမျိုးစေ့များ ပေးအပ်သည်။

ကြံခင်းမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု ၃၄ အုပ်စုတွင် နေကြာစိုက်ဧက ၆၈၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ဖြိုးဝေလင်း(ပြန်/ဆက်)



သထုံမြို့နယ်၌ စိုက်ပျိုးစရိတ်ချေးငွေ ချဲ့ထွင်ထုတ်ချေးပေး

သထုံ အောက်တိုဘာ ၁၀

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ သီးထပ်စိုက်ပျိုးသည့်တောင်သူများအတွက် သီးထပ်စွမ်းအားမြှင့်တင်ရေး စိုက်ပျိုးစရိတ်ချေးငွေ ချဲ့ထွင်ထုတ်ချေးပေးခြင်းအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက သထုံခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ ပြုလုပ်သည်။

အခမ်းအနားတွင် ခရိုင်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ တာဝန်ခံ မန်နေဂျာ ဦးနေလင်းက ချေးငွေထုတ်ချေးပေးသွားမည့် အစီအစဉ်များ၊ ချေးငွေများ ပြန်လည်ပေးသွင်းရမည့်ကာလနှင့် အပြေအကြေပြန်လည်ပေးဆပ်ကြရေးတို့ကို ဆွေးနွေးပြောကြားသည်။

ထို့နောက် သီးထပ်စိုက်ပျိုးကြမည့် ဧနကတိုက်ကျေးရွာမှ တောင်သူ ၃၉ ဦးတို့၏ ပဲမျိုးစုံစိုက်ဧက ၃၄၀ အတွက် တစ်ဧကလျှင် ငွေကျပ် နှစ်သိန်းခွဲ နှုန်းဖြင့် ချေးငွေကျပ် သိန်း ၈၅၀ ကို သီးထပ်စွမ်းအားမြှင့်တင်ရေး စိုက်ပျိုးစရိတ်ချေးငွေအဖြစ် ထုတ်ချေးပေးခဲ့သည်။

သထုံမြို့နယ်တွင် သီးထပ်စွမ်းအားမြှင့်တင်ရေး စိုက်ပျိုးစရိတ်ချေးငွေကို ကျေးရွာအုပ်စု ၁၇ အုပ်စုမှ တောင်သူ ၉၅၄ ဦးတို့၏ နွေစပါးဧက ၁၅၀ နှင့် ပဲမျိုးစုံဧက ၈၇၁၀ စုစုပေါင်းဧက ၈၈၆၀ အတွက် စုစုပေါင်းချေးငွေ ၂၂၂၅ သိန်းကို ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ညောင်ဦးမြို့နယ် ကျန်းခင်းကြီးရေလှောင်တမံ အမှတ်(၂) စီမံကိန်းဧရိယာအတွင်းပါဝင်သော ယာမြေများအတွက် မြေယာလျော်ကြေးနှင့် နှစ်ရှည်ပင်လျော်ကြေး ပေးအပ်

ညောင်ဦး အောက်တိုဘာ ၁၀

မန္တလေး တိုင်းဒေသကြီး ညောင်ဦးမြို့နယ် အတွင်း တည်ဆောက်မည့် ကျန်းခင်းကြီးရေလှောင်တမံ အမှတ်(၂) တည်ဆောက်ခြင်း စီမံကိန်းဧရိယာအတွင်း ပါဝင်သော ယာမြေများအတွက် မြေယာလျော်ကြေးနှင့် နှစ်ရှည်ပင်လျော်ကြေး ပေးအပ်ပွဲကို အောက်တိုဘာ ၇ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနောရထာခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်မင်းညိုက မြေယာလျော်ကြေး၊ နှစ်ရှည်ပင်လျော်ကြေးနှင့် သီးနှံများအတွက် နှစ်နာကြေး ပေးချေနိုင်ရေး ကြိုးကြပ်မှု ကော်မတီထံသို့ ငွေကျပ် ၅၄၁၀၁၂၅၀၀ ကို လွှဲပြောင်းပေးအပ်သည်။ ထို့နောက် ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ညောင်ဦးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ ကျောက်ပန်းတောင်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တောင်သူများ လက်ဝယ်အရောက် မြေယာလျော်ကြေးနှင့် နှစ်ရှည်ပင်လျော်ကြေးငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဒီပါလင်း

ကြို့ပင်ကောက်မြို့၌ စားအုန်းဆီအရောင်းဆိုင်များ ကွင်းဆင်းစစ်ဆေး

ကြို့ပင်ကောက် အောက်တိုဘာ ၁၀

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ်ရှိ စားအုန်းဆီများဖြန့်ဖြူးရောင်းချနေသော စားအုန်းဆီအရောင်းဆိုင်များအား မြို့နယ်စားအုန်းဆီရောင်းချမှု စောင့်ကြည့်ကြပ်မတ်ရေးအဖွဲ့ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခြင်းကို အောက်တိုဘာ ၉ ရက်တွင် ဆောင်ရွက်သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးခြင်းကို စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူးနှင့် မြို့နယ်စားအုန်းဆီရောင်းချမှု စောင့်ကြည့်ကြပ်မတ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ဆီလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လစဉ်စစ်ဆေး ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇေယျာထွန်း(ကြို့ပင်ကောက်)



ပဲခူးမြို့၌ လက်မှတ်ရပိုးသတ်ဆေးသုံးစွဲသူများ (CPA)သင်တန်းဖွင့်

ပဲခူး အောက်တိုဘာ ၁၀

ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက ကျင်းပသည့် လက်မှတ်ရပိုးသတ်ဆေးသုံးစွဲသူများ (CPA) သင်တန်းအမှတ်စဉ်(၃/၂၀၂၆) သင်တန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၈ ရက် နံနက်ပိုင်းက ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မမိမာန်၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်) သီးနှံကာကွယ်ရေးဌာနခွဲညွှန်ကြားရေးမှူးက အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ ပိုသတ်ဆေးများ ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ သင်တန်းများကို ပဲခူးတိုင်းဒေသကြီးၠ ဖွင့်လှစ်ပေးလျက်ရှိရာ ၂၀၂၆ ခုနှစ် စက်တင်ဘာလအထိ သင်တန်းပေါင်း ၄၂ ကြိမ်၊ သင်တန်းသား စုစုပေါင်း ၆၂၃၀ အား သင်တန်းဆင်းလက်မှတ်များ ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



ဘုရားစေတီများ၊ ဘိုးဘွားရိပ်သာနှင့် အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၀

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ၊ မြို့၊ ရွာ၊ ရပ်ကွက်များနှင့် အများပြည်သူ သွားလာလှုပ်ရှိသည့် လမ်းများ၊ ဆေးရုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ စျေးများ၊ ပန်းခြံများနှင့် သောက်သုံးရေကန်များ သန့်ရှင်းသာယာလှပစေရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



စုပေါင်းဆောင်ရွက်

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အပါအဝင် မြို့နယ်လေးမြို့နယ်ရှိ ဘုရားစေတီများ၊ ဘိုးဘွားရိပ်သာနှင့် အခြေခံပညာကျောင်းများ၌ ပတ်ဝန်းကျင် သန့်ရှင်းသာယာရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များနှင့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ် ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်း၊ ကျောင်းစာသင်ခန်းများအတွင်း သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ စာသင်ခုံများ နေရာချထားပေးခြင်းနှင့် ပြုပြင်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

တနင်္သာရီတိုင်းဒေသကြီး ဥပဒေအရာရှိ မြိတ်ခရိုင်နှင့် မြို့နယ်ဥပဒေအရာရှိများနှင့် ရုံးအမှုထမ်းများအား တွေ့ဆုံ

မြိတ် အောက်တိုဘာ ၁၀

တနင်္သာရီတိုင်းဒေသကြီး ဥပဒေချုပ်ရုံးမှ တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးသိန်းထွန်းသည် အောက်တိုဘာ ၈ ရက်က မြိတ်ခရိုင်နှင့် မြို့နယ်ဥပဒေရုံးတွင် ဆောင်ရွက်ထားရှိသည့် ခရိုင်နှင့်မြို့နယ် ရှေ့ပြေးဥပဒေရုံးအားစစ်ဆေးပြီး ဥပဒေအရာရှိများနှင့် ရုံးအမှုထမ်းများအား တွေ့ဆုံသည်။

တွေ့ဆုံရာတွင် တိုင်းဒေသကြီး ဥပဒေအရာရှိက ဥပဒေရေးရာဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ရှေ့ပြေးဥပဒေရုံးများ ရုံးဥပမိရုပ်ကောင်းမွန်စေရေးအပါအဝင် သတ်မှတ်ချက်များနှင့်အညီ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန အဖွဲ့အစည်းများ ပေါင်းစပ်ညှိနှိုင်း၍ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေး၊ ဥပဒေအရာရှိ ကျင့်ဝတ်နှင့်အညီ တာဝန်ထမ်းဆောင်နိုင်ရေး၊ ဥပဒေရေးရာဝန်ကြီးဌာနက AI နည်းပညာဖြင့် ဥပဒေအသိပညာ ပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရာတွင် သတ်မှတ်ထားသည့် ဥပဒေများ၏ အမေးအဖြေနှင့် အကြံပြုချက်များကို သတ်မှတ်အရေအတွက်အလိုက် ပြည့်စုံစွာပေးပို့တင်ပြရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် မြိတ်ခရိုင်ဥပဒေအရာရှိ၊ မြိတ်မြို့နယ် ဥပဒေအရာရှိ၊ ဒုတိယခရိုင်ဥပဒေအရာရှိများ၊ ဒုတိယမြို့နယ်ဥပဒေအရာရှိနှင့် ဝန်ထမ်းများက ရုံးလုပ်ငန်းတာဝန်များကို ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဥပဒေအရာရှိက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)



သန်လျင်မြို့နယ်၌ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိ

ရန်ကုန် အောက်တိုဘာ ၁၀

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် သန်လျင်ခရိုင်ဘဏ်ခွဲမှ လယ်ယာမြေ စိုက်ပျိုးလုပ်ကိုင်သည့် တောင်သူများသို့ သီးထပ်စွမ်းအားမြှင့်တင်ရေး စိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်ပွဲကို အောက်တိုဘာ ၈ ရက်က သန်လျင်မြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် သန်လျင်ခရိုင်ဘဏ်ခွဲ၌ ပြုလုပ်သည်။



ဦးစွာမြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ခရိုင်ဘဏ်ခွဲမန်နေဂျာ ဦးဝေလင်းက ချေးငွေရယူမည့် တောင်သူများအား နိုင်ငံတော်က ထုတ်ချေးမည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

စိုက်ပျိုးစရိတ်ချေးငွေ(၂၀၂၆-ဆောင်းချေးငွေ)များကို ငွေကျပ်သိန်း ၃၉၂၅၀ ထုတ်ချေးရန် လျာထားဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ညောင်လေးပင်ကျေးရွာအုပ်စုရှိ တောင်သူ ၅၄ ဦး၊ ပဲမျိုးစုံ ၈၈၀ ဒသမ ၅၀ သိန်းအား စတင်ထုတ်ချေးပေးခဲ့ပြီး ချေးငွေနှုန်းထားများမှာ နွေစပါးတစ်ဧကလျှင် ငွေကျပ်သုံးသိန်းနှုန်းနှင့် ပဲမျိုးစုံတစ်ဧကလျှင် ငွေကျပ်နှစ်သိန်းငါးသောင်းနှုန်း ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သန်းဝင်း(သန်လျင်)

အိမ်မဲမြို့နယ်၌ နေကြာမျိုးစေ့နှင့် ယူရီးယားဓာတ်မြေဩ ပေးအပ်

အိမ်မဲ အောက်တိုဘာ ၁၀

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်တွင် ၂၀၂၆-၂၀၂၇ ခုနှစ် ဆောင်းရာသီ၌ ဆီထွက်သီးနှံနေကြာ စိုက်ပျိုးနိုင်ရေးအတွက် နေကြာစိုက်တောင်သူများအား နေကြာမျိုးစေ့နှင့် ယူရီးယားဓာတ်မြေဩ(MPE)ပေးအပ်ပွဲကို အောက်တိုဘာ ၈ ရက်က အိမ်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပြည်တန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အိမ်မဲမြို့နယ် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး လုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး ကော်မတီအတွင်းရေးမှူးက ဆောင်းနေကြာစိုက်ပျိုးခြင်းနှင့်ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက ဆောင်းနေကြာ စိုက်ပျိုးမည့် တောင်သူများအား ဆီထွက်သီးနှံ နေကြာမျိုးစေ့နှင့် ယူရီးယားဓာတ်မြေဩ(MPE)အိတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





မိုင်းရွာမြို့၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် သင်ထောက်ကူပြိုင်ပွဲ ကျင်းပ

မိုင်းရွာ အောက်တိုဘာ ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရွာမြို့နယ်တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် သင်ထောက်ကူပြိုင်ပွဲကို အောက်တိုဘာ ၈ ရက်က အခြေခံပညာအထက်တန်းကျောင်း ခရေဆောင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်မော်က ပြိုင်ပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပြိုင်ပွဲတွင် မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်တို့မှ စုစုပေါင်းအဖွဲ့ ၃၅ ဖွဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ကျောင်းသားကျောင်းသူများက မိမိတို့ကိုယ်တိုင်ဖန်တီးထားသော သင်ထောက်ကူများ၏ အသုံးဝင်ပုံနှင့် ပြုလုပ်ပုံများကို ပိုင်နိုင်စွာ ရှင်းလင်းတင်ဆက်ခဲ့ကြသည်။ ထို့နောက် ခိုင်များဖြစ်သည့် ဌာနဆိုင်ရာတာဝန်ရှိသူများက အမှတ်ပေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မင်းလှမြို့နယ်၌ ဆောင်းဆီထွက် ပဲပုပ်တိုးချဲ့စိုက်ပျိုးရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး ပညာပေးဆွေးနွေး

မင်းလှ အောက်တိုဘာ ၁၀

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများ ဝင်ငွေတိုးတက်စေရေး၊ တစ်ဧကအထွက်နှုန်းပန်းတိုင် ရရှိရေးနှင့် စားသုံးဆီဖူလုံရေးအတွက် ဆောင်းသီးနှံဆီထွက်ပဲပုပ်တိုးချဲ့စိုက်ပျိုးနိုင်ရေး တောင်သူအသိပညာပေးဆွေးနွေးပွဲကို သရက်တပင်အုပ်စု သရက်တပင်ရှေ့တန်းစခန်း၌ အောက်တိုဘာ ၈ ရက်က ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ညီညီသိမ်း၊ ခရိုင် (မြေ၊ မျိုး၊ ပိုး) တာဝန်ခံများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် တာဝန်ရှိသူများက လက်ဆက်ကျေးရွာ၊ သရော(အမ်)ကျေးရွာ၊ သရက်တပင်ကျေးရွာအုပ်စုရှိ တောင်သူ ၆၇ ဦးနှင့်တွေ့ဆုံ၍ အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုး၊ မြေ၊ ရေ နည်း အချက်ကြီးလေးချက်ကို ဟန်ချက်ညီညီ ဆောင်ရွက်ရမည့်အခြေအနေများနှင့် ပြည်တွင်းစားသုံးဆီဖူလုံရေး ဆောင်းရာသီတွင် ဆီထွက်ပဲပုပ်တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မျိုးကောင်းမျိုးသန့်ရရှိရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိစေရေး ဆောင်ရွက်ရမည့် နည်းပညာများကို သက်ဆိုင်ရာပညာရှင်များက ကဏ္ဍအလိုက် ဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပေါက်စ(မင်းလှ)



ဧရာဝတီရိုးမ

ဧယျာသီရိမြို့နယ်အတွင်း သန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုအား ကြည့်ရှုအားပေး

ဧယျာသီရိ အောက်တိုဘာ ၁၀

ပြည်ထောင်စု နယ်မြေနေပြည်တော် ဧယျာသီရိမြို့နယ်အား Clean City၊ Green City၊ Smart City ဖြစ်စေရေးအတွက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက ဧယျာသီရိမြို့နယ် ခုတင်(၅၀)ဆံ့ ဆေးရုံအတွင်း ဆောင်ရွက်ခဲ့ရာ နေပြည်တော်ကောင်စီဝင် ဦးမင်းဦး ကြည့်ရှုအားပေးသည်။



ဦးစွာ နေပြည်တော်ကောင်စီဝင်၊ ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြီးကြပ်၍ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံများ စုပေါင်း၍ အဆိုပါဆေးရုံရှိ မြက်ပင်များ၊ ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းခြင်း၊ မြက်ဖြတ်စက်များဖြင့် ရှင်းလင်းဆောင်ရွက်ခြင်း၊ ရေစီး၊ ရေလာကောင်းမွန်စေရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စွန့်ပစ်အမှိုက်များကို စုပေါင်းရှင်းလင်းခြင်း၊ အမှိုက်များကို အမှိုက်ကားများဖြင့် စနစ်တကျ သိမ်းဆည်းစွန့်ပစ်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်သည် နေပြည်တော်ဆီကုန်သည်များ အသင်းမှ သန့်ရှင်းရေးလာရောက်ဆောင်ရွက်သည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများအား သတ်မှတ်ရည်ညွှန်းစွေးအတိုင်း စားသုံးဆီလာရောက်ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ထွန်းလင်း(ဧယျာမြေ)

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၀

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ မြို့နယ် ကြက်ခြေနီအသင်းခွဲ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၏ ဦးဆောင်မှုဖြင့် စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါမြို့နယ် (၁၆)ရပ်ကွက်ရှိ ပြည်ကြီးချမ်းသာ မဟာဗေဒီတော် သန္တိသုခမဏ္ဍာရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။



ဦးစွာ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ကြက်ခြေနီအသင်းခွဲမှ တာဝန်ရှိသူများက သွေးလှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဒေသတွင်း သွေးလိုအပ်ချက်ရှိနေသော လူနာများအတွက် အချိန်မီ အကူအညီပေးနိုင်ရန် ရည်ရွယ်ကာ ယခုကဲ့သို့ စုပေါင်းသွေးလှူဒါန်းပွဲကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် တိုင်းဒေသကြီးပြန်ကြားရေး၊ ကယ်ဆယ်ရေးနှင့် သာသနာရေးဝန်ကြီးဌာနဝန်ကြီးဦးနေလင်းထွန်းနှင့် တာဝန်ရှိသူများက စေတနာရှင်၊ အလှူရှင် ပြည်သူများကိုယ်စား သွေးလှူရှင် စုစုပေါင်း ၁၅၀ တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် အာဟာရဖြည့်စွက်စာများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဇော်မိုးဝင်း(ရွှေတောင်)



ကျောင်းကုန်းမြို့နယ် မြို့မဈေးကြီးအတွင်း မီးဘေးအန္တရာယ်ကင်းဝေးစေရေး ကွင်းဆင်းစစ်ဆေး

ကျောင်းကုန်း အောက်တိုဘာ ၁၀

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် မြို့မဈေးကြီးအတွင်း မီးဘေးအန္တရာယ်မဖြစ်ပွားစေရေးအတွက် မြို့နယ်အဆင့် ဌာနဆိုင်ရာများပူးပေါင်း၍ ယနေ့နံနက်ပိုင်းက မြို့မဈေးကြီးအတွင်း ကွင်းဆင်းစစ်ဆေးသည်။

လုပ်ညှဉ်လည်စစ်ဆေး

အဆိုပါ ကွင်းဆင်းစစ်ဆေးရာသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မီးသတ်ဦးစီးဌာနနှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးအဖွဲ့တို့ ပူးပေါင်း၍ ဈေးအတွင်း မီးဘေးအန္တရာယ်ဖြစ်ပွားနိုင်သည့် အခြေအနေများ၊ လျှပ်စစ်သွယ်တန်းအသုံးပြုမှုနှင့် မီးဘေးကာကွယ်ရေးဆိုင်ရာ အခြေအနေများကို လုပ်ညှဉ်လည်စစ်ဆေးခဲ့ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

သာစည်မြို့နယ်၌ အပူဒဏ်ကြိုတင်ကာကွယ်ရေး အသိပညာပေး နှိုးဆော်

သာစည် အောက်တိုဘာ ၁၀

ရာသီဥတုပြောင်းလဲပြီး အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာမည့် အကျိုးသက်ရောက်မှုများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိပြီး ကြိုတင်ပြင်ဆင်ကာကွယ်နိုင်ရန် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ အောက်တိုဘာ ၇ ရက်က မြို့ပေါ်ရပ်ကွက်များနှင့် မိတ္ထီလာ-တောင်ကြီးကားလမ်းတစ်လျှောက်တို့၌ အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းများကို အသံချဲ့စက်ဖြင့် လှည့်လည်နှိုးဆော်ခြင်းများ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရန်၊ ရှောင်ရန်အချက်များကို အသံချဲ့စက်ဖြင့် အသိပညာပေး နှိုးဆော်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထွန်းထွန်း(သာစည်)





မကွေးမြို့၌ တိုက်နယ်မှူးအဆင့် ဘာသာရပ်ဆိုင်ရာသင်တန်းဖွင့်ပွဲ ကျင်းပ

မကွေး အောက်တိုဘာ ၁၀

မကွေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး၌ တိုက်နယ်မှူးအဆင့် ဘာသာရပ်ဆိုင်ရာသင်တန်း အမှတ်စဉ်(၁/၂၀၂၆)ဖွင့်ပွဲကို အောက်တိုဘာ ၈ ရက်က အဆိုပါ တိုင်းဒေသကြီးဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မကွေးတိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူးက ယခုဖွင့်လှစ်မည့်သင်တန်းသည် မိမိတို့ဝန်ကြီးဌာန၏ ရုံးအသီးသီး၌ တိုက်နယ်မှူး တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများအတွက် ဘာသာရပ်ဆိုင်ရာ လုပ်ငန်းများကျွမ်းကျင်မှုရှိစေရေး၊ ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ဝန်ကြီးဌာန၏ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများအပြင် နိုင်ငံဝန်ထမ်းဥပဒေ၊ ဝန်ထမ်းကျင့်ဝတ်၊ စည်းမျဉ်းစည်းကမ်းများကိုသိရှိနားလည်စေရန်ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းသို့ မင်းဘူးခရိုင်နှင့် မကွေးခရိုင် ရုံးများမှ တိုက်နယ်မှူးတာဝန်ထမ်းဆောင်ကြမည့် အမှုထမ်းဝန်ထမ်း သင်တန်းသား စုစုပေါင်း ၃၄ ဦး တက်ရောက်၍ သင်တန်းကာလမှာ ရက်သတ္တ ခြောက်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



ရေးမြို့နယ် စိန်ကြီးကျေးရွာ၌ ဆိုလာစနစ် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

ရေး အောက်တိုဘာ ၁၀

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မွန်ပြည်နယ် ရေးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေဖြင့် စိန်ကြီးကျေးရွာ၌ ဆိုလာစနစ် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယမန်နေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး၊ ရေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက စိန်ကြီးကျေးရွာ၌ ဆိုလာစနစ် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ခေတ္တခရိုင်ဦးစီးမှူးက မှာကြားသည်။

စိန်ကြီးကျေးရွာ၌ ဆိုလာစနစ်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာရှိ အိမ်ခြေ ၁၁၁ အိမ် အကျိုးပြုလျက်ရှိကြောင်းနှင့် ကျေးရွာရေပေးရေးကော်မတီများအား လုပ်ငန်းလွှဲပြောင်းအပ်နှံခြင်းနှင့် လုပ်ငန်းလည်ပတ်ထိန်းသိမ်းခြင်းဆိုင်ရာ အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သုတ

၂၀၂၆ ခုနှစ် အောက်တိုဘာလ ဒုတိယ (၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ မုန်တိုင်းယဲအဖြစ်သို့ရောက်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) တို့တွင် တစ်ရက်မှ လေးရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် ငါးရက်မှ ရှစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

နေ့အပူချိန်

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတို့တွင် အောက်တိုဘာလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်နှင့်အထက် ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် အောက်တိုဘာလ ပျမ်းမျှအပူချိန် ခန့်သာ ရှိနိုင်သည်။

ည အပူချိန်

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် အောက်တိုဘာလ ပျမ်းမျှအပူချိန် ခန့်သာ ရှိနိုင်သည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့နှင့် ပြည်မြို့တို့တွင် တစ်ပေခွဲမှ နှစ်ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပြီး ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္ဓီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် တစ်ပေမှ နှစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ဒဂုံဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ပေဝက်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့တွင် ပေဝက်ခန့်နှင့် ပဲခူးမြို့တွင် နှစ်ပေခန့်၊ ငပန်းမြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ပေဝက်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မြစ်သာမြစ်ရေသည် ကလေးမြို့တွင် တစ်ပေခန့်၊ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ပေဝက်ခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်နှင့် သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန



တာချီလိတ်မြို့နယ်၌ သံဃာတော်များအား UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

တာချီလိတ် အောက်တိုဘာ ၁၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက်ရှိ နဂါးနှစ်ကောင်ကျောင်းတိုက်၌ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေးရာ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးလင်းအောင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးသက်ဆွေဦးနှင့် ဝန်ထမ်းများက တာချီလိတ်မြို့နယ်အတွင်းရှိ သံဃာတော်၊ သာဏောနှင့် သီလရှင် ၁၃၆ ပါးတို့အား UIDကတ် ရိုက်ကူးပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ တာဝန်ရှိသူများက လိုအပ်သည့်အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို ပေါင်းစပ်စီမံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

မိုင်းယောင်းမြို့၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

မိုင်းယောင်း အောက်တိုဘာ ၁၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ပုဗ္ဗဝိဇယစေတီတော်၌ ယနေ့နံနက်ပိုင်းတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်သည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလင်းလင်းအောင်နှင့် ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက စေတီတော်ရင်ပြင်၊ စေတီတော်ပရိဝုဏ် အတွင်းအပြင်နှင့် စေတီတော်ပတ်ဝန်းကျင်နေရာတို့၌ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းအတွင်းရှိ အမှိုက်များ ရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်နေမှုကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝေမောင်နှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဝေဝေခိုင်(ပြန်/ဆက်)





(၃၈)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးဆောင်၍ တိုင်းဒေသကြီးအတွင်းရှိ ဝန်ထမ်းများက အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းတွင် ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိဘုရားကြီး ရင်ပြင်တော်နှင့် ပရိဝုဏ် အတွင်းအပြင်တို့၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

ကော့မှူးမြို့နယ် ရှာဘွားကျေးရွာမွေးမြူရေးဇုန်၌ ဇီဝလုံခြုံမှုဆိုင်ရာ သင်တန်းဖွင့်လှစ်

ကော့မှူး အောက်တိုဘာ ၁၀

ဇီဝလုံခြုံမှုနှင့်ဘေးကင်းရေးဆိုင်ရာ နည်းပညာပေးသင်တန်းကို အောက်တိုဘာ ၇ ရက်က ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ရှာဘွားကျေးရွာ မွေးမြူရေးဇုန်၌ ကျင်းပသည်။

သင်တန်းပို့ချ

အဆိုပါသင်တန်းတွင် တွဲတေးခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ခရိုင်တာဝန်ခံနှင့် ကော့မှူးမြို့နယ်ဦးစီးမှူးတို့က ဇီဝလုံခြုံမှု၏ အခြေခံမူများ၊ သန့်ရှင်းရေးနှင့်ပိုးသတ်ခြင်းလုပ်ငန်းစဉ်များကို သင်တန်းပို့ချခဲ့ကြောင်း သိရသည်။

ကျော်သူရ(ကော့မှူး)



ကျိုင်းတုံမြို့နယ်၌ အယ်လ်နီညိုဖြစ်စဉ်များဆိုင်ရာ အသိပညာပေးဆွေးနွေး



ကျိုင်းတုံ အောက်တိုဘာ ၁၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် အယ်လ်နီညိုဖြစ်စဉ်များဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၁၀ ရက်က မိုင်းဇင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ဆွေးနွေးပြောကြား

ဦးစွာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက အယ်လ်နီညိုရာသီဥတုဖြစ်စဉ်များကြောင့် အပူလွန်ကဲခြင်း၊ မိုးခေါင်ရေရှားခြင်း၊ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နိုင်သဖြင့် ချောင်းများမှ စိုက်ပျိုးရေးရရှိရေး၊ ဆည်ရေဝင်/ ရေထွက်မြောင်းများမှ စိုက်ပျိုးရေးများ စနစ်တကျထုတ်ယူသုံးစွဲနိုင်ရေး၊ သက်တမ်းတိုမျိုးစပါးနှင့် အခြားသက်တမ်းတိုသီးနှံများစိုက်ပျိုးနိုင်ရေး၊ အယ်လ်နီညိုရာသီဥတုကြောင့်ဖြစ်ပွားနိုင်သည့် စိုက်ပျိုးရေးနှင့် ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်နိုင်ရေး စိုက်ပျိုးရေးတောင်သူများနှင့် ဒေသခံပြည်သူများအား အသိပညာပေး ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)

❁ ကျောဖုံးမှ

ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာအားကစားနည်းများအလိုက် သတ်မှတ်ထားသောအားကစားကွင်းများနှင့် အားကစားရုံများတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား (၃၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) တိုက်ကွမ်ဒိုပြိုင်ပွဲတွင် အဆင့်အလိုက် ပင်ဝိတ်တန်း ဗိုလ်လုပွဲစဉ်များကို ဧရယ္ယာသီရိတပ်မတော်အားကစားရုံ(A)၌ လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဝိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ၊ အမျိုးသား/ အမျိုးသမီး ကွာတားအဆင့်ပတ်လည်ပြိုင်ပွဲ ပွဲစဉ်များကို ဧရယ္ယာသီရိတပ်မတော်အားကစားရုံ (B) ၌လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဝိုင်း (၃၃)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မြန်မာ့သိုင်းပြိုင်ပွဲ အမျိုးသားဗန်တို အတိုက်(က) တန်း၊ အမျိုးသားဗန်တို အတိုက် (ခ) တန်း အကြိုဗိုလ်လုပွဲစဉ်များ၊ အမျိုးသား ပန်ကြပ်ဆီလပ် အတိုက် (ခ)တန်း အကြိုဗိုလ်လုပွဲစဉ်များ၊ အမျိုးသမီး ပန်ကြပ်ဆီလပ်အတိုက် အကြိုဗိုလ်လုပွဲစဉ်များ၊ အမျိုးသား ဓားတစ်လက်အတိုက်(က)တန်း အကြိုဗိုလ်လုပွဲစဉ်များ၊ အမျိုးသား ဓားတစ်လက်အတိုက်(ခ)တန်း အကြိုဗိုလ်လုပွဲစဉ်များ၊ ခွဲမှုံးဆရာအဆင့်လက်ရည်ပညာစဉ် စွမ်းရည်ပြပြိုင်ပွဲနှင့် တစ်ယောက် ငါးယောက် အတွဲတိုက် စွမ်းရည်ပြပြိုင်ပွဲများကို ဧရယ္ယာသီရိတပ်မတော်အားကစားရုံ(C)၌လည်းကောင်း အသီးသီးယှဉ်ပြိုင်ကြသည်။



အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ စိန်ပန်းခန်းမ(၂)၌ ၌ ၂၀၂၆ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဝိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) ကရာတေးပြိုင်ပွဲတွင် လူသစ်တန်း၊ အကြီးတန်း အသင်းလိုက်“ကုမိတဲ့” ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် လူသစ်တန်း၊ အကြီးတန်း အသင်းလိုက် “ခတ” ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များကို လည်းကောင်း၊ စံပယ်(ဖ)အားကစားရုံ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဝိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲတွင် (၄) ပေါက်တန်းပြိုင်ပွဲ၊ အခြေခံအထိ(ဖ)ချက်ပြိုင်ပွဲများကို လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားကြသည်။

(၅ဖ) ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဝိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ဝှေ့ပြိုင်ပွဲကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်ခိုရေးစခန်း တပ်နယ်အားကစားခန်းမ၌ ကိလိုတန်းအလိုက် လူသစ်တန်း၊ အလွတ်တန်းနှင့် (က)အဆင့်အကြို ဗိုလ်လုပွဲစဉ်များကိုလည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားကြသည်။

ထို့အတူ ၂၀၂၆ ခုနှစ် (၆၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အလွတ်တန်းအဆင့် ဘောလုံးပြိုင်ပွဲကို ညနေပိုင်းတွင် အကြိုဗိုလ်လုပွဲစဉ်အဖြစ် ဧရယ္ယာသီရိ တပ်မတော်အားကစားကွင်း၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံး ကိုယ်စားပြုအသင်းနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပွဲကစားချိန် မိနစ် ၉၀ အချိန်ပြည့် အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြပြီး ဂိုးမရှိ သရေရလဒ်ထွက်ပေါ်ခဲ့သည်။ ထို့နောက် အချိန်ပို မိနစ် ၃၀ ဆက်လက်ယှဉ်ပြိုင်ကစားကြရာ ဂိုးမရှိသရေရလဒ်သာ ထွက်ပေါ်ခဲ့သဖြင့် ပင်နယ်တီအဆုံးအဖြတ်ဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးကိုယ်စားပြုအသင်းက နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို ငါးဂိုး – လေးဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါအားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစာဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူးရှု အသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၀

ရန်ကုန် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး ကျင်းပသော လူကုန်ကူးမှု၊ အကြမ်းဖက်မှု၊ သက်ငယ်မှဒိမ်းမှုနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက သာကေတမြို့နယ် လူငယ်စင်တာခန်းမ၌ ကျင်းပသည်။



ဦးစွာ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နှင်းဇာခြည်ဦးက အမှာစကား ပြောကြားသည်။

ထို့နောက် အမှတ်(၆) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး တပ်ဖွဲ့စု(ရန်ကုန်)မှ ရဲမှူးတိုးမြို့က လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၆) ယာဉ်ထိန်းရဲတပ်ဖွဲ့ ခွဲမှူး ရဲမှူးကျော်စန်းက ယာဉ်ထိန်း ရဲတပ်ဖွဲ့ဖြစ်ပေါ်လာပုံ၊ ရည်မှန်းချက်နှင့် လုပ်ငန်းတာဝန်များအကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၆) ယာဉ်ထိန်းရဲတပ်ဖွဲ့ ခွဲမှူး ဒုရဲမှူး လှိုင်ဝင်းအောင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ ဒုရဲမှူးကျော်သူက မှူခင်းကျဆင်းရေးတို့နှင့် ပတ်သက်၍ ဟောပြောပြီး တက်ရောက်လာသူများ၏ သိရှိလိုသည့် ဆွေးနွေး မေးမြန်းမှုများအပေါ် ပြန်လည်ဖြေကြားပေးသည်။

ယင်းနောက် တာဝန်ရှိသူများက အသိပညာပေး ဟောပြောခဲ့သူများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ပြီး တက်ရောက်လာသူများအား အသိပညာပေး လက်ကမ်း စာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ကျော်ကျော်(ပြန်/ဆက်)

ကွမ်းခြံကုန်းမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

ကွမ်းခြံကုန်း အောက်တိုဘာ ၁၀

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် လက်ခုပ်ကုန်း ကျေးရွာ ကိုးဆူဘုရားကြီးတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။



အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ကွမ်းခြံကုန်းမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌတို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးက မှူခင်းကျဆင်းရေး အကြောင်းအရာများ၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက အသားကဏ္ဍာဖွံ့ဖြိုးတိုးတက်ရေး အကြောင်းအရာတို့ကို ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် ဒေသခံပြည်သူများက သိရှိလိုသည်များမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

ဆွေနွယ်(ပြန်/ဆက်)

သရက်မြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်

သရက် အောက်တိုဘာ ၁၀

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာငါးရွာမှ ကော်မတီဝင်များထံ ရန်ပုံငွေလွှဲပြောင်း ပေးအပ်ပွဲကို အောက်တိုဘာ ၇ ရက်က အဆိုပါ



ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ သရက်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဦးသန့်စင်က အမှာစကားပြောကြားပြီး သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးယုနိုင်လင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ၏ရည်ရွယ်ချက်၊ အကျိုးကျေးဇူး၊ စီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက VDP ဆောင်ရွက်မည့် ရွာတန်းရှည် ကျေးရွာ၊ သီးကုန်းကျေးရွာ၊ စခန်းကြီးကျေးရွာ၊ ဖျောက်ဆိပ်ခုံ ကျေးရွာနှင့် ထန်းရုံကျေးရွာတို့မှ ကျေးရွာကော်မတီဝင်များထံ ရန်ပုံငွေကျပ်သိန်း ၁၅၀ စီကို လွှဲပြောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆက်လူ



သာယာဝတီမြို့နယ်၌ အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

သာယာဝတီ အောက်တိုဘာ ၁၀

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်တွင် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေးနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းကို အောက်တိုဘာ ၉ ရက် ညနေပိုင်းက လူစည်ကားရာ လမ်းဆုံနေရာများ၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ ပူးပေါင်း၍ အပူဒဏ်ကာကွယ်နိုင်ရေးကို အသိပညာပေးနှိုးဆော်ခဲ့ကြပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

❁ MFF မှ

ပွဲစဉ် ၁၄ အပြီးတွင် Pacific Sun Far အသင်းနှင့် MIU အသင်းတို့က ၃၇ မှတ်စီ၊ YRG အသင်းက ၃၄ မှတ်၊ ULAD အသင်းက ၂၇ မှတ်၊ YCDC Dream Team အသင်းက ၂၆ မှတ်၊ Gold Dream အသင်းက ၂၄ မှတ်၊ United City အသင်းက ၁၈ မှတ်၊ JV အသင်းက ၁၇ မှတ်၊ Royal Noka အသင်းက ၁၂ မှတ်၊ ရွှေပြည်သာယူနိုက်တက်အသင်းက ရှစ်မှတ်၊ မင်္ဂလာဒုံစီးတီးအသင်းက သုံးမှတ်၊ Burmese Warriors အသင်းက တစ်မှတ် ရရှိထားသည်။

သတင်း – ရွှိုင်းထက်ဇော်

ဓာတ်ပုံ – MFF

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

စဉ်ကိုင်မြို့နယ်၌ အယ်လ်နီညိုရာသီဥတုနှင့် စပ်လျဉ်း၍ လက်ကမ်းစာစောင်များ ဖြန့်ဝေ

စဉ်ကိုင် အောက်တိုဘာ ၁၀

မန္တလေးတိုင်းဒေသကြီး စဉ်ကိုင်မြို့နယ် မြို့မရပ်ကွက် မြို့မစွေးထိပ်လမ်းဆုံ၊ ရန်အောင်မြင်ရပ်ကွက် မီးပွိုင့်လမ်းဆုံ၊ ပလိပ်ကျေးရွာအုပ်စု ပလိပ်စွေးထိပ်လမ်းဆုံတို့၌ အယ်လ်နီညိုရာသီဥတုနှင့် စပ်လျဉ်း၍ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယမန်နေ့က ဆောင်ရွက်ခဲ့သည်။

လက်ကမ်းစာစောင်များဖြန့်ဝေ

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာမောင်စိုး၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မြို့နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာအေးလွင် ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ မြို့နယ် ကြက်ခြေနီတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ အပူဒဏ်ကာကွယ်ရေး အယ်လ်နီညိုရာသီဥတုနှင့်



ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

❖ အာဆင်နယ်မှ

သွင်းယူပေးခဲ့လို့ အာဆင်နယ်အသင်း အနိုင်သုံးမှတ် အပြည့်ရရှိခဲ့တာဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ လိဒ်ဝယူနိုက်တက် အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ် ပွဲစဉ်(၆) ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၁၅ မှတ် စုဆောင်းနိုင်ခဲ့ပြီး အမှတ်ပေးဇယားအဆင့်(၂) နေရာမှာ ဆက်လက်ရပ်တည်နေတာဖြစ်ပါတယ်။

လိဒ်ဝယူနိုက်တက် အသင်းကတော့ အာဆင်နယ်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ်(၆) ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၁၅ မှတ် အဆင့်(၅)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

အာဆင်နယ်အသင်းအနေနဲ့ လိဒ်ဝယူနိုက်တက်အသင်းကို အနိုင်ရရှိခဲ့ခြင်းဟာ နှစ်သင်း အကြား ရမှတ်ကွာဟချက် ၈ မှတ်အထိ ရောက်သွားခဲ့ပြီး ပွဲစဉ်(၃၈) ကျန်ရှိနေသေးတဲ့ အသင်းတွေအပေါ် မှီခိုအားထားမှုကို လျော့နည်းစေခဲ့ပါတယ်။ ဒွေကြေယ်

❒ M-League မှ

ခဲ့ရပြီး ဒုတိယမြောက်ရှုံးပွဲခဲ့ရင် ရင်ဆိုင်ခဲ့ရသည်။ သစ္စာအားမာန်အသင်းအတွက် ဂိုးများကို ၂၅ မိနစ်တွင် စောမျိုးဇော်၊ ၄၆ မိနစ်တွင် ပြည့်စုံအောင်၊ ၈၈ မိနစ်တွင် ရွှိုင်းဝဏ္ဏအောင်က သွင်းယူပြီး ၅၅ မိနစ်တွင် သူရမင်းသန်က ဧရာဝတီယူနိုက်တက်အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ ယခုပွဲအတွက် AYA Pay Player of the Match ဆုကို သစ္စာအားမာန်အသင်း တိုက်စစ်မှူး စောမျိုးဇော်ကရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ၁၀ သိန်း ရရှိသည်။

သန်လျင်သီဟဒီပကွင်း၌ ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းက မြဝတီအသင်းကို နှစ်ဂိုး – ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ရတနာပုံအသင်းသည် အသင်းခေါင်းဆောင် ဆွမ်လမန်၏ သွင်းဂိုးများဖြင့် ဒုတိယမြောက် နိုင်ပွဲရယူနိုင်ခဲ့သည်။ ရတနာပုံအသင်းအတွက် ဂိုးများကို ဆွမ်လမန်က ၂၂၊ ၈၃ မိနစ်တွင် သွင်းယူခဲ့သည်။ ယခုပွဲအတွက် AYA Pay Player of the Match ဆုကို အနိုင်ဂိုးနှစ်ဂိုးသွင်းယူခဲ့သည့် ရတနာပုံအသင်း ခေါင်းဆောင် ဆွမ်လမန်ကရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ၁၀ သိန်းရရှိသည်။

ပွဲစဉ်(၃) နောက်ဆုံးနေ့ကို အောက်တိုဘာ ၁၁ ရက်တွင် ဆက်လက် ကျင်းပမည်ဖြစ်ပြီး ပဲခူး Grand Royal ကွင်း၌ ဟံသာဝတီယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ YUSC ကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရန်ကုန်စီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း – ကိုညီလေး၊ ဓာတ်ပုံ – ML

❍ M-League ယူ–၂၀ မှ

အမှတ်ပေးဇယား အထက်၊ အောက် ရပ်တည်နေသည့် နှစ်သင်း တွေ့ဆုံခဲ့ကြဖြစ်ပြီး ရန်ကုန်စီးတီးအသင်းက နိုင်ပွဲ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ရန်ကုန်စီးတီးအသင်းအတွက် အနိုင်ဂိုးများကို သုံးမိနစ်တွင် ရန်ပိုင်ဦးနှင့် ၆၃ မိနစ်တွင် ရဲထက်ဘို တို့က သွင်းယူခဲ့သည်။ ယခုပွဲအတွက် AYA Pay Player of the Match ဆုကို ရန်ကုန်စီးတီးအသင်းမှ ရဲထက်ဘိုကရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ခုစိသိန်းရရှိသည်။

ပွဲစဉ်(၁၈) အပြီးတွင် အား/ကာသိပွဲအသင်းက ၄၂ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ရမှတ် ၄၀၊ ဒဂုံစတားယူနိုက်တက်အသင်းက ၃၆ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ၃၃ မှတ်၊ ရတနာပုံအသင်းက ၃၂ မှတ်၊ Falcon အသင်း၊ သစ္စာအားမာန်အသင်းနှင့် ရန်ကုန်စီးတီးအသင်းတို့က ၂၈ မှတ်စီ၊ Galaxy အသင်းက ၂၅ မှတ်၊ ဧရာဝတီယူနိုက်တက်အသင်းက ၁၉ မှတ်၊ ဟံသာဝတီယူနိုက်တက်အသင်းက ၁၇ မှတ်၊ စစ်ကိုင်းယူနိုက်တက်အသင်းက ၁၅ မှတ်၊ မြဝတီအသင်းက ၃၄ မှတ်၊ Chinland အသင်းက လေးမှတ်ရရှိထားသည်။

သတင်း – ညီမြတ်သော်တာ

ဓာတ်ပုံ – ML

စွေးများ မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရန် အတွက် အရေးပေါ် မီးငြိမ်းသတ်မှု ဇာတိတိုက်လေ့ကျင့်ခြင်းကို ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့ မြို့မစွေးတွင် အောက်တိုဘာ ၉ ရက်က ဆောင်ရွက်စဉ်။

မန်းကျော်(ပြန်/ဆက်)

ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးလျှောက်ထားခြင်း

ယာဉ်အမှတ် 7F/3763၊ အမျိုးအမည် Toyota Dyna XZU302၊ အမျိုးအစား Light Truck(4x2)R၊ ယာဉ်လက်ဝယ်ရှိသူအမည် ဦးအောင်ဟိန်း၊ မှတ်ပုံတင်အမှတ် ၅/မရန (နိုင်) ၂၀၈၆၂၆၂မှ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြေညာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်–

ကုန်းလမ်းဂို့ဆောင်ရေး ညွှန်ကြားရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး၊ (စုံရွာ)

ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးလျှောက်ထားခြင်း

ယာဉ်အမှတ် 9G/3405၊ အမျိုးအမည် LIFAN AGIFJ3055GS၊ အမျိုးအစား DUMP TRUCK (4x2)(L)(L.HD)၊ ယာဉ်လက်ဝယ်ရှိသူအမည် ဦးနိုင်မိုးဝင်း၊ မှတ်ပုံတင်အမှတ် ၅/ကနန(နိုင်) ၀၅၇၉၄၄၂မှ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြေညာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်–

က.ည.န၊ တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ (စုံရွာ)

ပြင်ဆင်ဖတ်ရှုပါရန်

၃–၁၀–၂၀၂၆ ရက်နေ့ ကြေးမုံသတင်းစာ၏ စာမျက်နှာကြေငြာ(၂၀) ပါယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်းတွင် ယာဉ်အမှတ် 53W/8534 အား 53W/85345 ဟု အမှန်ဖတ်ရှုပေးပါရန်။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၀၁၁/၆၉၀၆၈၊ အမျိုးအမည် Honda Scopy၊ အမျိုးအစား M/C ၊ ယာဉ်လက်ဝယ်ရှိသူအမည် မသွာဦး၊ မှတ်ပုံတင်အမှတ် ၅/မရန(နိုင်) ၂၄၆၀၀၈၅မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်–

က.ည.န၊ တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ ဗုံရွာ

တင်ဒါခေါ်ယူခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ ပုလဲကွန်ဒိုမီနီယမ်၊ တိုက် (A) နှင့် (B) အဆောက်အဦကို ဆေးသုတ်မည်ဖြစ်ပါသည်။ စိတ်ပါဝင်စားသ လုပ်ကိုင်လိုသော လုပ်ငန်းရှင်များသည် ၁၉–၁၀–၂၀၂၆ (တနင်္လာနေ့) နောက်ဆုံးထား၍ စွေးနှုန်းတင်သွင်းလွှာများကို တင်သွင်းကြပါရန် ကြေညာအပ်ပါသည်။

တင်ဒါလက်ခံရေးနှင့် စီစစ်ရွေးချယ်ရေးအဖွဲ့
တိုက် (A+B)သာယာရေးကော်မတီ
ဖုန်း– 09–267066391, 09–422515851

ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အ.ထ.က–၀၎င်းကျိုက်ကျောင်း၊ Grade–7 မှ မဒေဝီချမ်း၏ ဖခင်အမည်မှန်မှာ မင်းစိုးဝင်း [၃/ကကရ (နိုင်) ၂၆၃၀၄၃] ဖြစ်ပါကြောင်း။

မင်းစိုးဝင်း
[၃/ကကရ (နိုင်) ၂၆၃၀၄၃]

ပျောက်ဆုံးကြောင်း

မရန်သာ (၁၁) ဦးစိန်မင်း [၅/တဆန (နိုင်) ၁၆၈၁၁၆] ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် (MK – 011928) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၄၃၁၅၅၆၂၆

ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံး၌၀၁၆ဒေသမိန့်– ၅၅၊ နည်း၌၀၁၆–၂၀)

၁ရုံးမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်

၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၂၇၂

ဦးနိုင်မြဲ (တရားလို)	နှင့်	ဦးချစ်ဆန်းသူ (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ၁ရုံးမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၇၇)ရပ်ကွက်၊ စီဝကလမ်း၊ အမှတ် (၇၉၃)နေ့ ဦးချစ်ဆန်းသူ (ယခုနေရပ်လိပ်စာဃင်းသူ) သိစေရမည်။

သင့်အပေါ်၌တရားလိုက **"ပဋိညာဉ်အတိုင်း မြေကွက်အပြီးအပိုင် အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု"** လျှောက်ထားခဲ့ခဲ့သည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက် (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်)နေ့ မွန်းမတည့်မီ (၁၀း၀၀)နာရီအမြဲမိုတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရုံးလေးစားရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချောင်ပြ အဖိုပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကာ တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(၀၄ပါဖေဝင်း)
မြို့နယ်တရားသူကြီး
၁ရုံးမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ဖဆပလအိမ်ရာ၊ တိုက် အမှတ်– ၄/ အခန်း– ၁၃ ခန ဦးစန်းမြင့်ဝင်းနှင့် ဒေါ်ခင်စန္ဒာစည်တို့၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ဦးစန်းမြင့်ဝင်းနှင့် ဒေါ်ခင်စန္ဒာစည်တို့၏ သမီးဖြစ်သူ မရဝေခင် [၁/မဂဇ(နိုင်)၀၀၂၉၈၅]သည် မိဘများ၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ၊ မိဘများအား စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် ပြုမူဆောင်ရွက်ခဲ့သည့် အပြင် ခွင့်မလွှတ်နိုင်သောကိစ္စရပ်များကို ပြုလုပ်ဆောင်ရွက်ခဲ့ပြီး လွန်ခဲ့သော (၂)နှစ်ကျော်ခန့်ကတည်းကပင် မိဘများ၏နေအိမ်မှ မိမိ၏သဘောဆန္ဒအလျောက် ဆင်းသွားခဲ့သည်မှာ ယနေ့တိုင်အထိဖြစ်ပါသည်။ ထို့ကြောင့် မရဝေခင်အား ယနေ့မှစ၍ ဦးစန်းမြင့်ဝင်းနှင့် ဒေါ်ခင်စန္ဒာစည်တို့၏ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ မရဝေခင်နှင့်ပတ်သက်သည့် မည်သည့်ကိစ္စရပ်များကိုမျှ ဦးစန်းမြင့်ဝင်းနှင့် ဒေါ်ခင်စန္ဒာစည်တို့မှ လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ
ဦးအောင်မျိုးထက်
တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၁၉၁၀)
၀၉–၄၂၀၃၂၉၉၁

အများသိစေရန်အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စွန်ပွင့်ဝေ [၇/တင(နိုင်)၂၄၄၂၂၇]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်သည်မှာ– ဒေါ်စွန်ပွင့်ဝေသည် ၎င်း၏ပတ်ဝန်းကျင်တွင် အေးဆေးစွာ နေထိုင်သူတစ်ဦးဖြစ်ပါသည်။ ယခုအခါ ကျွန်ုပ်မိတ်ဆွေနှင့်ပတ်သက်ပြီး ၎င်း၏ကိုယ်ရေးကိုယ်တာ အချက်အလက်များကို ဖြစ်စေ၊ ဓာတ်ပုံနှင့် ဗီဒီယိုများကိုဖြစ်စေ ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်တစ်စုံတရာ ရယူခြင်းမရှိဘဲ လူမှုကွန်ရက်စာမျက်နှာများဖြစ်သည့် Tiktok, Viber, Telegram, Facebook စသည့် Online ပေါ်တွင်လည်းကောင်း၊ Social Media များပေါ်တွင်လည်းကောင်း၊ ဖုန်းမှတစ်ဆင့်လည်းကောင်း ကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် နှစ်ခံစေမည့် စာသားများ၊ အသရေဖျက်စေမည့် စာသားများ၊ အများသူငှာ ထင်ယောင်ထင်မှားဖြစ်စေသည့် စာသားများအား ရေးသားပေးပို့ခြင်း၊ ဖော်ပြခြင်း၊ ပြောဆိုခြင်းတို့အား မည်သူမဆို လုံးဝ(လုံးဝ) မပြုလုပ်ပါရန် အသိပေးတားမြစ်အပ်ပါသည်။ လိုက်နာခြင်းမရှိဘဲ ရေးသားဖော်ပြခြင်း၊ ပြောဆိုခြင်းများ ဆက်လက်ပြုလုပ်ဆောင်ရွက်ပါက ထိုသို့ ပြုလုပ်သူ မည်သူကိုမဆို တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်စွန်ပွင့်ဝေ [၇/တင (နိုင်) ၂၄၄၂၂၇]၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ညီညီမြင့် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၅၀၃၃)
ဖုန်း– ၀၉–၄၂၀၃၀၂၂၅၅

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

၁ဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၄၁၊ မြေကွက်အမှတ်– ၁၃၇၃၊ မြေကွက်တည်နေရာအမှတ် (၁၃၇၃)၊ ၎ဝါမြို့ငယ်မ။ (၄၁)ရပ်ကွက်၊ ၁ဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးအောင်လှစိန် (KPU– ၀၀၁၄၅၀)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးအောင်လှစိန် (KPU– ၀၀၁၄၅၀) (ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်စောဖြူ [၁၂/ကတဘ(နိုင်)၀၂၁၅၆၂]မှ ၎င်းသည်သာ တရားဝင်အမွေဆက်ခံခွင့်ရှိသည့် တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း၊ ၎င်းမှလွဲ၍ အခြားသောဓနီးမယား တစ်ဦးတစ်ယောက်မျှမရှိ/ပါကြောင်း၎င်းတစ်ဦး တည်းသာ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့် ထောက်ခံကျမ်းကျိန်လွှာ (၂)စောင် သေစာရင်း ၈ရန် နိုင်(ကတ်)၊ အိမ်ထောင်စု လူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထား လာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြဖြစ်မီခံခန့်ခွဲဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

"Exposing Victim Blaming School, Avennora နှင့် Grace TikTok အကောင့်များနှင့် အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဘယသုဒ္ဓိလမ်း၊ အမှတ် (၅၂) နေ့ ဦးသိန်းဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဥပဒေနှင့်အညီ အသိပေးစားဖြစ်ကြောင်း ကြေညာအပ်ပါသည်–

ကျွန်ုပ်မိတ်ဆွေ ဦးသိန်းဝင်းတို့၏ မိသားစုသည် လူမှုရေး၊ စီးပွားရေး လုပ်ငန်းများတွင် ကောင်းသောဝင်းဖြင့် နာမည်ပျက်မှုရှိကောင်းမွန်စွာနေထိုင်သည့် အသိုင်းအဝိုင်းဖြစ်ပါသည်။ သားဖြစ်သူ မောင်လင်းမြတ်သူရိန်သည် (၉–၇–၂၀၀၉) ခုနှစ်တွင် မွေးဖွားပြီး ကလေးသူငယ်ဥပဒေအရ အသက်မပြည့်သေးသည့် ကျောင်းတက်နေသော လူငယ်တစ်ဦးဖြစ်သည်။ ယခုအခါ " Exposing Victim Blaming School Acc နှင့် Avennora Acc များမှ TikTok Acc များဖွင့်လှစ်ပြီး အဆိုပါ အကောင့်များမှ ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ကျွန်ုပ်မိတ်ဆွေသားဖြစ်သူအမည်နှင့် ပုံများကို ခွင့်ပြုချုပ်ရပ်ခဲ့သော အသုံးပြုပြီး ပဟုတ်မမှန်သော စာများရေးပြီး ဂုဏ်သိက္ခာကျဆင်းစေရန် Comment များ မနဲခြင်း၊ ညစ်ညမ်းသောစာသားများပါဝင်သည့် စကားလုံးများဖြင့် TikTok Acc များတွင် ဖြန့်ဝေခဲ့ကြောင်းနှင့် Grace အကောင့်မှ ကျွန်ုပ်မိတ်ဆွေ သားဖြစ်သူအမည်ကို ထပ်တလဲလဲ အသုံးပြုပြောဆိုနေကြောင်း အထောက်အထားများအရ တွေ့ရှိခဲ့ရပါသည်။ TikTok "Exposing Victim Blaming School နှင့် Avennora နှင့် Grace အကောင့်များအပြင် Facebook ၊ Viber နှင့် Telegram Acc များမှလည်း ကျွန်ုပ်မိတ်ဆွေတို့ မိသားစု၏လုပ်ငန်းနယ်ပယ်အသိုင်းအဝိုင်းနှင့် ကျွန်ုပ်မိတ်ဆွေ၏ သားဖြစ်သူ မောင်လင်းမြတ်သူရိန်၏အမည်ကိုသော်လည်းကောင်း၊ ဓာတ်ပုံများကိုသော်လည်း ကောင်း ခွင့်ပြုချုပ်ရပ်ခဲ့ခြင်းများကို ဤသတင်းစာကြေညာပါသည့် နေ့မစ၍ ရပ်တန့်ကရပ်ရန်နှင့် ထိခိုက်နစ်နာစေမည့်ပြုလုပ်မှုများ ပြောဆိုမှုများ ထပ်မံကျူးလွန်မည်ဆိုပါက ပါဝင်ပတ်သက်သူ မည်သူကို မဆိုစုံစမ်းဖော်ထုတ်ပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆက်လက် မပြုလုပ်ရန် အသိပေးတားမြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မောင်လင်းမြတ်သူရိန်၏ ဖခင် ဦးသိန်းဝင်း လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်စုစန်ဖြိုင်လွင် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၄၅၆၇)
၀၉–၆၉၆၀၁၅၂၅

လုပ်ငန်းအမှတ်တံဆိပ် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၇/အရှေ့ရပ်ကွက်၊ အောင်သဒြေအရှေ့ ၃ လမ်း၊ အမှတ်-၃၀ ခေ နေ ဒေါ်ခင်ဖြူဖြူအောင်က [၁၂/သကတ(နိုင်)၀၆၄၀၉၁] သည် အောက်ဖော်ပြပါလုပ်ငန်းအမှတ်တံဆိပ်အား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးနှိုင်းဌာန၊ မူပိုင်ခွင့် ဦးစီးဌာနတွင် လုပ်ငန်းအမှတ်တံဆိပ်လျှောက်ထားပြီးဖြစ်ပါသည်–



စာချုပ်အမှတ် (၄/၄၅၄၄/၂၀၂၃)နှင့်
e-Filing Reference WFT2026088536

အထက်ဖော်ပြပါ **"ပန်းသာတင်း"** ဟူသောစကားရပ်နှင့်ယှဉ်တွဲ ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်ကို ပါတိတ်၊ ပိုးထည်၊ ချည်ထည်၊ အထည်အလိပ်နှင့် အဝတ်အထည်အရောင်းဆိုင်လုပ်ငန်း၏ လုပ်ငန်းအမှတ်တံဆိပ် အမည် အမှတ်အသား အဖြစ် အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားနှင့် စာလုံးဒီဇိုင်းပုံ တံဆိပ်များ၊ အမှတ်အသားများကို တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား၊ တုပုပြု လုပ်သုံးစွဲခြင်းများ မပြုကြရန်နှင့် အကယ်၍ ထိုသို့ပြုလုပ်ပါက တည်ဆဲ ဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

ဒေါ်ခင်ဖြူဖြူအောင် [၁၂/သကတ(နိုင်)၀၆၄၀၉၁]၏ လွှဲအပ်ချက်အရ–
ဦးဘုရဝင်း (B.A, B.Sc. (Hons), DBL(Credit), PGDL, LL.B (Q), LL.M (Commercial Law), (WIPO) (Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၅၆)
အမှတ် (၂၇)၊ အောင်သဒြေအရှေ့ (၁)လမ်း၊
၇-အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်။
ဖုန်း-၀၉-၅၂၀-၃၇၃၇၊ ၀၉-၄၂၀၁၈၄၆၅၅ ၊ ၀၉-၇၇၇၇၉၄၀၉

အများသိစေရန်ကြေညာခြင်း

